# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**လောကကို မင်္ဂလာရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မင်္ဂလာရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် | ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်၊ အင်္ဂါနေ့ | အတွဲ(၆၆)၊ အမှတ်(၀၂၇)




## သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)တွင်

## နေပြည်တော်ကောင်စီနယ်မြေရှိ ဘုရားစေတီများ၌ ကောင်းမှုကုသိုလ်ပြုလုပ်သူများဖြင့် စည်ကား

နေပြည်တော် အောက်တိုဘာ ၂၆

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ် သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)ဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ အလှူဒါနပြုခြင်း၊ သီလဆောက်တည်ခြင်းနှင့် တရားဘာဝနာပွားများခြင်းစသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ တန်ခိုးကြီး ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း ဗုဒ္ဓဘာသာထုံးတမ်းအစဉ်အလာနှင့်အညီ ကုသိုလ်ကောင်းမှုပြုလုပ်၍ သီတင်းသီလဆောက်တည်ကြသူ ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားခဲ့သည်။

စာမျက်နှာ ၄ ကော်လံ ၁ ✻

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ တော်ဝင်ယာဉ်လိုင်းနှင့် ရာဇာမင်း EV ယာဉ်များဖြင့် နှစ်ရက်တာအခမဲ့ပို့ဆောင်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၆

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) မင်္ဂလာအခါသမယတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုရားဖူးပြည်သူ ရဟန်းရှင်လူအပေါင်းတို့ စိတ်အေးချမ်းသာစွာ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုနိုင်စေရန်နှင့် ခရီးသွားလာရေး လွယ်ကူချောမွေ့စေရန်အတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ စီစဉ်မှုဖြင့် တော်ဝင်ယာဉ်လိုင်း ရှစ်စီးနှင့် ရာဇာမင်း EV ယာဉ်တစ်စီးတို့ဖြင့် အောက်တိုဘာ ၂၆ ရက်မှ ၂၇ ရက်အထိ နှစ်ရက်တိုင်တိုင် အသွားအပြန် အခမဲ့ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အခမဲ့ပြေးဆွဲပေးမည့် ခရီးစဉ်များကို နံနက်ပိုင်းနှင့် ညနေ တစ်ခေါက်စီနှုန်းဖြင့် လမ်းကြောင်း(၁)အဖြစ် ဘောဂသိရိကားဝင်း၊

စာမျက်နှာ ၃ ကော်လံ ၁ ○



## ယနေ့ ဖတ်စရာ

**သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြား** ပြည်တွင်းသတင်း စာ ၅

**၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲများ ဆက်လက်ကျင်းပ** ပြည်တွင်းသတင်း စာ ၈

## ဆိုင်ကလုန်းမုန်တိုင်း ၄၈ နာရီအတွင်း အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်နှင့် ရနမ်ကမ်းခြေတို့ကို ဖြတ်ကျော်နိုင်




နေပြည်တော် အောက်တိုဘာ ၂၆

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "အာနဘ်"သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၃၁၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ အရှေ့-အရှေ့ တောင်ဘက်

စာမျက်နှာ ၃ ကော်လံ ၄ ◆

## မန္တလေးမြို့၌ မြန်မာ့ရိုးရာ သီတင်းကျွတ် ဆီမီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

မန္တလေး အောက်တိုဘာ ၂၆

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကာ တိုင်းဒေသကြီးအတွင်းရှိ အထင်ကရနေရာများ၌ "သာယာလှပ သီတင်းကျွတ်ည ပျော်ရွှင်ဆင်နွှဲ ဆီမီးထွန်းပွဲ" အခမ်းအနားကို သီတင်းကျွတ်လပြည့် ယနေ့ ညနေ ၆ နာရီမှစတင်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

မန္တလေးမြို့၌ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုနှင့်အညီ သီတင်းကျွတ်ဆီမီးထွန်းပွဲတော်ကို ၂၆ လမ်း x ၆၆ လမ်းမှ ၇၃ လမ်းအထိ အများပြည်သူများ ပါဝင်ဆင်နွှဲနိုင်စေရန် အလှမီးပန်းများ၊ ရောင်စုံမီးပုံးများ စီစဉ်ထားရှိပြီး ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်ကာ နိုင်ငံကျော်သရုပ်ဆောင်၊ အဆိုတော်များ၊ Dancer အဖွဲ့များ၊ DJ အကအဖွဲ့များ၊ တီးဝိုင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❑



# ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများ ကြည့်ရှုအားပေး

**နေပြည်တော်  အောက်တိုဘာ  ၂၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁၌ ကျင်းပလျက်ရှိသည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲများသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ၊ အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

### ကြည့်ရှုအားပေး

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ရှိ နီလာခန်းမ၌ ကျင်းပလျက်ရှိသည့် "ရုပ်သေးကြိုးဆွဲ"ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသမီးပြိုင်ပွဲဝင်များက မင်းသားနှင့် မင်းသမီးကြိုးဆွဲ ရုပ်သေးရုပ်တို့ဖြင့် ကကြိုးကကွက် စုံလင်စွာ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။ **(အပေါ်ယာပုံ)**





ထို့နောက် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ရှိ မြခန်းမ၌ ကျင်းပလျက်ရှိသည့် "ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲဝင်များက ဓမ္မစကြာ(ဒေါ်ကြည်အောင်) သီချင်းဖြင့် သီဆိုယှဉ်ပြိုင်နေမှုများကို ဆက်လက်ကြည့်ရှုအားပေးသည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲအမျိုးအစားများအလိုက် သတ်မှတ်ထားသည့် နေရာအသီးသီးတွင် ခမ်းနားထည်ဝါစွာ ကျင်းပပြုလုပ်လျက်ရှိပြီး ယနေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ရှိ နီလာခန်းမ၌ ရုပ်သေးကြိုးဆွဲ ပြိုင်ပွဲအဖြစ် ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲနှင့် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ၊ မြခန်းမ၌ကာလပေါ် တေးသီချင်းအဆိုပြိုင်ပွဲအဖြစ် ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲနှင့် ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတို့ကို ကျင်းပခဲ့ကြပြီး ပြိုင်ပွဲဝင်များက အနုသုခုမ ရသမြောက်စွာယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော်  အောက်တိုဘာ  ၂၆**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ Polytechnic University၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များ၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့ ဆက်လက်ကျင်းပသည်။

အားကစားပြိုင်ပွဲများ ကျင်းပနေမှုကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာဆရာမများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များ၊ အုပ်ချုပ်သူနည်းပြများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ ကြည့်ရှုအားပေးပြီး ကျောင်းသားအားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကြသည်။

ယနေ့အားကစားပြိုင်ပွဲများအဖြစ် အမျိုးသားဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖူဆယ်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ *ရွှေဖုံးမှ*

နှင်းဆီပန်းအဝိုင်း၊ ရွှေညောင်ပင်ဂိတ်၊ နေပြည်တော်ကောင်စီရုံးရှေ့၊ ဇမ္ဗူသီရိဆေးရုံရှေ့၊ စည်ပင်ညှော့ရိပ်သာ (၁/၂)ရှေ့၊ သပြေကုန်းအဝိုင်း၊ ပရဆေးဥယျာဉ်၊ မြို့မဈေး၊ သုခတော်ဝင်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ NSA၊ ဉာဏသိဒ္ဓိရပ်ကွက်၊ ဘိုးဘွားရိပ်သာမှ မာရဝိဇယဘုရားအထိ ဖြစ်သည်။

လမ်းကြောင်း (၂) အဖြစ် လယ်ဝေးမြို့၊ အောင်ဇေယျတြိဂံလမ်းဆုံ၊ လယ်ဝေးအားကစားကွင်း၊ ရွှေအင်ကြင်း၊ ဒက္ခိဏသီရိဈေး၊ ကံ့ကော်ပန်းအဝိုင်း၊ Excel Capital လမ်းဆုံ၊ တုံ့ဂပ္ပူရိလမ်းဆုံ၊ Junction Center၊ အဆင့်မြင့်ဈေး၊ ခုတင် (၁၀၀၀) ဆေးရုံ၊ မြို့မဈေး၊ သုခတော်ဝင်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်၊ နည်းပညာတက္ကသိုလ်မှ မာရဝိဇယဘုရားအထိ ဖြစ်သည်။

လမ်းကြောင်း (၃) အဖြစ် သိုက်ချောင်းလမ်းဆုံ၊ တိရစ္ဆာန်ဥယျာဉ်၊ ရေဆင်းကျေးရွာ၊ ပင်လောင်းလမ်းဆုံ၊ လေ့ခွင်းတောင်လမ်းခွဲ၊ ကျောက်ချက်၊ ဘောဂသီရိကားဝင်း၊ နှင်းဆီပန်းအဝိုင်း၊ ရွှေညောင်ပင်ဂိတ်၊ နေပြည်တော် ကောင်စီရုံးရှေ့၊ ဇမ္ဗူသီရိဆေးရုံ၊ စည်ပင်ညှော့ရိပ်သာ (၁/၂)ရှေ့၊ သပြေကုန်းအဝိုင်း၊ ပရဆေးဥယျာဉ်၊ မြို့မဈေး၊ သုခတော်ဝင်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ NSA၊ ဉာဏသိဒ္ဓိရပ်ကွက်၊ ဘိုးဘွားရိပ်သာမှ မာရဝိဇယဘုရားအထိဖြစ်သည်။

လမ်းကြောင်း (၄) အဖြစ် သိုက်ချောင်းလမ်းဆုံ၊ ခုတင် (၁၀၀) ဆေးရုံ၊ ကျည်တောင်ကန်လမ်းဆုံ၊ နေပြည်တော်ဘူတာကြီး၊ NSPU၊ အင်ကြင်းပန်းအဝိုင်း၊ ပတ္တာရဲစခန်းရှေ့၊ ကုမုဒြာကြာပန်းအဝိုင်း၊ စည်ပင်အိမ်ရာ၊ သပြေကုန်းအဝိုင်း၊ ပရဆေးဥယျာဉ်၊ မြို့မဈေး၊ သုခတော်ဝင်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ NSA၊ ဉာဏသိဒ္ဓိရပ်ကွက်၊ ဘိုးဘွားရိပ်သာမှ မာရဝိဇယဘုရားအထိ ပြေးဆွဲပေးလျက်ရှိသည်။

ယခုကဲ့သို့ အဘိဓမ္မာအခါတော်နေ့ သီတင်းကျွတ်ရုံးပိတ်ရက်များအတွင်း လျှပ်စစ် EV ယာဉ်များနှင့် ခေတ်မီယာဉ်လိုင်းများဖြင့် အခမဲ့ ပြေးဆွဲပေးခြင်းကြောင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများသို့ သွားရောက် ဖူးမြော်လိုကြသည့် ဘုရားဖူးပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုများအတွက် ခရီးစရိတ်သက်သာစွာ စိတ်အေးချမ်းသာစွာ သွားရောက်ဖူးမြော်နိုင်ကြမည် ဖြစ်ကြောင်း သိရသည်။



**သျှင်ဦးမောင်(ဒက္ခိဏ)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

◆ *ရှေ့ဖုံးမှ*

ရေမိုင် ၃၁၀ ခန့်နှင့် ကာကီနာဒါမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၃၅၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**ဆိုင်ကလုန်းမုန်တိုင်း"အာနာဘ်"၏ တည်နေရာ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်" သည် ညနေ ၃ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၅ ဒသမ ၄ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၈ ဒသမ ၂ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်နှုန်းခန့်ဖြစ်သည်။

**နောက် ၄၈ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါဆိုင်ကလုန်းမုန်တိုင်း"အာနာဘ်" သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၌ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၂၇ ရက်တွင် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်ပြီး ထိုမှတစ်ဆင့် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ အောက်တိုဘာ ၂၈ ရက်နေ့လယ်ပိုင်းတွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်နှင့် ရနမ်ကမ်းခြေတို့ကို ဘပတ်လမြို့နှင့် ဗီဆာကာပတ္တနမ်မြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်" ၏ အရှိန်ကြောင့် ယနေ့ညနေမှ အောက်တိုဘာ ၂၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း"အာနာဘ်"၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှု အန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

** ရွှေဖုံးမှ*

နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ နေရောင်ပြအင်းစေတီတော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်စေတီတော်၊ ပျဉ်းမနားဘုရားကိုးဆူစေတီတော်၊ ဆုတောင်းရဆုတောင်းပြည့်စေတီတော်၊ ဥတ္တရသီရိမြို့နယ်ရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ကြီးနှင့် "ဖွား၊ ပွင့်၊ ဟော၊ စံ" သံဝေဇနိယ(၄)ဌာနအပါအဝင် ဘုရား၊ စေတီ၊ ပုထိုးများတွင် ဘုရားဖူးများဖြင့် စည်ကားခဲ့ပြီး ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ခြင်းတို့ဖြင့် ပြည်သူများ ကုသိုလ်ကောင်းမှုပြုလုပ်လျက်ရှိသည်ကို တွေ့မြင်ရသည်။

ညပိုင်းတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးရဟန်း၊ ရှင်လူပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋီတိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒာကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ သဒ္ဓါဓိပတိခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီတော်များအပါအဝင် ဘာသာရေးဆိုင်ရာအဆောက်အအုံများနှင့် ဥယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်းနှင့် ဝါကျွတ်ကာလအခါသမယအဖြစ် ပရိတ်၊ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီးထွန်းညှိပူဇော်ခြင်းနှင့် မီးပုံးပျံငယ်များလွှတ်တင်ပူဇော်ခြင်းတို့ဖြင့် ကုသိုလ်ယူကြသည်။

ထို့အတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌လည်း နံနက်ပိုင်းမှစတင်၍ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အခမ်းအနားများကို ကျင်းပရာ စိတ်အေးချမ်းသာစွာဖြင့် ပါဝင်ကုသိုလ်ယူပြီး သီတင်းသီလဆောက်တည်ကြသည့် နေပြည်တော်နှင့် ပတ်ဝန်းကျင်မြို့နယ်၊ ကျေးရွာများမှ ဘုရားဖူးလာပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားခဲ့ပြီး ညပိုင်းတွင် စေတီတော်ရင်ပြင်၌ ဆီမီးများ ထွန်းညှိပူဇော်ကြသည်။

အလားတူ နေပြည်တော်ရှိ Ocean Super Center၊ Junction Center၊ Naypyitaw Wholesale တို့တွင် ဈေးဝယ်ကြသူများနှင့် မင်္ဂလာကန်တော်၊ မင်္ဂလာရှမ်းကန်၊ နေပြည်တော် ရေပန်းဥယျာဉ်နှင့် နေပြည်တော်၏ အထင်ကရနေရာများတွင် LED မီးရောင်စုံများဖြင့် အလှဆင်ထားရာ အပန်းဖြေလာရောက်ကြသူများဖြင့် စည်ကားခဲ့သည်။

ထို့ပြင် မြို့နယ်ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီများနှင့်နေအိမ်များ၌ မြတ်စွာဘုရားရှင်အား ရည်စူး၍ ဆီမီးနှင့်မီးရောင်စုံ ထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံငယ်များ လွှတ်တင်ပူဇော်ခြင်းများ၊ မိဘများနှင့် သက်ကြီးဝါကြီး၊ ဆရာသမားများကို လိုက်လံကန်တော့ခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။

အထူးအစီအစဉ်အဖြစ် သီတင်းကျွတ်အခါသမယနေ့ထူးနေ့မြတ်ရက်များအတွင်း နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြမည့် ရဟန်း ရှင်လူ မိဘပြည်သူများ ခရီးလမ်းချောမွေ့အဆင်ပြေစေရေးအတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီက ပျဉ်းမနားမြို့ ဘောဂသီရိကားကွင်းမှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ တော်ဝင်ယာဉ်လိုင်းနှင့် ရာဇာမင်း EV ယာဉ်တို့ဖြင့် နှစ်ရက်တိုင်တိုင် အခမဲ့ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်**
**ဓာတ်ပုံ-ပြည့်စုံအောင်**



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။



နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဓာတုစယစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကျောက်စာရုံစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။

*❑ ရွှေဖုံးမှ*

သီတင်းကျွတ်ဆီမီးထွန်းပွဲတော်ကို အစဉ်အလာမပျက် နှစ်စဉ်နှစ်တိုင်းကျင်းပခဲ့ရာ ယခုနှစ်တွင် ထူးခြားသည့်အစီအစဉ်ဖြစ်သည့် ဆီမီးအလှဘုရားကားများဖြင့် မန္တလေးမြို့နေရာအနှံ့ အပူဇော်ခံသွားမည်ဖြစ်သည်။ ပွဲတော်ကို လာရောက်ဆင်နွှဲကြမည့် မိဘပြည်သူများအား တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ စုစုပေါင်း ၂၈ ခုမှ စတုဒိသာမဏ္ဍပ် ၁၂ နေရာတို့၌ အစားအသောက်များ ကျွေးမွေးဧည့်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စုစုပေါင်း ၂၂ မြို့နယ်ရှိ အထင်ကရနေရာစုစုပေါင်း ၁၁၆ နေရာတို့တွင် သီတင်းကျွတ်ဆီမီးထွန်းပွဲတော်ကို တစ်ပြိုက်နက်တည်း ကျင်းပဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

ပညာရွှေအိုး လူမခိုး။

ပညာမြင့်မှ လူမျိုးတင့်မည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြား

**ရန်ကုန် အောက်တိုဘာ ၂၆**

ယနေ့သည် ၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ ဆွမ်းတော်ကြီးကပ်လှူပွဲ၊ အဘိဓမ္မာအခါတော်နေ့ အခမ်းအနား၊ ဝါတွင်းသီလခံယူပွဲနှင့် ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲတော်(အောင်ပွဲ) ရေစက်ချအခမ်းအနားတို့ကို ယနေ့နံနက်ပိုင်းတွင် စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများတွင် ကျင်းပကြသည်။

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဗုဒ္ဓရုပ်ပွားတော်များအား အရုဏ်တက်ချိန်တွင် ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများကို ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များနှင့် ဝန်ထမ်းများက ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များနှင့် ဝန်ထမ်းများက အဘိဓမ္မာအခါတော်နေ့ဆိုင်ရာ သိမှတ်ဖွယ်ရာ အမေးအဖြေများ ပြုလုပ်ခြင်း၊ ဓမ္မဒေသနာတော်များ စုပေါင်းရွတ်ဆိုခြင်း၊ ဆုတောင်းအမျှဝေသာဓုခေါ်ဆိုခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ဆက်လက်၍ ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲတော်များ (အောင်ပွဲ) နှင့် ရေစက်ချအခမ်းအနားကို ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ၌ ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်နှင့် အရှေ့၊ အနောက်၊ တောင်၊ မြောက် စောင်းတန်းလေးသွယ်၌ ဘုရားဖူးလာပြည်သူများဖြင့် ကြိတ်ကြိတ်တိုး အထူးစည်ကားလျက်ရှိပြီး အလှူရှင်များက စတုဒိသာအဖြစ် ရေသန့်၊ အချိုရည်၊ ပေါင်မုန့်များ လှူဒါန်းကြသည်။

ညပိုင်းတွင် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများသည် ရွှေတိဂုံစေတီတော်ပတ်လည်ရှိ ဆီမီးခုံများ၌ ဆီမီးများ ထွန်းညှိပူဇော်ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့တို့က ကြီးမှူး၍ နံနက်ပိုင်းတွင် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အဘိဓမ္မာ ခုနစ်ကျမ်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကိုလည်းကောင်း၊ ညပိုင်းတွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ဆက်ကပ်ပွဲကို လည်းကောင်း ကျင်းပခဲ့သည်။

ထို့ပြင် မဟာဝိဇယစေတီတော်၊ ဆူးလေစေတီတော်၊ ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ သမိုင်းဝင် မဟာဓမ္မရံသီအိမ်တော်ရာ စေတီတော်၊ ရှေးဟောင်းသမိုင်းဝင် အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်း စေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ရွှေဘုန်းပွင့်စေတီတော်နှင့် ဆုတောင်းပြည့် မယ်လမု စေတီတို့တွင်လည်း ဂေါပကအဖွဲ့များက ကြီးမှူး၍ စေတီတော်နှင့်ဘုရားရုပ်ပွားတော်များအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ဖြင့် ကပ်လှူပူဇော်ခြင်း၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက အဘိဓမ္မာ အခါတော်နေ့ဆိုင်ရာ သိမှတ်ဖွယ်ရာ အမေးအဖြေများ ပြုလုပ်ခြင်း၊ ဓမ္မဒေသနာတော်များ စုပေါင်းရွတ်ဆိုခြင်း၊ ဆုတောင်းအမျှဝေသာဓုခေါ်ဆိုခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ဇော်မင်းလတ်(MNA)**
**ဓာတ်ပုံ – ကိုကိုဇော်**



သီတင်းကျွတ်လပြည့် (အဘိဓမ္မာ အခါတော်နေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ကုသိုလ်ကောင်းမှုပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိစဉ်။



သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ကုသိုလ်ကောင်းမှုပြုကြသူ ဘုရားဖူးလာပြည်သူများအား တွေ့ရစဉ်။



သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၌ ကုသိုလ်ကောင်းမှုပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိစဉ်။

## အပူဒဏ်အန္တရာယ် ကာကွယ်ရေး

ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်း အချိန်တွင် အရိပ်ရ အေးမြ၍ လေဝင်လေထွက် ကောင်းသော နေရာများတွင် နားနေပါ။

## ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး၌ သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကျင်းပ



**သံဖြူဇရပ် အောက်တိုဘာ ၂၆**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ် ဘုရားကြီး သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျိုက္ခမီ ရေလယ်ဆံတော်ရှင်မြတ် ဘုရားကြီးကုန်းတော်ပေါ်ရှိ သာသနာ့ဗိမာန်ခန်းမဆောင်၌ ပြုလုပ်ရာ အေးရိပ်သာမဟာစည် မန္တလေးကျောင်းတိုက် ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဝိသုတာစာရက ငါးပါးသီလနှင့် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ချီးမြှင့်ကြပြီး ဆရာတော် သံဃာတော်များအား မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးသက်ထွေးနှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဒုတိယ ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် အလှူရှင်များက နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထု အစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့မှစ၍ လပြည့်ကျော် ၅ ရက်အထိ နှစ်စဉ်ကျင်းပလျက်ရှိရာ လပြည့်နေ့ နံနက်တွင် ဆွမ်းအိုးမျှောပွဲ(ဝဲပုံ) နှင့် လပြည့်ကျော် ၅ ရက်နေ့အထိ ဇာတ်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် အနယ်နယ်အရပ်ရပ်မှ ဘုရားပွဲလာ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အခွန်ဆိုင်ရာ အယူခံခြင်းမှသည် တရားမျှတမှုဆီသို့

**အခွန်ငွေများကို မှန်မှန်ကန်ကန် အပြည့်အဝကောက်ခံရရှိရေးသည် နိုင်ငံတော်၏ အများပြည်သူဆိုင်ရာ အသုံးစရိတ်များ၊ အခြေခံအဆောက်အအုံများ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန်အတွက် အခြေခံအုတ်မြစ်တစ်ရပ် ဖြစ်ပေသည်။**

ဒေါက်တာအိလှိုင်းသက်ဇာ

၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က **“အခွန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေသူများ၊ ပြည်သူများအနေဖြင့် အခွန်ငွေများကို ထမ်းဆောင်ကြပြီး နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါ အခွန်ထမ်းငွေများဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အဆိုပါ အခွန်ထမ်းငွေများကို နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်သည့်နေရာများတွင် အကျိုးရှိရှိ အသုံးချကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခွန်ငွေများကို ထိထိရောက်ရောက် အသုံးချရာတွင် အခွန်ထမ်းပြည်သူများ၏ မျက်နှာကို ကြည့်ရန်လိုကြောင်း”** လမ်းညွှန်မှာကြားခဲ့ပါသည်။ အခွန်ငွေနှင့် စပ်လျဉ်း၍ နိုင်ငံသား၊ အခွန်ထမ်းများ၏ အခန်းကဏ္ဍကိုလည်း အလေးအနက်ထား ထည့်သွင်းစဉ်းစားကြရန် မိန့်ကြားခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံတော်ဘက်မှ ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေများ ရရှိရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ စနစ်တကျစည်းကြပ်ကောက်ခံပြီး လိုအပ်သောနေရာများတွင် အကျိုးရှိရှိအသုံးချရန် လိုအပ်သကဲ့သို့ အခွန်ထမ်းများဘက်တွင်လည်း မိမိပေးဆောင်ရမည့် အခွန်များနှင့်စပ်လျဉ်း၍ မှန်ကန်စွာနားလည်သိရှိနိုင်ခွင့်၊ ပေးဆောင်လိုက်ရသည့် အခွန်အပေါ် ကျေနပ်လက်ခံခွင့်၊ ကျေနပ်မှုမရှိပါက ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် ပွင့်လင်းမြင်သာသော အယူခံပိုင်ခွင့်တို့ရရှိရန် လိုအပ်မည်ဖြစ်ပါသည်။

အခွန်အကောက်ဆိုင်ရာ ဥပဒေများနှင့်အညီ အခွန်စည်းကြပ်ကောက်ခံရာတွင် အခွန်ကောက်ခံသူ ဌာန၊ အဖွဲ့အစည်းများနှင့် နိုင်ငံသား၊ အခွန်ထမ်းတို့အကြား နားလည်မှုလွဲမှားခြင်းများ၊ အခွန်စည်းကြပ်မှုနှင့်ပတ်သက်၍ အယူအဆသဘောထားကွဲလွဲမှုများ၊ ပို့ကုန်သွင်းကုန် သတ်မှတ်ချက်များအပေါ် အငြင်းပွားမှုများ ဖြစ်ပေါ်လာနိုင်သည်။ ထိုအငြင်းပွားမှုများကို ဥပဒေနှင့်အညီ မှန်ကန်မျှတစွာ ဖြေရှင်းပေးနိုင်သည့် ကောင်းမွန်သော အခွန်အယူခံစနစ်တစ်ရပ် ခိုင်မာစွာတည်ဆောက်နိုင်ရန် လိုအပ်ပါသည်။ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် မြန်မာနိုင်ငံတွင် အစိုးရအဆက်ဆက်က ခေတ်စနစ်နှင့်အညီ အခွန်အယူခံရုံးများကို ဖွဲ့စည်းတည်ထောင်ပြီး အခွန်ထမ်းတို့၏ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်များ ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းကို ပြန်လည်တင်ပြလိုပါသည်။

**အခွန်အယူခံခုံအဖွဲ့၏နောက်ခံသမိုင်း**

အခွန်အယူခံခြင်းနှင့် စပ်လျဉ်း၍ ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံအမြတ်တော်ခွန် (ပြင်ဆင်ချက်) အက်ဥပဒေ ပုဒ်မ ၅-က အရ ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် သုံးဦးတို့ဖြင့် အမြတ်တော်ခွန်အယူခံခုံရုံးကို စတင်ဖွဲ့စည်းပြီး အမြတ်ခွန်အယူခံမှုများကို ကြားနာစစ်ဆေးစီရင် ဆုံးဖြတ်ခဲ့ပါသည်။ တော်လှန်ရေးကောင်စီအစိုးရလက်ထက် (၁-၁၀-၁၉၇၂) ရက်နေ့မှစ၍ ခုံအဖွဲ့ ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် လေးဦးဖြင့် အခွန်အယူခံခုံအဖွဲ့ကို ဖွဲ့စည်းပြီး အမြတ်ခွန် အယူခံမှုများသာမက အကောက်ခွန်၊ ယစ်မျိုးခွန်၊ တံဆိပ်ခေါင်းခွန်၊ ဟော်တယ်နှင့် ပျော်ပွဲစားရုံခွန်၊ ပွဲခွန်စသော အခွန်အကောက်ဆိုင်ရာ အမှုများနှင့် စပ်လျဉ်းသည့် အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုနှင့် တရားရုံးချုပ်သို့ လွှဲအပ်ပေးရန် လျှောက်ထားသည့် လွှဲအပ်မှုများကို ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ခဲ့ပါသည်။ ယခင် အမြတ်ခွန် အယူခံခုံရုံးကို အခွန်အယူခံ ခုံအဖွဲ့ဟူ၍ ပြောင်းလဲသတ်မှတ် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

**“ အခွန်အယူခံခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးတို့သည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့်အဖွဲ့အစည်း၊ ဌာနများဖြစ်သည်နှင့်အညီ အဂတိလိုက်စားမှု အန္တရာယ်များ ပေါ်ပေါက်မှုမရှိစေရန် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနည်းလမ်းများကို စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ “ယုံကြည် မျှတ မှန်ကန် အခွန်အယူခံ”ဟူသော ဆောင်ပုဒ်နှင့်အညီ အဂတိတရားကင်းစင်သော အဖွဲ့အစည်း၊ ဌာနအဖြစ် အခိုင်အမာရပ်တည် ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံသားနှင့် အခွန်ထမ်းများ၏ အယူခံပိုင်ခွင့်၊ ခုခံချေပခွင့်များကို အပြည့်အဝရရှိစေပြီး မှန်ကန်မျှတ၍ ဘက်လိုက်မှုမရှိဘဲ ကြားနာဆုံးဖြတ်ပေးနိုင်သော အခွန်အယူခံခုံအဖွဲ့၏ အစဉ်အလာကောင်းတစ်ရပ်ကို ချမှတ်ထူထောင်နိုင်ခဲ့ခြင်းပင်ဖြစ် ”**

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင် ၁၉၇၆ ခုနှစ်၊ အမြတ်ခွန်ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဃ) အရ ဝန်ကြီးအဖွဲ့၏ (၁၁-၁၂-၁၉၇၆) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂)ဖြင့် လည်းကောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ (၂၈-၇-၁၉၈၉) ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၆/၈၉)ဖြင့် လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ (၃၁-၅-၂၀၁၇) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၁၇) ဖြင့်လည်းကောင်း အခွန် အယူခံခုံအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်၍ အမှုများအား ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့ကြပါသည်။

**အခွန်အယူခံခုံအဖွဲ့ဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းခြင်း**

နိုင်ငံတော်အနေဖြင့် ထိရောက်သည့် အခွန်စီမံခန့်ခွဲမှုယန္တရားတစ်ရပ် အခိုင်အမာဖြစ်ပေါ်လာရန် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံသား၊ အခွန်ထမ်းများအနေဖြင့် ဥပဒေနှင့်အညီ အခွန်ငွေများ ပေးဆောင်ရာ၌ တန်းတူညီမျှမှုနှင့် တရားမျှတမှု အခွင့်အရေးများရရှိစေရေးအတွက် လည်းကောင်း၊ ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် ပွင့်လင်းမြင်သာသော အယူခံပိုင်ခွင့်များ ရရှိစေရေး အတွက်လည်းကောင်း ပွင့်လင်းမြင်သာသည့် အခွန်အယူခံစနစ်တစ်ရပ်ကို ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရန် လိုအပ်လာပါသည်။ သို့ဖြစ်၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းလာသောအခါ ပုဒ်မ ၉၆ ကို ရည်ညွှန်းလျက် ဇယား (၁) တွင် ဖော်ပြထားသည့် ပြည်ထောင်စုဥပဒေပြုစာရင်း အပိုဒ် ၃၊ အပိုဒ်ခွဲ (ဍ) ပါ “အခွန် အယူခံခြင်း” ဟူသော ပြဋ္ဌာန်းချက်နှင့်အညီ အခွန်အယူခံခုံအဖွဲ့ ဥပဒေကို (၁-၈-၂၀၁၈) ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - ၂၃ ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

ထိုသို့အတည်ပြုပြဋ္ဌာန်းခဲ့သည့် အခွန်အယူခံခုံအဖွဲ့ဥပဒေနှင့်အညီ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဥပဒေပြဋ္ဌာန်းချက်များ၌ ဖော်ပြထားသော ပြည်ထောင်စုဝန်ကြီးဌာန အမည်အား ပြင်ဆင်ရန် လိုအပ်ခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုချက် အချို့ကို ပိုမိုပြည့်စုံစေရေးအတွက် ဖြည့်စွက်ရန် လိုအပ်ခြင်း၊ ခုံအဖွဲ့ ဖွဲ့စည်းတာဝန် ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ခြင်း၊ ခုံအဖွဲ့၏ လုပ်ပိုင်ခွင့်များတွင် အရေးပါဆုံးဖြစ်သည့် စီရင်ဆုံးဖြတ်ပိုင်ခွင့်ကို ပိုမိုပြည့်စုံစေရေးအတွက် ဖြည့်စွက်ရန် လိုအပ်ခြင်း၊ စကားရပ်အချို့နှင့် စပ်လျဉ်း၍ ဥပဒေနှင့် နည်းဥပဒေတို့တွင် ညီညွတ်မှုဖြစ်စေရေးအတွက် ပြင်ဆင်ရန်လိုအပ်ခြင်း၊ အခွန်အယူခံခုံအဖွဲ့၏ ဆောင်ရွက်ချက်များသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည်ကို ရှင်းလင်းစွာပေါ်လွင်စေရေးအတွက် ပြင်ဆင်ရန် လိုအပ်လာခြင်းတို့ကြောင့် ယင်းဥပဒေကို ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးအတွက် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ခဲ့ကြပါသည်။ ထို့နောက် **အခွန်အယူခံခုံအဖွဲ့ ဥပဒေကိုပြင်ဆင်သည့်ဥပဒေကို** (၂၆-၂-၂၀၂၆) ရက်နေ့တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဥပဒေအမှတ် ၉/၂၀၂၆ ဖြင့် အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

ယခင် အခွန်အယူခံခုံအဖွဲ့ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများကို (၂၇-၉-၂၀၁၉) ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၊ ၃၄၁/၂၀၁၉ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ ထိုကဲ့သို့ ထုတ်ပြန်ခဲ့သည့် အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများအား (၄-၅-၂၀၂၁) ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၂၁ ဖြင့် ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၆ ခုနှစ်တွင် အခွန်အယူခံခုံအဖွဲ့ဥပဒေကို ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းပြီး ဖြစ်၍ ပြင်ဆင်သည့် ဥပဒေနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အခွန်အယူခံ ခုံအဖွဲ့နည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

**ခုံအဖွဲ့၏အခန်းကဏ္ဍနှင့် ဆောင်ရွက်ချက်များ**

အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၄ အရ ခုံအဖွဲ့ကို ဖွဲ့စည်းရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သော ပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ဥပဒေ၊ အခွန်၊ စာရင်းကိုင်၊ စာရင်းစစ်တို့နှင့်သက်ဆိုင်သည့် နယ်ပယ်များတွင် ညွှန်ကြားရေးမှူးအဆင့်နှင့် အထက်ရာထူးရှိပြီး အရာထမ်းလုပ်သက် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ် အစိုးရအဖွဲ့က ကျွမ်းကျင်ပညာရှင်အဖြစ် ရွေးချယ်သတ်မှတ်သူ အဖွဲ့ဝင်များ စုစုပေါင်း ငါးဦးမှ ကိုးဦးအထိ ပါဝင်သည့် ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် ဖြစ်ပါသည်။ ၂၂-၆-၂၀၂၀ ရက်နေ့မှ ၂၁-၆-၂၀၂၅ ရက်နေ့အထိ အခွန်အယူခံခုံအဖွဲ့၏ ပထမသက်တမ်းကုန်လွန်ခဲ့ပြီးနောက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၀-၆-၂၀၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၂/၂၀၂၅ ဖြင့် ထပ်မံဖွဲ့စည်းတာဝန်ပေးအပ်ချက်အရ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ခုနစ်ဦး ပါဝင်သော ခုံအဖွဲ့သည် လက်ရှိ အခွန်အယူခံခုံအဖွဲ့၏တာဝန်များကို ဒုတိယသက်တမ်းအဖြစ် ဆက်လက်ထမ်းဆောင်လျက်ရှိပါသည်။

ခုံအဖွဲ့သည် အခွန်အယူခံခုံအဖွဲ့ဥပဒေအရ တင်သွင်းလာသော အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုနှင့် လွှဲအပ်မှုများကို စိစစ်လက်ခံကြားနာ၍ ဆုံးဖြတ်ဆောင်ရွက်လျက်ရှိပါသည်။ ခုံအဖွဲ့သို့ အမှုများ တင်သွင်းရာတွင် သက်ဆိုင်ရာအမှုအလိုက် သတ်မှတ်ထားသော လျှောက်လွှာပုံစံများဖြင့် ဖြည့်စွက်လျှောက်ထားကြရပါသည်။ လျှောက်လွှာပုံစံများကို အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများတွင် နောက်ဆက်တွဲပုံစံများဖြင့် ဖော်ပြထားပြီး ခုံအဖွဲ့၏ ဝက်ဘ်ဆိုက်တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ လိုအပ်ပါက နေပြည်တော် ဥတ္တရသီရိမြို့နယ် သီရိမဏ္ဍိုင်လမ်း၏ မြောက်ဘက်၊ ရုံးအမှတ် (၅၇) အခွန်အယူခံခုံအဖွဲ့ရုံးရှိ မှတ်ပုံတင်အရာရှိထံ ကိုယ်တိုင်လာရောက် တောင်းခံရယူနိုင်ပါသည်။

ခုံအဖွဲ့သို့ အမှုများ လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ ပြည့်စုံစွာပါရှိစေရန် သတိပြုဆောင်ရွက်ရပါမည်။ အမှုများတင်သွင်းကြရာတွင် တစ်ပြေးညီ ဖြစ်စေရေးနှင့် စနစ်တကျဖြစ်စေရေးအတွက် သတ်မှတ်ထုတ်ပြန်ထားသော အခွန်အယူခံ ခုံအဖွဲ့၏ ညွှန်ကြားချက်များကိုလည်း လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်။ အမှုသည်က အခွင့်ရကိုယ်စားလှယ် လွှဲအပ်၍ အမှုလျှောက်ထားရာတွင် ဥပဒေနှင့်အညီ ဖြစ်စေရန် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ခုံအဖွဲ့၏ ၁၃-၂-၂၀၂၅ ရက်စွဲပါ အမိန့်ကြော်ငြာ စာအမှတ် ၁/၂၀၂၅ ဖြင့်လည်းကောင်း၊ အမှုကြားနာရန် ကြိုတင်သတိပေး အမှုခေါ်စာရင်း မထုတ်ပြန်မီ လျှောက်ထားသူက ထပ်မံဖြည့်စွက်လျှောက်ထားချက် တင်ပြလိုပါက လျှောက်ထားရမည့် ပုံစံနှင့် ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းက လွှဲအပ်သော ကိုယ်စားလှယ်လွှဲစာပုံစံ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် လွှဲအပ်သော ကိုယ်စားလှယ်လွှဲစာပုံစံ၊ ကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းခွင့်ပြုပါရန် လျှောက်ထားသည့်ပုံစံများကို အခွန်အယူခံခုံအဖွဲ့၏ ၂၅-၈-၂၀၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၅ ဖြင့် လည်းကောင်း အများပြည်သူ သိရှိစေရန် ထုတ်ပြန်ထားပါသည်။

လျှောက်ထားတင်သွင်းသည့် အမှုများနှင့် စပ်လျဉ်း၍လည်း တည်ဆဲဥပဒေများနှင့် ညီညွတ်စေရန် ခုံအဖွဲ့က ညွှန်ကြားချက်များ ထုတ်ပြန်ထားပါသည်။ ဥပမာ-အယူခံမှုတွင် ခုံအဖွဲ့က ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်မှု ဖွင့်လှစ်ဆောင်ရွက်ပေးပါရန် လျှောက်ထားရာတွင် တရားမကျင့်ထုံးဥပဒေ အမိန့် ၄၇ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရေးအတွက် လျှောက်ထားသူများ သိရှိလိုက်နာရမည့်အချက်များကို အခွန်အယူခံခုံအဖွဲ့၏ ၂၆-၉-၂၀၂၃ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၂/၂၀၂၃) ဖြင့် ထုတ်ပြန်ထားပါသည်။ နိုင်ငံသား၊ အခွန်ထမ်းများအနေဖြင့် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ မှန်ကန်မျှတသော အခွင့်အရေးများရရှိစေရေး၊ ဥပဒေနှင့်မညီသော လျှောက်ထားမှုများဖြစ်ပါက လျှောက်ထားချက်ကို ငြင်းပယ်ခံရမည်ဖြစ်၍ မလိုအပ်ဘဲ အချိန်နှင့် ငွေကြေးကုန်ကျမှုများ မဖြစ်ပေါ်စေရေးအတွက် ပွင့်လင်းမြင်သာစွာ သိရှိနိုင်စေရန် ညွှန်ကြားချက်များ ထုတ်ပြန်အသိပေးရခြင်းဖြစ်ပါသည်။ ယင်းအမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များကို ခုံအဖွဲ့၏ ဝက်ဘ်ဆိုက်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်တမ်းတို့တွင် ထည့်သွင်းဖော်ပြထားပါသည်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

### နိုင်ငံသား၊ အခွန်ထမ်းများ၏ တာဝန်နှင့် အခွင့်အရေးများ

အခွန်ထမ်းတစ်ဦးသည် နိုင်ငံသားကောင်းပီသစွာဖြင့် မိမိဆန္ဒအလျောက် အခွန်ပေးဆောင်ရန် တာဝန်ရှိသကဲ့သို့ တစ်ဖက်တွင်လည်း ဥပဒေအရ ခွင့်ပြုထားသည့် အခွင့်အရေးများကို ခံစားခွင့်ရှိပါသည်။ နိုင်ငံသား၊ အခွန်ထမ်းများသည် မိမိအား စည်းကြပ်ကောက်ခံသည့် အခွန်အကောက်များအပေါ် ဥပဒေနှင့်အညီ မှန်ကန်မှု ရှိ မရှိ၊ တန်းတူညီမျှမှု ရှိ မရှိတို့နှင့် စပ်လျဉ်း၍ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့် အခွင့်အရေးများ ရရှိစေရမည်ဖြစ်ပါသည်။ ထိုအချက်သည် စွမ်းဆောင်ရည်မြင့်မားသော အခွန်စီမံခန့်ခွဲမှုစနစ်၏ တိကျစွာ သတ်မှတ်ထားသော စံတန်ဖိုးတစ်ရပ်ပင်ဖြစ်ပါသည်။

အခွန်ထမ်းများအနေဖြင့် အခွန်အယူခံပိုင်ခွင့် အခွင့်အရေးကို ရယူအသုံးပြုလိုပါက အခွန်အယူခံခုံအဖွဲ့ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ အခွန်ဆိုင်ရာအယူခံသည့် ကိစ္စရပ်များကို အခွန်အယူခံခုံအဖွဲ့ဥပဒေဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၄၁ တွင် ပြဋ္ဌာန်းထားသဖြင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွက် ကောက်ခံသည့် အခွန်အကောက်အားလုံး၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများနှင့် သက်ဆိုင်သော အမိန့်များ၊ ဆုံးဖြတ်ချက်များအပေါ် အယူခံလိုပါက အခွန်အယူခံခုံအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားကြရန်သာ ဖြစ်ပါသည်။ အမှုကြောင်းခြင်းရာပြဿနာနှင့်စပ်လျဉ်း၍ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်ပါသည်။

### တရားမျှတမှုဆီသို့

“တရားမျှတမှု” ဆိုသည်မှာ ကျင့်ဝတ်သိက္ခာကို အခြေခံ၍ သန့်ရှင်းဖြူစင်သည့် စိတ်ဓာတ်ဖြင့် မှန်ကန်ခြင်းကို ဦးတည်ဖော်ဆောင်ပေးသော လောကပါလတရားပင် ဖြစ်ပါသည်။ အခွန်အယူခံခုံအဖွဲ့က အမှုများကို ဆုံးဖြတ်ဆောင်ရွက်ရာတွင် နိုင်ငံသား၊ အခွန်ထမ်းများဘက်ကိုသာ အလေးတင်းရပ်တည်ပေးခြင်း မဟုတ်သကဲ့သို့ နိုင်ငံတော်၏ အခွန်ကောက်ခံသူဌာန၊ အဖွဲ့အစည်းများဘက်ကိုသာ အလေးပေး ဆောင်ရွက်ခြင်းမျိုးလည်း မဟုတ်ပေ။ အခွန်အယူခံခုံအဖွဲ့သည် အငြင်းပွားမှုများနှင့် သက်ဆိုင်သည့် အချက်အလက်နှင့် အထောက်အထားများကို အဂတိတရားကင်းရှင်းစွာ စိစစ်၍ သက်ဆိုင်ရာ အခွန်အကောက်ဥပဒေများ၊ တည်ဆဲဥပဒေများနှင့်အညီ မှန်ကန်စွာ သုံးသပ်ညွှန်ပြအဆုံးအဖြတ်ပြုခြင်း၊ နိုင်ငံသား၊ အခွန်ထမ်းများ၏ တရားဝင်အခွင့်အရေးများကို ဥပဒေအရကာကွယ်ပေးခြင်းနှင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အကောက်များ ဆုံးရှုံးမှုမရှိစေခြင်း စသည့် သင့်လျော်သော ဟန်ချက်ညီမှုကို ထိန်းညှိဖော်ဆောင်ပေးနိုင်သည့် အရေးပါသော သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

အခွန်အယူခံခုံအဖွဲ့သည် တင်သွင်းလျှောက်ထားလာသော အမှုများကို ဥပဒေနှင့်အညီ ကြားနာဆုံးဖြတ်ရာတွင် ခုံအဖွဲ့၏ဆုံးဖြတ်ချက်သည် **“အရှုံးအနိုင်”** သဘောမျိုး ဦးတည် သတ်မှတ်ဆုံးဖြတ်ခြင်း မဟုတ်ပါ။ **တရားမျှတမှုနှင့် မှန်ကန်မှု**ကို အခြေပြုဆုံးဖြတ်ပေးခြင်းဖြစ်ပါသည်။ အခွန်များကို တာဝန်ယူကောက်ခံသည့် ဌာန၊ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည် သက်ဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း ပေါ်ပေါက်ပါက ယင်းအချက်ကို ဖော်ပြလျက် လျှောက်ထားသူ နိုင်ငံသား၊ အခွန်ထမ်းများအား ညွှန်ပြအသိပေးခြင်းဖြင့် ဥပဒေနှင့် ညီညွတ်သော အခွန်စီမံခန့်ခွဲမှုကို ပေါ်လွင်ထင်ရှားစေပါသည်။ စိစစ်တွေ့ရှိချက်များအရ ဥပဒေနှင့်အညီ အခွန်များ ပေးဆောင်ရာတွင် နိုင်ငံသား၊ အခွန်ထမ်းများ၏ နစ်နာဆုံးရှုံးမှု တစ်စုံတစ်ရာပေါ်ပေါက်ကြောင်း ထင်ရှားတွေ့ရှိရပါက သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်ရန် တည့်မတ်ပေးခြင်းဖြင့် မျှတမှုအခွင့်အရေးများကို ဖော်ဆောင်ပေးလျက်ရှိပါသည်။

တစ်နည်းအားဖြင့် စွမ်းဆောင်ရည်မြင့်မားသော အခွန်စီမံခန့်ခွဲမှုကို ဖြစ်ပေါ်စေရန်နှင့် အခွန်ထမ်းများ၏ ယုံကြည်ကိုးစားမှုရရှိစေရန် ဦးတည်လျက် အခွန်အယူခံခုံအဖွဲ့အနေဖြင့် အမှုများကို မြန်ဆန်၊ မှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်ပေးနေခြင်းဖြစ်ပါသည်။ အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်အမိန့်များကို အများပြည်သူလေ့လာနိုင်ရန် အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာပေးခြင်းဖြင့် အခွန်အယူခံစနစ်၏ ပွင့်လင်းမြင်သာမှုကို ထင်လင်းစေပြီး နိုင်ငံသားနှင့် အခွန်ထမ်းများ၏ ယုံကြည်မှုကို တိုးမြှင့်စေနိုင်မည် ဖြစ်ပါသည်။ အခွန်ဆိုင်ရာ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာသည့်အခါတွင်လည်း မည်သည့်ဥပဒေအရ မည်သူ့ထံ မည်သို့ တင်ပြရမည်၊ မည်သည့်အထောက်အထားများကို ရှာဖွေပူးတွဲတင်ပြသင့်သည်တို့ကို အများပြည်သူ သိရှိနားလည်နိုင်မည် ဖြစ်ပါသည်။

အခွန်အယူခံခုံအဖွဲ့သို့ တင်သွင်းသောအမှုများတွင် အချို့သော အမှုကိစ္စများသည် ပစ္စည်း၊ ငွေကြေး နစ်နာဆုံးရှုံးခြင်းအတွက် တရားမျှတမှု အခွင့်အရေး ရယူလိုခြင်းသက်သက် မဟုတ်ဘဲ အခွန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်းသည့် မိမိတို့၏ ဂုဏ်သိက္ခာအတွက် ခုခံချေပ တင်ပြတောင်းဆိုမှုများဖြစ်ကြသည်ကို ထူးခြားစွာ တွေ့မြင်ရပါသည်။ ထို့ကြောင့်လည်း အခွန်အယူခံခုံအဖွဲ့အနေဖြင့် အခွန်ဆိုင်ရာအမှုကိစ္စများ ဆုံးဖြတ်ရာတွင် အမှုကြောင်းခြင်းရာများကို အလေးအနက်ထား၍ ဆင်ခြင်သုံးသပ်ဆောင်ရွက်ကြရပါသည်။ တန်ဖိုးကြီးမားသော အခွန်အကောက် ပမာဏများနည်းတူ အစဉ်အလာမြင့်မားသော စီးပွားရေးလုပ်ငန်းများ၏ ဂုဏ်သိက္ခာကိုလည်း အလေးထား၍ ဥပဒေနှင့်အညီ တရားမျှတမှု အခွင့်အရေးများရရှိစေရန် ဂရုတစိုက် စိစစ်ဆုံးဖြတ်ဆောင်ရွက်ရပါသည်။

### အခွန်အယူခံခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးတို့၏ စွမ်းဆောင်ချက်များ

ခုံအဖွဲ့၏ရုံးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော အခွန်အယူခံခုံအဖွဲ့ရုံးကို တည်ထောင်ထားရှိပါသည်။ အခွန်အယူခံခုံအဖွဲ့ရုံးသည် နိုင်ငံသား၊ အခွန်ထမ်းများ လွယ်လင့်တကူ အမှုများ တင်သွင်းလျှောက်ထားနိုင်စေရန်နှင့် ခုံအဖွဲ့က အခွန်ဆိုင်ရာအမှုများအပေါ် အချိန်မီ၊ စနစ်တကျဆုံးဖြတ်ဆောင်ရွက်နိုင်ရန် ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ခုံအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ အမှုတင်သွင်းလျှောက်ထားချက်များကို လက်ခံရရှိသည့် အချိန်မှစ၍ စီရင်ဆုံးဖြတ်ချက် ချမှတ်ပြီးနောက် အမှုတွဲများကို အမှုမှတ်တမ်းခန်း၌ ထိန်းသိမ်းထားရှိခြင်း အပါအဝင် အမှုတွဲ မိတ္တူရေးကူးပေးသည့် အချိန်အထိ ရုံးလုပ်ငန်းစဉ်များကို လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်ရေးဆွဲ၍ စနစ်တကျဆောင်ရွက်လျက်ရှိပါသည်။

အခွန်အယူခံခုံအဖွဲ့ရုံးသည် ခုံအဖွဲ့၏လုပ်ဆောင်ချက်များနှင့်စပ်လျဉ်း၍ အခွန်အယူခံ ခုံအဖွဲ့အမည်ဖြင့် ဖေ့စ်ဘွတ်စာမျက်နှာကို ၁-၉-၂၀၂၀ ရက်နေ့တွင် စတင်ဖွင့်လှစ်ပြီး အခွန်အယူခံခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးတို့၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ လှုပ်ရှားမှုများကို သတင်းအချက်အလက်နည်းပညာများ အသုံးချဆောင်ရွက်လျက် အများပြည်သူများ သိရှိနိုင်စေရန် လွှင့်တင် ဖော်ပြနိုင်ခဲ့ပါသည်။ အခွန်အယူခံမှုဆိုင်ရာ ဆောင်ရွက်မှုများနှင့် ဆက်စပ်ဌာန/ အဖွဲ့အစည်းများ၏ သတင်းအချက်အလက်များအား သက်ဆိုင်ရာ အမှုသည်များနှင့် အများပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးအတွက် အခွန်အယူခံခုံအဖွဲ့၏ ကိုယ်ပိုင်ဝက်ဘ်ဆိုက်ကို ၁၂-၇-၂၀၂၄ ရက်နေ့မှ စတင်၍ အောင်မြင်စွာ လွှင့်တင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဤသို့ဖြင့် အခွန်အယူခံခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးတို့သည် e-Government စနစ် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရေးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

အခွန်အယူခံခုံအဖွဲ့သည် အခွန်အယူခံဆိုင်ရာ ကြားနာမှုများနှင့်ပတ်သက်သည့် အစီရင်ခံစာကို သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အများပြည်သူသိရှိစေရန် ထုတ်ပြန်ခြင်းလုပ်ငန်းစဉ်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ နှစ်စဉ်ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အများပြည်သူသိရှိစေရန် အခွန်အယူခံခုံအဖွဲ့ ဝက်ဘ်ဆိုက်တွင် လွှင့်တင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

အခွန်အယူခံခုံအဖွဲ့ရုံးသည် ခုံအဖွဲ့က အမှုများကို ကြားနာဆုံးဖြတ်ရာတွင် အထောက်အကူအဖြစ် လေ့လာနိုင်ရန် နှစ်အလိုက် ဆုံးဖြတ်ပြီးစီးခဲ့သည့် အမှုတွဲများကို အမှုမှတ်တမ်းခန်းတွင် စနစ်တကျ ထိန်းသိမ်းထားရှိသကဲ့သို့ အမှုတွဲပါအချက်အလက်များကို ခေတ်မီနည်းပညာများ အသုံးပြုလျက် ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ရန် Case Management System (CMS) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိပါသည်။

အခွန်အယူခံခုံအဖွဲ့ရုံးအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် Public Feedback Programme (PFP) Web Portal ကို အသုံးပြု၍ ခုံအဖွဲ့ရုံးထံမှ ဝန်ဆောင်မှုရယူကြသည့် ပြည်သူများ၏ မိုဘိုင်းဖုန်းများသို့ Short Code "1111" ဖြင့် မိမိတို့ဝန်ဆောင်မှုရယူခဲ့စဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများကို SMS ပေးပို့မေးမြန်းကာ ပြည်သူတို့၏ တုံ့ပြန်ဖြေကြားမှုများ၊ အကြံပြုချက်များအရ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး အစီအစဉ်ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

စာပေဗဟုသုတများ ပြန့်ပွားစေရေးနှင့် ဥပဒေဆိုင်ရာ အကိုးအကား အထောက်အကူများ ရရှိစေရေးအတွက် အခွန်အယူခံခုံအဖွဲ့ရုံး စာကြည့်တိုက်ကို ၃-၆-၂၀၂၂ ရက်နေ့တွင် စတင်တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ထို့ပြင် အခွန်အယူခံခုံအဖွဲ့က ကြားနာဆုံးဖြတ်ခဲ့သော စီရင်ချက်များအနက် ဥပဒေကြောင်းအရ ဖြေရှင်းရမည့်ကိစ္စရပ်များ၊ အကြောင်းခြင်းရာဆိုင်ရာ အငြင်းပွားမှုများကို သာမန်ထက်ပို၍ အလေးအနက်ထား ဆင်ခြင်သုံးသပ်ခဲ့ရသည့် ဆုံးဖြတ်ချက် အမိန့်များကို စိစစ်ရွေးချယ်၍ Norm စာအုပ်အဖြစ် စုစည်းမှတ်တမ်းပြုလျက်ရှိပါသည်။

အခွန်အယူခံခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးတို့သည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့အစည်း၊ ဌာနများဖြစ်သည်နှင့်အညီ အဂတိလိုက်စားမှုအန္တရာယ်များ ပေါ်ပေါက်မှုမရှိစေရန် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး နည်းလမ်းများကို စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ “ယုံကြည်မျှတ မှန်ကန် အခွန်အယူခံ”ဟူသော ဆောင်ပုဒ်နှင့်အညီ အဂတိတရားကင်းစင်သော အဖွဲ့အစည်း၊ ဌာနအဖြစ် အခိုင်အမာရပ်တည်ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံသားနှင့် အခွန်ထမ်းများ၏ အယူခံပိုင်ခွင့်၊ ခုခံချေပခွင့်များကို အပြည့်အဝရရှိစေပြီး မှန်ကန်မျှတ၍ ဘက်လိုက်မှုမရှိဘဲ ကြားနာ ဆုံးဖြတ်ပေးနိုင်သော အခွန်အယူခံခုံအဖွဲ့၏ အစဉ်အလာကောင်း တစ်ရပ်ကို ချမှတ်ထူထောင်နိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။

အခွန်အယူခံခုံအဖွဲ့၏ မျှော်မှန်းချက်မှာ **“ပွင့်လင်းမြင်သာပြီး မျှတမှန်ကန်သည့် အခွန်အယူခံစနစ်ဖြင့် နိုင်ငံသားနှင့် အခွန်ထမ်းများ၏ ယုံကြည်အားထားမှုကို မြှင့်တင်ရန်”** ဖြစ်ပါသည်။ အခွန်အယူခံခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးတို့၏ လုပ်ငန်းတာဝန်များကို မျှော်မှန်းချက်အတိုင်း အပြည့်အဝအကောင်အထည်ဖော်နိုင်ရန် မဟာဗျူဟာ စီမံကိန်းတစ်ရပ်ကိုရေးဆွဲ၍ စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မျှော်မှန်းချက်ပန်းတိုင်သို့ အရောက်လှမ်းရာတွင် မဟာဗျူဟာစီမံကိန်းပါ လုပ်ငန်းစဉ်အရပ်ရပ်ကို လမ်းပြမြေပုံအဖြစ် နှလုံးသွင်းလျက် အခွန်အယူခံ ခုံအဖွဲ့၏ ဂုဏ်သတင်းကို ရေရှည် လင်းလက်တောက်ပနေရန် အရှိန်မြှင့်တင်၍ အစွမ်းကုန် ဆောင်ရွက်သွားကြရန်နှင့် ခုံအဖွဲ့ရုံး ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ထာဝစဉ်မှတ်ကျောက်တင် ခံနိုင်ရေးအတွက် အလေးထား ဆောင်ရွက်သွားကြရန် အခွန်အယူခံ ခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးရှိ အဆင့်ဆင့်သော ဝန်ထမ်းတို့သည် လက်တွဲညီညီ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရင်း ၂၉-၁၀-၂၀၂၆ ရက်နေ့တွင် ရောက်ရှိမည့် အခွန်အယူခံ ခုံအဖွဲ့ရုံး၏ နှစ်ပတ်လည်အထိမ်းအမှတ်နေ့ကို ဤဆောင်းပါးဖြင့် ဂုဏ်ပြုကြိုဆိုရေးသားလိုက်ရပါသည်။ ။

**ကိုးကား**

- အခွန်အယူခံခုံအဖွဲ့သမိုင်းမှတ်တမ်း
- အခွန်အယူခံခုံအဖွဲ့ဥပဒေ၊ နည်းဥပဒေများ
- မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ (၂၀၂၆ ခုနှစ်)
- မဟာဗျူဟာ အကောင်အထည်ဖော်နိုင်မှုမှတ်တမ်း (၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ)

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDFGame Application များ တီထွင်ဖန်တီး အသုံးပြုလျက် ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော်   အောက်တိုဘာ ၂၆**

၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် **“ကာလပေါ်”** တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ရှိ မြခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “တောင်သူပျို”(ဒေါ်ကြည်အောင်) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဓမ္မစကြာ” (ဒေါ်ကြည်အောင်) သီချင်းဖြင့် လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

**ရုပ်သေးကြိုးဆွဲပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၁ ရှိ နီလာခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း မင်းသားနှင့် မင်းသမီး ကြိုးဆွဲရုပ်သေးရုပ်တို့ဖြင့် ကကြိုးကကွက်စုံလင်စွာ ယှဉ်ပြိုင်ကြသည်။

**အကပြိုင်ပွဲ**ကို နေပြည်တော်တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့်

*စာမျက်နှာ ၉ သို့*






ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ဦးလွင်၊ ဦးခင်မောင်စိုးနှင့်တာဝန်ရှိသူများ ကွက်စိပ်ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးကြင်ခိုင်နှင့်အဖွဲ့ ဟောပြောယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။





အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းနှင့်တာဝန်ရှိသူများ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ စတားရွှေရည်ဖိုးဇော်နှင့်အဖွဲ့ ယှဉ်ပြိုင်တီးခတ်နေမှုကို ကြည့်ရှုအားပေးစဉ်။



ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ခိုင်ဇာဝင်းဗိုလ်နှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်စဉ်။



ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ဦးမင်းမင်းဦး(ခ)ဖြိုးမောင်မောင် တီးခတ်ယှဉ်ပြိုင်စဉ်။




ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ဦးစိုးရွှေဝါ တီးခတ်ယှဉ်ပြိုင်စဉ်။



ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးဆန်းဆင့်မောင်မောင် တီးခတ်ယှဉ်ပြိုင်စဉ်။

*စာမျက်နှာ ၈ မှ*

မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း စည်းချက်မှန်ကန်မှု၊ ကိုယ်ဟန်အမူအရာနှင့် အနုပညာခံစားချက်တို့ကို ပေါင်းစပ်တင်ဆက်ကာ မိမိတို့၏ အကပညာစွမ်းရည်ကို ပြသယှဉ်ပြိုင်ကြသည်။

**ဟောပြောယှဉ်ပြိုင်**

**ကွက်စိပ်ပြိုင်ပွဲ**ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ရက္ခဓမ္မပြဇာတ်"ဖြင့် ဇာတ်တော်၏ အနှစ်သာရနှင့် ဦးတည်ချက်ပေါ်လွင်အောင် နှုတ်စွမ်းရည် ပြသဟောပြောယှဉ်ပြိုင်ကြသည်။






ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကျော်ဟိုး၊ ဦးထိန်လင်းနှင့် တာဝန်ရှိသူများ အကပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်တိုးပွားအောင် ယှဉ်ပြိုင်ကပြနေမှုကို ကြည့်ရှုအားပေးစဉ်။





ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးသန်းမောင်၊ ဦးထိန်လင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း ရုပ်သေးကြိုးဆွဲပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**ပေါင်းစပ်ဖော်ကျူး ယှဉ်ပြိုင်**

**အရေးပြိုင်ပွဲ**ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား / အမျိုးသမီးပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်မာ့ဂုဏ်ရည်" ခေါင်းစဉ်ဖြင့် သီချင်းစာသားများကို သံစဉ်အမျိုးမျိုးဖြင့် လိုက်ဖက်ညီညွတ်စွာ ထည့်သွင်းသီဆိုကြပြီး အသံနေအသံထား၊ သံစဉ်အတက်အကျနှင့် သီဆိုဟန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ်ဖော်ကျူး ယှဉ်ပြိုင်ကြသည်။

**ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မြန်မာ့ရိုးရာဆိုင်းဝိုင်း၏ ထူးခြားလှသော သံစဉ်များ၊ စည်းချက်ဝါးချက် ညီညွတ်မျှတမှုနှင့် တီးခတ်မှုအနုပညာတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ်၍ ယှဉ်ပြိုင်တီးခတ်ပြသကြသည်။

**ပတ္တလားအတီးပြိုင်ပွဲ**ကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကိုးပါးပေါင်းစု" (ကြိုး)သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပန်းဟောဝန်" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ယှဉ်ပြိုင်ကြသည်။

**မယ်ဒလင်အတီးပြိုင်ပွဲ**ကို နေပြည်တော်တည်းခိုရေးစခန်း ပုဗ္ဗသီရိတပ်နယ်ခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အမင်းမင်းခရ"(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြရည်နန္ဒာ"(ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ညဥ့်သုံးယံခါ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသမီးပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လူမနှော" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် အဆင့်တူပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဝန်ထမ်းမိသားစုများ၊ အနုပညာကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




အကပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ဦးကိုကိုနိုင် ယှဉ်ပြိုင်စဉ်။




အရေးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား/အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ဦးအေးမော် ယှဉ်ပြိုင်စဉ်။

# (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ ဆင္ခမနေ့ မြင်ကွင်း




ကာလပေါ် တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မသင်းသင်းခိုင် သီဆိုယှဉ်ပြိုင်စဉ်။




ကာလပေါ် တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မဇင်ဒေဝီထွန်း သီဆိုယှဉ်ပြိုင်စဉ်။




ကာလပေါ် တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဒေါ်ကေရီဖိုလ်ဖိုလ် သီဆိုယှဉ်ပြိုင်စဉ်။




ကွက်စိပ်ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဦးဖိုးကြီးနှင့်အဖွဲ့ ဟောပြောယှဉ်ပြိုင်စဉ်။



ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးဆန်းဆင့်မောင်မောင် ယှဉ်ပြိုင်တီးခတ်စဉ်။




ကာလပေါ်တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ဒေါ်အေးနှင်းခိုင် သီဆိုယှဉ်ပြိုင်စဉ်။




ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မောင်အဂ္ဂကျော်ဇော ယှဉ်ပြိုင်တီးခတ်စဉ်။



မယ်ဒလင်အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်တီးခတ်စဉ်။



မယ်ဒလင်အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်တီးခတ်စဉ်။

# (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲ ဆဋ္ဌမနေ့ မြင်ကွင်း



အကပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်ကပြနေမှုကို တွေ့ရစဉ်။




အရေးပြိုင်ပွဲဝါသနာရှင်အဆင့်(ဒုတိယတန်း)(အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




အရေးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)(အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ဦးပိုင်ငြိမ်းဦး ယှဉ်ပြိုင်စဉ်။



ရုပ်သေးကြိုးဆွဲပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ မဖူးလဲ့လဲ့ဖြိုး ယှဉ်ပြိုင်စဉ်။



ရုပ်သေးကြိုးဆွဲပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မောင်ဇော်လင်းထွန်း ယှဉ်ပြိုင်စဉ်။



ရုပ်သေးကြိုးဆွဲပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်မြတ်မင်းခန့် ယှဉ်ပြိုင်စဉ်။



ရုပ်သေးကြိုးဆွဲပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်အောင်ပြည့်ချော ယှဉ်ပြိုင်စဉ်။

# အခုလို မြန်မာ့ရိုးရာယဉ်ကျေးမှုတွေကို ထုတ်ဖော်တဲ့ပွဲတော်ကြီးမှာ ပါဝင်ခွင့်ရတဲ့အတွက် ကျွန်တော်တို့လို တက်သစ်စ ရွက်ပုန်းသီး အနုပညာရှင်တွေ အများကြီးပညာရပါတယ်၊ ပျော်ရွှင်ရပါတယ်၊ ဂုဏ်လည်း ယူရပါတယ်

မောင်ဖြိုးမောင်မောင်

နေပြည်တော် အောက်တိုဘာ ၂၆

(၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲကြီးကို ယနေ့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပခဲ့ပြီး သက်ဆိုင်ရာကဏ္ဍအလိုက်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည် -


ဒေါ်မြနှင်းရီ


ဒေါ်နန်းသူဇာ


ဦးဝင်းကိုကို


ဦးအောင်သူဟိန်း


မောင်ဖြိုးမောင်မောင်


မောင်မိုးထက်အောင်


မချိုချိုစန်း


မရွှန်းလဲ့ဝင်း

**ဒေါ်မြနှင်းရီ**
**အတီး (မယ်ဒလင်) ပြိုင်ပွဲဝင်**
**ဝါသနာရှင် (ပထမတန်း) အမျိုးသမီး**
**စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု**

ဒီပြိုင်ပွဲကြီးကို ၂၀၀၁ ခုနှစ် ကတည်းက ယှဉ်ပြိုင်ခဲ့တာပါ။ ဆုတံဆိပ်တွေလည်း ရရှိခဲ့ဖူးပါတယ်။ အခုတီးခတ်ပြိုင်ပွဲဝင်ခဲ့တာကတော့ မြရည်နန္ဒာ( ဘွဲ့) သီချင်းနဲ့ဖြစ်ပါတယ်။ ပြိုင်ပွဲတွေကျင်းပပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုတွေ မပပျောက်အောင်လို့လည်း ထိန်းသိမ်းနေပါတယ်။ အခုပြိုင်ပွဲကြီးမှာ မြေးမလေးနဲ့ တပည့်မလေးတစ်ယောက်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြေးမလေးကတော့ တတိယဆုရခဲ့ပါတယ်။

**ဒေါ်နန်းသူဇာ**
**အတီး (မယ်ဒလင်) ပြိုင်ပွဲဝင်**
**ဝါသနာရှင် (ပထမတန်း) အမျိုးသမီး**
**ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု**

အခုယှဉ်ပြိုင်တီးခတ်ခဲ့ရတာကတော့ မြရည်နန္ဒာ ( ဘွဲ့) သီချင်းနဲ့ပါ။ ဒီပြိုင်ပွဲကြီးမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့အတွက်လည်း အများကြီး ကြိုတင်ပြင်ဆင်ခဲ့ပါတယ်။ အရင်နှစ်က ဝါသနာရှင် (ဒုတိယတန်း) ပြိုင်ပွဲတုန်းကတော့ သီချင်းငါးပုဒ် လေ့ကျင့်ခဲ့ရပြီး ဒီနှစ် ဝါသနာရှင် (ပထမတန်း)ပြိုင်ပွဲမှာတော့ သီချင်းရှစ်ပုဒ် လေ့ကျင့်ခဲ့ရပါတယ်။ တီးခတ်ယှဉ်ပြိုင်ခဲ့ရတဲ့အပေါ်မှာလည်း အားရကျေနပ်မှုရှိပါတယ်။ ဒီပြိုင်ပွဲကြီးကို ကျင်းပပေးတဲ့အတွက် အနုပညာသမားတွေအတွက် အခွင့်အလမ်းများစွာ ရရှိစေပါတယ်။ လူငယ်တွေအနေနဲ့လည်း ငယ်ငယ်ကတည်းက ဒီပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် အနုပညာအပေါ်မှာ ကြိုးစားချင်စိတ်တွေလည်း ဖြစ်ပေါ်စေပါတယ်။ ဒီပြိုင်ပွဲကနေ တစ်ဆင့် ထွန်းတောက်သွားတဲ့ အနုပညာရှင်တွေလည်း အများကြီးရှိပါတယ်။ ပြိုင်ပွဲကြီးကိုကျင်းပပေးတဲ့ သက်ဆိုင်ရာတာဝန်ရှိသူအားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်။

**ဦးဝင်းကိုကို**
**အတီး (မယ်ဒလင်) ပြိုင်ပွဲဝင်**
**ဝါသနာရှင် (ဒုတိယတန်း) အမျိုးသား**
**တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြု**

ဒီပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်တာ နှစ်ကြိမ်မြောက် ရှိပါပြီ။ မယ်ဒလင်ပညာကို ဘွဲ့ရပြီးမှ စတင်လေ့လာဖြစ်တာပါ။ ပြိုင်ပွဲမှာယှဉ်ပြိုင်တီးခတ်နိုင်ဖို့အတွက် အကောင်းဆုံး ကြိုးစားလေ့ကျင့်ခဲ့ပါတယ်။ အခု ယှဉ်ပြိုင်ပြီးခဲ့တဲ့အပေါ်မှာလည်း ကျေနပ်မှုရှိပါတယ်။ အခုလိုပြိုင်ပွဲတွေကျင်းပပေးတာ ကောင်းပါတယ်။ တကယ်လို့ ဒီလိုပြိုင်ပွဲတွေသာ မရှိဘူးဆိုရင် မဟာဂီတက ပျောက်ဆုံးသွားနိုင်ပါတယ်။ ဒီဘက်ခေတ်လူငယ်တွေဆိုရင် ခေတ်ပေါ်၊ ကာလပေါ်သီချင်းတွေကို စိတ်ဝင်စားမှုများလာတာ တွေ့ရပါတယ်။ ဒါကြောင့် အခုလို ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို ထိန်းသိမ်းဖော်ထုတ်ပေးတဲ့ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နှစ်စဉ်ကျင်းပပေးတဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးအောင်သူဟိန်း**
**အတီး (မယ်ဒလင်) ပြိုင်ပွဲဝင်**
**ဝါသနာရှင် (ဒုတိယတန်း) အမျိုးသား**
**ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု**

ကျွန်တော် (၂၅) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲမှာ စတင်ယှဉ်ပြိုင်ခဲ့တာပါ။ ပါဝင်ယှဉ်ပြိုင်ခဲ့တာကတော့ အခြေခံပညာအဆင့် အတီး (မယ်ဒလင်) ပြိုင်ပွဲမှာဖြစ်ပြီး ရွှေတံဆိပ်ဆုရခဲ့ပါတယ်။ မယ်ဒလင်ပညာကို ဆဋ္ဌမတန်း ကျောင်းသားဘဝကတည်းက စတင်လေ့လာခဲ့တာပါ။ ဒီနှစ်ပြိုင်ပွဲကြီးမှာလည်း အကောင်းဆုံး တီးခတ်ယှဉ်ပြိုင်နိုင်ဖို့ ကြိုးစားလေ့ကျင့်ခဲ့ပါတယ်။ နိုင်ငံအတွင်းမှာရှိတဲ့ ရွက်ပုန်းသီး အနုပညာရှင်လေးတွေ ထွက်ပေါ်လာအောင် တာဝန်ရှိသူတွေက ဒီပြိုင်ပွဲကြီးကို ကျင်းပပေးတဲ့အတွက် ဝမ်းသာပီတိ ဖြစ်မိပါတယ်။ နောင်မျိုးဆက်သစ်လေးတွေကိုလည်း မြန်မာ့အနုပညာ အမွေအနှစ်တွေကို ထိန်းသိမ်းလက်ဆင့်ကမ်းနိုင်အောင် ကြိုးစားသွားပါမယ်။

**မောင်ဖြိုးမောင်မောင်**
**(အကဝါသနာရှင်၊ ပထမတန်း)**

ကျွန်တော်က ကချင်ပြည်နယ်ကိုယ်စားပြုအနေနဲ့ လာရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ဗဟိုအဆင့်ရဲ့ အကဝါသနာရှင် ပထမတန်းမှာ ငွေတံဆိပ်ဆု၊ ဇာတ်တော်ကြီးပြိုင်ပွဲမှာ ရွှေတံဆိပ်ဆု ရရှိခဲ့ပါတယ်။ ဒီနှစ်အတွက်လည်း အများကြီးကြိုးစားလေ့ကျင့်ခဲ့ပါတယ်။ လာရောက်ယှဉ်ပြိုင်တဲ့သူတွေအားလုံးကလည်း အကုန်လုံးကောင်းကြပါတယ်။ နောက်နှစ်မှာလည်း ဇာတ်တော်ကြီးအဖွဲ့မှာ ဝင်ရောက်ယှဉ်ပြိုင်ပါဦးမယ်။ အခုလို မြန်မာ့ရိုးရာယဉ်ကျေးမှုတွေကို ထုတ်ဖော်တဲ့ပွဲတော်ကြီးမှာ ပါဝင်ခွင့်ရတဲ့အတွက် ကျွန်တော်တို့လို တက်သစ်စ ရွက်ပုန်းသီး အနုပညာရှင်တွေ အများကြီး ပညာရပါတယ်၊ပျော်ရွှင်ရပါတယ်၊ ဂုဏ်လည်း ယူရပါတယ်။ လက်ရှိအနုပညာအနေနဲ့လည်း ဇာတ်အဖွဲ့တွေမှာကနေပါတယ်။

**မောင်မိုးထက်အောင်**
**(အကဝါသနာရှင်၊ ပထမတန်း)**

ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီးကို ကိုယ်စားပြုယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါတယ်။ အရင်နှစ်တွေလာပြိုင်ခဲ့တာမှာ ရွှေငွေကြေး ငါးခု ရခဲ့ပြီးပါပြီ။ ဒီနှစ်လည်း အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်ခဲ့ပါတယ်။ ရွှေရမယ်လို့လည်း ထင်ပါတယ်။ အခု လက်ရှိ အနုပညာအနေနဲ့ကတော့ ဇာတ်မင်းသားလုပ်ပါတယ်။ တစ်နှစ်မှ တစ်ကြိမ် ကျင်းပတဲ့ပွဲဖြစ်တာကြောင့် ညီအစ်ကိုမောင်နှမတွေ ပြန်ဆုံရလို့ ဝမ်းသာရပါတယ်။ အခုလိုယဉ်ကျေးမှုတွေ ထိန်းသိမ်းတဲ့ပွဲကြောင့် နှစ်စဉ်နှစ်တိုင်း အောင်မြင်စွာကျင်းပနိုင်ပါစေလို့ ဆန္ဒပြုပါတယ်။

**မချိုချိုစန်း**
**(အကဝါသနာရှင်၊ ဒုတိယတန်း)**

ကျွန်မက ဒီနှစ်မှ ပထမဆုံးဗဟိုအဆင့်မှာ ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးကို ကိုယ်စားပြုယှဉ်ပြိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းချင်လို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ တစ်လကျော်လောက်လည်း လေ့ကျင့်ခဲ့ရပါတယ်။ နောက်နှစ်တွေမှာလည်း အကပညာရပ်ကိုလာရောက်ယှဉ်ပြိုင်ဦးမှာပါ။ အတီးကိုလည်း ဝါသနာပါလို့ လေ့လာနေပါပြီ။ နောင်အခါအခွင့်သင့်ရင် အတီးပညာရပ်နဲ့ ဝင်ရောက်ယှဉ်ပြိုင်ပါဦးမယ်။

**မရွှန်းလဲ့ဝင်း**
**(အကဝါသနာရှင်၊ ဒုတိယတန်း)**

ကျွန်မက မကွေးတိုင်းဒေသကြီးကို ကိုယ်စားပြုပြီး ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ကကွက်တွေကို လိုအပ်ချက်မရှိ၊ လစ်ဟာချက်မရှိ အကောင်းဆုံးဖြစ်အောင် လေ့ကျင့်ထားပါတယ်။ အနုပညာအနေနဲ့က အငြိမ့်ပွဲတွေလက်ခံပြီး ကနေပါတယ်။ အခုလို အနုပညာရှင်တွေကို ဖော်ထုတ်နေရာပေးတဲ့ ဒီပြိုင်ပွဲကြီးပြုလုပ်ပေးသူတွေကို ရင်ထဲကနေ အတိုင်းမသိ ကျေးဇူးတင်မိပါတယ်။ နောက်နှစ်ကိုလည်းဝါသနာရှင် ပထမတန်းမှာ လာရောက်ယှဉ်ပြိုင်ပါဦးမယ်။

**တွေ့ဆုံမေးမြန်းနှင့်**
**ဓာတ်ပုံ**
**ဟိန်းဇော်မင်း**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

- ➢ လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက် ဖွင့်ထား ခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။
- ➢ မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ
- ➢ ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်။

## ကာတွန်း



❑ *ကျောဖုံးမှ*

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေး အတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင် နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင် ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Counsellor Mr. Donovan Noel Diengdoh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံရုံးမှ Counsellor Ms. Fadilah Seedeh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံရုံးမှ Second Secretary Mr.Manivan Bounkham နှင့် တာဝန်ရှိသူများ၊ သီရိလင်္ကာနိုင်ငံနှင့် နိုင်ဂျီးရီးယား နိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ် ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့် လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက် စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်း ထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်း အမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြား သားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်း ပေးနိုင်ရေး ထိရောက်စွာညှိနှိုင်း ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၅)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ ပြန်လည်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၆**

ဂျပန်နိုင်ငံ နာဂိုယာမြို့တွင် ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကျော်ကျော်ဦး ဦးဆောင်၍ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ(လေ့ကျင့်) ဦးဝင်းမြင့်၊ အုပ်ချုပ်သူ/ နည်းပြများနှင့် မသန်စွမ်းအားကစားသမား စုစုပေါင်း ၁၅ ဦးတို့သည် ပြေးခုန်ပစ်၊ ရေကူးနှင့် တိုက်ကွမ်ဒိုအားကစားနည်း သုံးနည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ နိုင်ငံတော်အတွက် ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် လေးခု၊ စုစုပေါင်းဆုတံဆိပ် ငါးခုရရှိခဲ့ပြီး နိုင်ငံ ၃၃ နိုင်ငံတွင် အဆင့်(၂၅) ရရှိခဲ့ကြသည်။

ဆုတံဆိပ်များကို ရေကူးအားကစားနည်းမှ ညီညီလင်းထက်က မီတာ(၁၅၀) တစ်ဦးချင်းလေးမျိုးကူးပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခု၊ မီတာ(၅၀) အလွတ်ကူးပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု၊ မီတာ(၅၀) ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု မီတာ(၁၀၀) အလွတ်ကူးပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု၊ ပြေးခုန်ပစ် အားကစားနည်းမှ မလော်လာဝင်းက မီတာ(၁၀၀)အပြေးပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု ဆွတ်ခူးရရှိပေးခဲ့ခြင်းဖြစ်သည်။

### ဂုဏ်ပြုကြိုဆို

မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့သည် ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံမှ ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိရာ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် မိဘပြည်သူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဂုဏ်ပြုကြိုဆိုနှုတ်ဆက်ကြကြောင်း သိရသည်။ (ယာပုံ)

**သတင်းစဉ်**



# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် (၅)ထပ်အဆောက်အအုံ တစ်လုံးအား ဖြိုချဖျက်ဆီး၊ ကျန်ရှိသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ် အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့အထိ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံး အနက် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံး ဟူ၍ အဆောက်အအုံအမျိုးအစား အလိုက်ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၃ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၆ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာအပြီးတိုင်လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများ ယန္တရားများဖြင့် စနစ်တကျဖြိုချဖျက်ဆီးမှုနေရာပြပုံ။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် ၅ ထပ် အဆောက်အအုံအား ယန္တရားများဖြင့် စနစ်တကျဖြိုချဖျက်ဆီးမှုကို တွေ့ရစဉ်။

# အစ္စရေးရွေးကောက်ပွဲတွင် နေတန်ယာဟု အာဏာဆက်လက်ထိန်းသိမ်းနိုင်ရေး စိန်ခေါ်မှုနှင့် ရင်ဆိုင်နေရ



ဂျေရုဆလင် အောက်တိုဘာ ၂၆

**အစ္စရေးနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲကို အောက်တိုဘာ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟု အာဏာဆက်လက်ထိန်းသိမ်းနိုင်မည်၊ မနိုင်မည်ကို အဓိကစောင့်ကြည့်လျက်ရှိသည်။ သဘောထားစစ်တမ်းများအရ ၎င်းဦးဆောင်သည့် အာဏာရအုပ်စုသည် လွှတ်တော်အများစုအနိုင်ရရန် အခက်အခဲရှိနေကြောင်း သိရသည်။**

ရွေးကောက်ပွဲတွင် အဓိကအငြင်းပွားဖွယ်ရာတစ်ခုမှာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဟားမားစ်အဖွဲ့က အစ္စရေးနိုင်ငံကို တိုက်ခိုက်ခဲ့မှု ကြိုတင်တားဆီးနိုင်ခြင်းမရှိခဲ့သည့်အတွက် မည်သူ့တွင် တာဝန်ရှိသည်ဆိုသည့်အချက်ဖြစ်သည်။ အဆိုပါတိုက်ခိုက်မှုအတွင်း လူ ၁၂၀၀ ခန့် သေဆုံးခဲ့ပြီးနောက် အစ္စရေးက ဂါဇာကမ်းမြောင်ဒေသတွင် စစ်ဆင်ရေးများစတင်ခဲ့သည်။ နိုင်ငံတော်လုံခြုံရေးကို မည်သို့အာမခံမည်ဆိုသည့်အချက်သည်လည်း အဓိကမဲဆွယ်စည်းရုံးရေးအကြောင်းအရာတစ်ခုဖြစ်နေသည်။

နေတန်ယာဟု၏ လက်ယာယိမ်း လီကွတ်ပါတီကို ဗဟိုပြုသည့် အာဏာရအုပ်စုက ဂါဇာ၊ လက်ဘနွန်၊ အီရန်နှင့် အခြားဒေသများတွင် စစ်ဆင်ရေးများဆင်နွှဲခြင်းဖြင့် အစ္စရေး၏ ရန်ဘက်အဖွဲ့များ၏ အင်အားကို သိသိသာသာလျှော့ချနိုင်ခဲ့ကြောင်း ပြောဆိုထားသည်။ အတိုက်အခံဘက်တွင်မူ အစ္စရေးကာကွယ်ရေးတပ်ဖွဲ့၏ စစ်ဦးစီးချုပ်ဟောင်း ဂါဒီအိုက်ဇင်ကော့ ဦးဆောင်သည့် ယာရှာပါတီက အဓိကအခန်းကဏ္ဍမှပါဝင်နေပြီး အစိုးရအပြောင်းအလဲဖြစ်ပေါ်လာစေရန် ကြိုးပမ်းလျက်ရှိသည်။

အစ္စရေးရုပ်သံလိုင်း ၁၂ က အောက်တိုဘာ ၂၃ ရက်တွင် ထုတ်ပြန်ခဲ့သည့် သဘောထားစစ်တမ်းအရ လွှတ်တော်အမတ်နေရာ ၁၂၀ အနက် အာဏာရအုပ်စုက နေရာ ၅၀ နှင့် အတိုက်အခံအုပ်စုက ၅၆ နေရာ ရရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ တခြားအာရပ်မဟာမိတ်ပါတီများအတွက် ကျန်နေရာများကို ခန့်မှန်းထားခြင်းကြောင့် အာဏာရအုပ်စုသာမက အတိုက်အခံအုပ်စုအနေဖြင့်လည်း အစိုးရဖွဲ့နိုင်ရန်လိုအပ်သည့် လွှတ်တော်အများစုအင်အားကိုရရှိမည်ဟု အာမခံ၍မရသေးကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲရလဒ်သည် နေတန်ယာဟု၏ နိုင်ငံရေးအနာဂတ်နှင့်အစ္စရေးနိုင်ငံ၏ နောက်တစ်ဆင့် အစိုးရဖွဲ့စည်းရေးအတွက် အဆုံးအဖြတ်ဖြစ်လာနိုင်ကြောင်း စောင့်ကြည့်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

## ဂျပန်နိုင်ငံတွင် စက်မှုလုပ်သားရှားပါးမှုကိုဖြေရှင်းရန် AI နည်းပညာသုံး စက်ရုပ်များ ပြသ

**တိုကျို အောက်တိုဘာ ၂၆**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ စက်မှုလုပ်ငန်းကဏ္ဍတွင် လုပ်သားရှားပါးမှုပြဿနာကိုဖြေရှင်းနိုင်ရန်ရည်ရွယ်သည့် ဂျပန်အပြည်ပြည်ဆိုင်ရာစက်ကိရိယာပြပွဲ(JIMTOF 2026)ကို အောက်တိုဘာ ၂၆ ရက်မှ ၃၁ ရက်အထိ ကျင်းပလျက်ရှိသည်။ ပြပွဲတွင် နိုင်ငံပေါင်း ၂၂ နိုင်ငံနှင့် ဒေသများမှ ကုမ္ပဏီနှင့်အဖွဲ့အစည်း ၁၁၃၄ ခု ပါဝင်ပြသလျက်ရှိသည်။

ဂျပန်အီလက်ထရွန်နစ်ကုမ္ပဏီ မစ်ဆူဘီရှီအီလက်ထရစ်အပါအဝင်



ကုမ္ပဏီများသည် စက်မှုလုပ်ငန်းများတွင် အလိုအလျောက်လုပ်ဆောင်မှုဉာဏ်ရည်တုနည်းပညာနှင့် စက်ရုပ်စနစ်များ ပေါင်းစပ်အသုံးပြုနိုင်ရေးဆိုင်ရာ နည်းပညာများကို ပြသလျက်ရှိသည်။

စက်ကိရိယာထုတ်လုပ်ရေးကုမ္ပဏီ ဖာနွတ်ကလည်း ဉာဏ်ရည်တုနည်းပညာနှင့် ဒီဂျစ်တယ်ပုံစံတူစနစ်များကို ပေါင်းစပ်အသုံးပြုကာ စက်ကိရိယာများ၏ လုပ်ဆောင်မှုကို ပိုမိုထိရောက်စေရန်ရည်ရွယ်သည့် နည်းပညာများကို မိတ်ဆက်ထားပြီး ကုမ္ပဏီအမှုဆောင်အရာရှိ နိုဒါ ဟီရိုရှိက ပုံမှန်လုပ်ငန်းတာဝန်များကို AI ဖြင့် ဆောင်ရွက်စေခြင်းသည် စက်ရုံများ၏ ထုတ်လုပ်မှုစွမ်းဆောင်ရည်ကိုမြှင့်တင်ပေးနိုင်ပြီး လူသားလုပ်သားများကို ပိုမိုအဆင့်မြင့်သည့် လုပ်ငန်းများသို့ ပြောင်းရွှေ့တာဝန်ယူနိုင်စေမည်ဟု ပြောကြားခဲ့သည်။

စက်မှုလုပ်ငန်းများတွင် လုပ်သားရှားပါးမှုကို ဖြေရှင်းရန်နှင့် ထုတ်လုပ်မှုစွမ်းအားမြှင့်တင်ရန် ဉာဏ်ရည်တုနည်းပညာ အသုံးပြုမှု ပိုမိုကျယ်ပြန့်လာနေသော်လည်း လူသားလုပ်သားများ၏ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများကို စက်များထံမည်သို့လွှဲပြောင်းအသုံးချမည်ဆိုသည့် စိန်ခေါ်မှုများရှိနေဆဲဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## မလက္ကာရေလက်ကြားလုံခြုံရေးအတွက် ရေကြောင်းစောင့်ကြည့်မှုနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်မည်

**ကွာလာလမ်ပူ အောက်တိုဘာ ၂၆**

မလေးရှားနိုင်ငံသည် နိုင်ငံတကာကုန်သွယ်ရေးအတွက် အရေးပါသော မလက္ကာရေလက်ကြားကို လုံခြုံတည်ငြိမ်စွာ ဆက်လက်အသုံးပြုနိုင်ရေးအတွက် ရေကြောင်းစောင့်ကြည့်မှု၊ သတင်းအချက်အလက်ဖလှယ်မှုနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများကို အားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အက်ဒလီဇာဟာရီက အောက်တိုဘာ ၂၆ ရက်တွင် ပြောကြားခဲ့သည်။

မလေးရှားတပ်မတော်သည် မဟာဗျူဟာအရ အရေးပါသည့် အဆိုပါရေလက်ကြား၏ ရေကြောင်းသွားလာမှု လုံခြုံရေးအတွက် ရေတပ်နှင့် လေတပ်တို့မှတစ်ဆင့် အဆက်မပြတ်စောင့်ကြည့်ခြင်းနှင့် ကင်းလှည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက လွှတ်တော်တွင် ပြောကြားခဲ့သည်။

ထို့ပြင် မလေးရှားနိုင်ငံသည် အင်ဒိုနီးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ပါဝင်သည့် မလက္ကာရေလက်ကြား ပူးတွဲကင်းလှည့်ရေးအစီအစဉ်မှတစ်ဆင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု၊ သတင်းအချက်အလက်ဖလှယ်မှုနှင့်ရေကြောင်းလုံခြုံရေးဆိုင်ရာ စောင့်ကြည့်သိရှိနိုင်စွမ်းတို့ကို မြှင့်တင်လျက်ရှိသည်။

မလက္ကာ ရေလက်ကြားလုံခြုံရေးကို ထိန်းသိမ်းနိုင်ရန် ရေကြောင်းစောင့်ကြည့်မှု၊ သတင်းအချက်အလက်ဖလှယ်မှု၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုနှင့် သံတမန်ရေးရာကြိုးပမ်းမှုများကို ဆက်လက်အားဖြည့်သွားမည်ဟု ၎င်းက ပြောကြားသည်။ **ဆင်ဟွာ**

## နီပေါ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရန် ဒေါ်လာ ၄ ဒသမ ၇၇ ဘီလီယံ လိုအပ်

**ခတ္တမန္ဒူ အောက်တိုဘာ ၂၆**

နီပေါနိုင်ငံတွင် ဩဂုတ် ၂၆ ရက်က ဖြစ်ပွားခဲ့သည့် ရေကြီးမှုနှင့် မြေပြိုမှုကြောင့် ပျက်စီးခဲ့သောဒေသများ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၇ ဘီလီယံခန့် လိုအပ်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ဘေးသင့်ဒေသများသို့ အကူအညီများပို့ဆောင်နိုင်ရန် တရုတ်-နီပေါနယ်စပ်တစ်လျှောက် ယာယီတံတားတစ်စင်း တည်ဆောက်ခဲ့ကြောင်း၊ ဘေးသင့်ပြည်သူများကို ပိုမိုလုံခြုံသည့် နေရာများသို့ ပြောင်းရွှေ့ပေးရေးနှင့် ယာယီနေအိမ်များအတွက် နေရာများပြင်ဆင်ရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံကျော်ရှိမည်ဟု နီပေါအစိုးရ၏ ထိခိုက်ပျက်စီးမှုနှင့် လိုအပ်ချက်ဆိုင်ရာ အကဲဖြတ်ချက်တွင် ခန့်မှန်းထားသည်။

ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများပြီးစီးရန် သုံးနှစ်ခန့်ကြာမြင့်မည်ဟု ခန့်မှန်းထားပြီး ကုလသမဂ္ဂ၏ရာသီဥတုပြောင်းလဲမှုဒဏ် ခံစားနေရသော ဖွံ့ဖြိုးဆဲနိုင်ငံများကိုကူညီသည့် ရန်ပုံငွေကလည်း နီပေါနိုင်ငံအတွက် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၆ သန်းကို ယာယီလျာထားကြောင်း ပြီးခဲ့သည့် သီတင်းပတ်တွင် ကြေညာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ဘင်္ဂလားဒေ့ရှ်၌ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ တစ်ရက်အတွင်း ၂၂၄၉ ဦးရှိ

**ဒါကာ အောက်တိုဘာ ၂၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အောက်တိုဘာ ၂၅ ရက် နံနက် ၈ နာရီအထိ ၂၄ နာရီအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၂၂၄၉ ဦးရှိခဲ့ပြီး ယင်းသည် ယခုနှစ်အတွင်း တစ်ရက်တာဖြစ်ပွားမှုအများဆုံးဖြစ်ကြောင်း ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

### လစ်ဗျားနိုင်ငံတွင် တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ကုဗပေ သန်း ၅၀ ထုတ်လုပ်နိုင်သည့် ဓာတ်ငွေ့တွင်းသစ်ဖွင့်

လစ်ဗျားအမျိုးသားရေနံကော်ပိုရေးရှင်း (NOC) သည် နိုင်ငံအရှေ့ပိုင်း ဘင်္ဂါဇီမြို့၏ တောင်ဘက်၌ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၅၀ အထိ ထုတ်လုပ်နိုင်စွမ်းရှိသည့် အယ်လ်ရာရှတ် ဓာတ်ငွေ့တွင်းကို အောက်တိုဘာ ၂၅ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း ကြေညာခဲ့သည်။

အဆိုပါဓာတ်ငွေ့တွင်းမှ ထုတ်လုပ်မှုသည် ပြည်တွင်းသဘာဝဓာတ်ငွေ့ထောက်ပံ့မှုကို တိုးမြှင့်ပေးနိုင်ပြီး လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် စက်မှုလုပ်ငန်းကဏ္ဍတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် အထောက်အကူပြုမည်ဟု မျှော်မှန်းထားသည်။ **ဆင်ဟွာ**

### ကမ္ဘောဒီးယား၌ ရေအရင်းအမြစ်ဆိုင်ရာ စိန်ခေါ်မှုများဖြေရှင်းရန် အမျိုးသားအဆင့် ရေညီလာခံကျင်းပ

ကမ္ဘောဒီးယားနိုင်ငံ၌ အရေးပါသော ရေအရင်းအမြစ်များအပေါ် ဖိအားများ တိုးလာမှုကို ဖြေရှင်းနိုင်ရန် အမျိုးသားအဆင့် ရေညီလာခံတစ်ရပ်ကို အောက်တိုဘာ ၂၆ ရက်တွင် စတင်ကျင်းပခဲ့ကြောင်း သိရသည်။

ညီလာခံနှင့်အတူ ရေစီမံခန့်ခွဲမှု၊ လုပ်ငန်းလည်ပတ်မှု ထိရောက်ရေးနှင့် ဝန်ဆောင်မှုပေးအပ်ရေးဆိုင်ရာ နယ်ပယ်များတွင် လုပ်ကိုင်နေသည့် ကမ္ဘောဒီးယားနိုင်ငံတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ဆန်းသစ်တီထွင်ထားသော ထုတ်ကုန်များ၊ ဝန်ဆောင်မှုများနှင့် နည်းပညာများကို ပြသသည့် ကုန်စည်ပြပွဲကိုလည်း ထည့်သွင်းကျင်းပခဲ့သည်။ **ဆင်ဟွာ**

### နယူးဇီလန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်

နယူးဇီလန်နိုင်ငံ၌ အောက်တိုဘာ ၂၆ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်ခဲ့ရာ ခရီးသွားလာရေး အနှောင့်အယှက်ဖြစ်ပေါ်ခဲ့ပြီး လမ်းအချို့ကိုလည်း ပိတ်ထားရကြောင်း သိရသည်။

မြို့တော်ဝယ်လင်တန်အပါအဝင် နေရာအချို့တွင်လည်း လေပြင်းတိုက်ခတ်မှုကြောင့် လမ်းပိုင်းအချို့ကိုပိတ်ထားခဲ့ရပြီး မီးသတ်နှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များသည် လေပြင်းတိုက်ခတ်မှုနှင့် ဆက်စပ်သည့် အရေးပေါ်ဖြစ်စဉ်ငါးခုကို တုံ့ပြန်ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။ **ဆင်ဟွာ**

### အာဖဂန်၌ ဆေးခြောက် ၁၆ ကီလိုဂရမ် သိမ်းဆည်းရမိ

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘက်ဂ်လန်ပြည်နယ်၌ အောက်တိုဘာ ၂၅ ရက်က ဆေးခြောက် ၁၆ ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးမှောင်ခိုကူးသည်ဟု သံသယရှိသူတစ်ဦးကိုလည်း ဖမ်းဆီးခဲ့ကြောင်း ပြည်နယ်မူးယစ်ဆေးဝါးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ရိုဟူလာ ဖာဇယ်ယာက အောက်တိုဘာ ၂၆ ရက်တွင် ပြောကြားခဲ့သည်။

သံသယရှိသူသည် တရားမဝင်မူးယစ်ဆေးဝါးများကို အခြားနေရာတစ်ခုသို့ သယ်ဆောင်ရန်ကြိုးပမ်းနေစဉ် ပြည်နယ်မြို့တော် ပူအီခွန်မရီမြို့၏ အပြင်ဘက်တွင် ရဲတပ်ဖွဲ့က ၎င်း၏မော်တော်ယာဉ်ကို ကြားဖြတ်တားဆီးခဲ့ပြီး တရားမဝင်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် စတုဒိသာကျွေးမွေးလှူဒါန်းပွဲ ကျင်းပ




**ပဲခူး အောက်တိုဘာ ၂၆**
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ပဲခူးမြို့၌ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် စတုဒိသာကျွေးမွေးခြင်း အခမ်းအနားကို ယမန်နေ့က ကျင်းပရာ ဖွင့်ပွဲကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ညီလန်းချိုနှင့် မြို့မိ/မြို့ဖ နှစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများက ရွှေမော်ဓောဘုရားလမ်းတစ်လျှောက်ရှိ မီးအလှဆင်ရုပ်ပုံများ၊ ရောင်စုံမီးပုံးများ ချိတ်ဆွဲအလှဆင်ထားရှိမှုနှင့် ဌာနဆိုင်ရာ စတုဒိသာမဏ္ဍပ်တို့အား အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြသည့် ပြည်သူများနှင့်အတူ လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။(ယာပုံ)

ပဲခူးမြို့၌ ကျင်းပလျက်ရှိသည့် သီတင်းကျွတ်မီးထွန်းပွဲတော်၌ ပဲခူးမြို့ရှိ ပန်းခြံများ၊ တံတားများ၊ နာရီစင်များ၊ ဌာနဆိုင်ရာရုံးများ၊ ဟံသာဝတီညဈေးနှင့် ရွှေမော်ဓောဘုရားလမ်း တစ်လျှောက်တို့တွင် ရောင်စုံမီးအလှများ၊ အနယ်နယ်အရပ်ရပ်မှ (၁၂) လရာသီပွဲဈေးတန်း အရောင်းဆိုင်များ၊ ပျော်ပွဲရွှင်ပွဲများအပြင် လာရောက်လည်ပတ်အားပေးသည့် ဧည့်ပရိသတ်များအား နိုင်ငံကျော်အဆိုတော်များ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ပေးလျက်ရှိရာ ညတိုင်း အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး
(ပြန်/ဆက်)

# သီတင်းကျွတ်အခါသမယတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၊ သီတင်းကျွတ်မီးထွန်းပွဲတော်များ ကျင်းပပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၂၆**
မြန်မာတို့၏၁၂လရာသီယဉ်ကျေးမှုပွဲတော်များအနက် သီတင်းကျွတ်မီးထွန်းပွဲတော်သည် ဘာသာတရားကို အခြေခံသည့် မွန်မြတ်သောအစဉ်အလာ ပွဲတော်တစ်ခုဖြစ်ပြီး တာဝတိံသာနတ်ပြည်မှ လူ့ပြည်သင်္ကဿနဂိုရ်ပြည်သို့ နတ်ဖြဟ္မာအပေါင်း ခြံရံလျက်ဆင်းသက်တော်မူလာသည့် မြတ်စွာဘုရားရှင်အား ကြိုဆိုသည့်အနေဖြင့် ဆီမီးထွန်းပူဇော်သည်ကို အကြောင်းပြု၍ အစဉ်အလာမပျက် ကျင်းပသည့် သီတင်းကျွတ်မီးထွန်းပွဲတော်ဖြစ်သည်။



မြတ်စွာဘုရားရှင်သည် အဘိဓမ္မာတရားတော်ကို သီတင်းကျွတ်လပြည့်နေ့တွင် ဟောကြားပြီးဆုံးသည့်အတွက် ယနေ့သီတင်းကျွတ်လပြည့်နေ့သည် အဘိဓမ္မာအခါတော်နေ့ဖြစ်သည့် အားလျော်စွာ ဗုဒ္ဓဘာသာဝင်တို့အတွက် လေးနက်ထူးခြားသည့် နေ့ထူးနေ့မြတ် တစ်ရက်လည်းဖြစ်ရာ အဆိုပါ သီတင်းကျွတ်လပြည့်နေ့ အပါအဝင် သီတင်းကျွတ်ပွဲတော်ကာလအတွင်း ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးများ ထွန်းလှူပူဇော်ခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ သံဃာတော်များအား ဆွမ်းလောင်းလှူခြင်း၊ သက်ကြီးရွယ်အိုများနှင့် မိဘ၊ ဆရာများနှင့် ဘိုးဘွားများအား ကန်တော့ခြင်း၊ ကုသိုလ်ဒါန သီလပွားများခြင်း၊ ဇီဝိတဒါနငါး/ငှက်လွှတ်ခြင်း စသည့်သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြလေ့ရှိသည့်အပြင် အထင်ကရနေရာများ၊ ပန်းခြံများ၊ အပန်းဖြေနေရာများ၌ အပန်းဖြေခြင်းတို့ဖြင့်လည်း သီတင်းကျွတ်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။

သီတင်းကျွတ်လပြည့်နေ့ဖြစ်သော ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏာသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အပါအဝင် ဘုရားစေတီပုထိုးများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ မိဘပြည်သူများက ဝါကျွတ်ကာလအခါသမယအဖြစ် ဆီမီးများ ပူဇော်ခြင်းနှင့် ဖူးမြော်ကြည်ညိုခြင်းများဖြင့်လည်းကောင်း၊ မိဘ၊ ဆရာ၊ သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့ခြင်းများဖြင့်လည်းကောင်း ကုသိုလ်ယူကြသည်။

ယင်းအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ စတုဒိသာကျွေးမွေးခြင်း၊ မြန်မာ့ရိုးရာအကအလှများဖြင့် ဖျော်ဖြေခြင်း၊ ဥယျာဉ်၊ ပန်းခြံများနှင့် အများပြည်သူ အပန်းဖြေနေရာများတွင်လည်း ရောင်စုံမီးများဖြင့် မီးအလှများ တပ်ဆင်ထားရှိခြင်း၊ ဈေးရောင်းပွဲတော်များ ကျင်းပပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ထားရှိကြရာ ပြည်သူများအနေဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ လည်ပတ်အနားယူ အပန်းဖြေလျက်ရှိကြသည်။

ထို့အပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်း အတွင်းရှိ လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများ တပ်ဆင်ထားပြီး မီးရောင်စုံများ တပ်ဆင်ထားသည့် ပုံစံငယ်များဖြင့် မီးအလှများ ဆင်ယင်ထားရှိကြရာ လာရောက် အပန်းဖြေကြည့်ရှုသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# မျိုးဆက်သစ်တို့၏ အနာဂတ်အရေး အပင်ဗီဇအရင်းအမြစ်များ စနစ်တကျ ကာကွယ်ထိန်းသိမ်းအသုံးပြုပေး

**ဤကမ္ဘာမြေ သက်ဝင်တည်ရှိနေခြင်းသည် သက်ရှိသတ္တဝါများနှင့် အပင်တို့ကြောင့်ဖြစ်ရာ သတ္တဝါများ ရှင်သန်နေနိုင်ခြင်းကပင် အပင်များ(အထူးသဖြင့် မတူညီကွဲပြားသည့် အပင်မျိုးစိတ် မျိုးကွဲများ) စုံစုံလင်လင် ရှိနေခြင်းကြောင့်ဖြစ်သည်။**

*ဒေါက်တာပပဝင်း (စိုက်/သု)*

ယခုအခါ ကမ္ဘာပေါ်တွင် သိပ္ပံနည်းကျ မှတ်တမ်းတင်ထားသော အပင်မျိုးစိတ် အရေအတွက် ၃၉၀၀၀၀ မှ ၄၃၅၀၀၀ ဝန်းကျင်ကြား ရှိသည်ဟု ဆိုပါသည်။ ကမ္ဘာ့သမိုင်းတစ်လျှောက် လူသားတို့ အစားအစာအဖြစ် စိုက်ပျိုးခဲ့သော အပင်မျိုးစိတ်ပေါင်း ၆၀၀၀ ကျော်ရှိသည်ဟု ဆိုသော်လည်း စုစုပေါင်း သီးနှံအမျိုးအစား ၂၀၀ အောက်သာ ကမ္ဘာ့အစားအစာ ထုတ်လုပ်မှု၏ အဓိကနေရာတွင် ပါဝင်နေသည်ဟု လေ့လာသိရှိရပါသည်။ ထို့ကြောင့် သုတေသနပြုလေ့လာဖော်ထုတ် စုဆောင်းထိန်းသိမ်းအသုံးပြုရန် အပင်မျိုးစိတ်များ၊ မျိုးကွဲများ များစွာကျန်ရှိလျက်ရှိပါသည်။



**စိုက်ပျိုးသီးနှံပင်များ၏ မူလအစ**

၁၉၂၆ ခုနှစ်တွင် နီကိုလိုင်း ဗာဗီလော့ဗ်(Nikolai Vavilov)က စိုက်ပျိုးသီးနှံပင်များ၏ မူလအစကို ပထဝီဝင်ဒေသ အပိုင်းအခြား အမျိုးမျိုးပေါ်မူတည်၍ ရှစ်ခု ပိုင်းခြားဖော်ပြခဲ့ရာ မြန်မာနိုင်ငံ တည်ရှိရာ Indo-Burma အပိုင်းပါဝင်နေသည်ကို ကြည့်ခြင်းအားဖြင့် ပထဝီအနေအထားအရ ရေမြေရာသီဥတု အမျိုးအစား စုံလင်သော မြန်မာနိုင်ငံသည် အပင်ဗီဇ မျိုးစုံမျိုးကွဲ များစွာပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်ကို သိရှိနိုင်မည်ဖြစ်ပါသည်။

စိုက်ပျိုးသီးနှံပင်များ၏ မူလအစဟု သတ်မှတ်ခြင်းဆိုင်ရာ စံနှုန်းများမှာ သီးနှံမျိုးကွဲများစွာ ရှိခြင်း၊ ယဉ်ပါးပြီး သီးနှံပင်များနှင့်အတူ အပင်ရိုင်းများရှိနေခြင်းနှင့် ယင်းသီးနှံနှင့်ပတ်သက်၍ ရှည်လျားလှသော စိုက်ပျိုးမှုသမိုင်းကြောင်း ရှိခြင်းတို့ကြောင့်ပင်ဖြစ်သည်။ ၁၉၂၀ ပြည့်လွန်နှစ်များအတွင်း ကွင်းဆင်းရှာဖွေမှုများ များစွာပြုလုပ်၍ မျိုးဗီဇမျိုးကွဲများ စတင်စုဆောင်းခဲ့သည်။ ကမ္ဘာ့ပထမဆုံး မျိုးဗီဇဘဏ်ကို ပက်ထရိုဂရက် (စိန့်ပီတာစဘတ်) မြို့တွင် ထူထောင်ခဲ့သည်။

**အပင်ဗီဇအရင်းအမြစ်**

အပင်ဗီဇအရင်းအမြစ် သို့မဟုတ် အပင်ဗီဇမျိုးကွဲဆိုသည်မှာ အပင်များနှင့် ယင်းတို့နေထိုင်သည့် ပတ်ဝန်းကျင်တို့အကြား အပြန်အလှန်တုံ့ပြန်သက်ရောက်မှုတို့ကြောင့် အမျိုးမျိုးကွဲပြားဖြစ်ပေါ်တည်ရှိနေသည့် အပင်အမျိုးမျိုးကို ဆိုသည်။ အပင်မျိုးစိတ်တစ်ခုအတွင်း သို့မဟုတ် အပင်မျိုးစိတ်အချင်းချင်းကြားတွင် တည်ရှိနေသော မျိုးရိုးဗီဇဆိုင်ရာ ကွဲပြားခြားနားမှုကြောင့် အမျိုးမျိုးကွဲပြားနေရခြင်းဖြစ်သည်။ အပင်ဗီဇမျိုးကွဲများမှ အစားအစာ၊ ဆေးဝါး၊ အသုံးအဆောင်ပစ္စည်း၊ ဓာတုဒြပ်ပေါင်းနှင့် စွမ်းအင်များ ထုတ်ယူသုံးစွဲနိုင်သောကြောင့် ယင်းတို့သည် သတ္တဝါများ ရေရှည်တည်တံ့စွာ ရှင်သန်နေထိုင်ရေးအတွက် မရှိမဖြစ် လိုအပ်သည့်အရာများဖြစ်သည်။

အပင်ဗီဇမျိုးကွဲများမှာ အပင်မျိုးရိုင်းအမျိုးမျိုး၊ မိရိုးဖလာ စိုက်ပျိုးခဲ့ကြသည့် သီးနှံမျိုးကွဲများ၊ ခေတ်မီမျိုးဖျားများ၊ သားဆက်မျိုးလိုင်းများ၊ မျိုးပွားနိုင်သည့် အပင်အစိတ်အပိုင်းများနှင့် ဒီအင်န်အေတို့ ဖြစ်ကြသည်။ အပင်ဗီဇအရင်းအမြစ်များသည် အစာရေစာဖူလုံရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုတို့ကို ဖြေရှင်းရာ၌ အဓိကအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိခြင်းကြောင့် ယင်းတို့ကို ရေရှည်တည်တံ့စွာ ထိန်းသိမ်းအသုံးပြုနိုင်ရန် လိုအပ်သကဲ့သို့ ကမ္ဘာပေါ်ရှိ လူသားတိုင်း အကျိုးတူမျှဝေ သုံးစွဲခွင့်ရရှိကြရန်လည်း အလွန်ပင် အရေးပါလှပါသည်။

**အပင်ဗီဇအရင်းအမြစ်များကို ထိန်းသိမ်းအသုံးပြုသည့် မူဘောင်များ**

ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာညီလာခံ (Convention on Biological Diversity - CBD) သည် ၂၉-၁၂-၁၉၉၃ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့ပါသည်။ CBD ၏ ရည်ရွယ်ချက်များမှာ ဇီဝမျိုးစုံ မျိုးကွဲများအား ထိန်းသိမ်းရန်၊ စဉ်ဆက်မပြတ် အသုံးပြုရန်နှင့် အကျိုးတူမျှဝေခံစားရန်တို့ ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် CBD အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၆ နိုင်ငံ ရှိပါသည်။ မြန်မာနိုင်ငံသည် ၂၃-၂-၁၉၉၅ တွင် CBD အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့သည်။ ထို့ကြောင့် စာချုပ်ပါ အပိုဒ် ၂၆ အရ နိုင်ငံ၏ အမွေအနှစ်များနှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများကို အကျိုးရှိစွာ ထိန်းသိမ်းအသုံးချနိုင်ခြင်း ရှိ၊ မရှိ မှတ်တမ်းများ ပုံမှန်ပေးပို့ရသကဲ့သို့ ညီလာခံမှ ချမှတ်ထားသည့် ကတိကဝတ်များကိုလည်း လိုက်နာဆောင်ရွက်ရပါသည်။

**အကျိုးတူမျှဝေခံစားခြင်း**

ဗီဇအရင်းအမြစ်များကို ထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့စွာ သုံးစွဲနိုင်ရေးအတွက် အကျိုးတူမျှဝေခံစားခြင်း (Access to Benefit Sharing - ABS) သည် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာညီလာခံနှင့် စားရေရိက္ခာနှင့်စိုက်ပျိုးရေးအတွက် အပြည်ပြည်ဆိုင်ရာ အပင်ဗီဇအရင်းအမြစ်များ သဘောတူစာချုပ်တွင် အရေးကြီးသည့် အခန်းကဏ္ဍ၌ ပါဝင်လျက်ရှိပါသည်။ ယခုအခါတွင် ABS နှင့် ပတ်သက်၍ နိုင်ငံတကာနှင့် ဒေသတွင်းတို့၌ အမျိုးသားရေးမူဝါဒများ ချမှတ်ခြင်း၊ ဥပဒေ၊ နည်းဥပဒေတို့ ပြဋ္ဌာန်းအသုံးပြုခြင်းများ တူညီစွာဆောင်ရွက်နိုင်ရန် အလို့ငှာ Nagoya Protocol တစ်ရပ် ပေါ်ပေါက်ခဲ့ပြီလည်း ဖြစ်ပါသည်။

**အပင်ဗီဇမျိုးကွဲများအား ထိန်းသိမ်းသည့်နည်းလမ်းများ**

အပင်ဗီဇမျိုးကွဲများကို ထိန်းသိမ်းသည့်နည်းလမ်း နှစ်ရပ်ရှိပါသည်။ ယင်းတို့မှာ In situ conservation နှင့် Ex situ conservation တို့ဖြစ်ကြပါသည်။ In situ conservation ဆိုသည်မှာ အပင်ဗီဇအရင်းအမြစ်များကို ယင်းတို့တွေ့ရှိရာဒေသတွင် သဘာဝအတိုင်းထိန်းသိမ်းခြင်းဖြစ်ပြီး Ex situ conservation ဆိုသည်မှာ အပင်ဗီဇ အရင်းအမြစ်များကို ယင်းတို့ပေါက်ရောက်ရာဒေသ မဟုတ်သည့်နေရာများ၌ အထူးကြပ်မတ်၍ ထိန်းသိမ်းခြင်း (ဥပမာ- မျိုးစေ့များကို အအေးခန်း ၅ ဒီဂရီစင်တီဂရိတ်၊ မျိုးရိုးဗီဇအပိုင်းအစများကို အထူးအအေးခန်း၊ သီးသန့်စိုက်ခင်းနှင့် ရုက္ခဗေဒဥယျာဉ်တို့တွင် ထိန်းသိမ်းခြင်း) ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအတော်များများတွင် အပင်ဗီဇအရင်းအမြစ်များကို ဗီဇဘဏ်ဖြင့် ထိန်းသိမ်းလျက်ရှိရာ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီး၏ တရားဝင်ဒေတာဘေ့စ်အရ ယခုအချိန်ထိ မျိုးဗီဇဘဏ် ၁၇၅၀ ကျော် (၁၇၅၀ မှ ၁၇၈၀ ဝန်းကျင်)တွင် အထူးစီမံထားသည့် အအေးခန်းများ၌ စုဆောင်းထိန်းသိမ်းထားသော အပင်ဗီဇမျိုးကွဲပေါင်း ၇ ဒသမ ၄ သန်းခန့် ရှိသည်ဟု လေ့လာသိရှိရပါသည်။

နော်ဝေနိုင်ငံ စဗားဘတ် ကမ္ဘာ့အရန် မျိုးဗီဇဘဏ်တွင် မျိုးစိတ်ပေါင်း ၆၀၀၀ ကျော်၊ မျိုးကွဲပေါင်း ၁ ဒသမ ၃ သန်းကျော်ခန့် ထိန်းသိမ်းထားရှိပါသည်။ မြန်မာနိုင်ငံ၌လည်း အပင်ဗီဇမျိုးကွဲများကို ဗီဇ/မျိုးစေ့ဘဏ်တွင် ထိန်းသိမ်းနိုင်ရန် ၁၉၉၀ ပြည့်နှစ်မှစ၍ ဂျပန်နိုင်ငံ၏ အကူအညီဖြင့် စတင်ခဲ့ရာ ယခုအခါ အပင်ဗီဇမျိုးကွဲပေါင်း ၁၃၉၂၆ (စပါး ၈၄၃၄၊ စပါးရိုင်း ၁၈၀၊ ပဲမျိုးစုံ ၁၆၆၁၊ အခြားနှံစားသီးနှံ ၂၃၀၃၊ ဆီထွက်သီးနှံ ၈၁၉၊ ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံ ၅၂၉) တို့ကို နှစ်တို၊ နှစ်လတ် အအေးခန်းများဖြင့် ထိန်းသိမ်းထားရှိပါသည်။

မြန်မာနိုင်ငံ မျိုးစေ့ဘဏ်၏ ထိန်းသိမ်းထားရှိနိုင်သည့်ပမာဏမှာ နှစ်တို ၁၀ ဒီဂရီစင်တီဂရိတ် (10°C) ဖြင့် သက်တမ်း ၃-၅ နှစ်ထိ ၂၁၆၀၀ Accessions နှင့် နှစ်လတ် အနုတ် ၅ ဒီဂရီစင်တီဂရိတ် (-5°C)ဖြင့် သက်တမ်း ၂၀-၂၅ နှစ်ထိ ၂၀၈၃၈ Accessions ခန့် ဖြစ်ပါသည်။ မြန်မာနိုင်ငံ ဗီဇဘဏ်မှ အပင်ဗီဇမျိုးကွဲပေါင်း ၂၉၉၆၄ မျိုးကို ဇရိယာနယ်ပယ်အသီးသီးသို့ စံသတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းပေးအပ်ခြင်းဆိုင်ရာ သဘောတူစာချုပ်ဖြင့် မျှဝေထားရှိပါသည် (source: DAR ၂၀၁၆၊ မတ်လ)။ မြန်မာနိုင်ငံအနေဖြင့်လည်း စုဆောင်းထိန်းသိမ်းရန် ကျန်ရှိနေသည့် အပင်ဗီဇမျိုးကွဲများကို ဆက်လက်စုဆောင်းသွားရေးနှင့် Sub-Gene Bank များ ဆောက်လုပ်၍ ထပ်မံစုဆောင်းထိန်းသိမ်းနိုင်ရေး တို့အတွက် လိုအပ်သည့်အစီအမံများ ချမှတ်ဆောင်ရွက်သင့်ပါသည်။

**မျိုးဗီဇဆုံးရှုံးမှုကိုကာကွယ်ရန် ဦးစားပေး ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ**

၁၉၀၀ မှ ၂၀၀၀ ပြည့်နှစ် (နှစ် ၁၀၀ အတွင်း) အပင်မျိုးဗီဇအရင်းအမြစ်များ ပျောက်ကွယ်ဆုံးရှုံးမှုမှာ ၇၅ ရာခိုင်နှုန်းခန့် ရှိမည်ဟု လေ့လာသိရှိရပါသည်။ အထူးသဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့် ၂၀၅၅ ခုနှစ်အရောက်တွင် မြေပဲ၊ အာလူးနှင့် ပဲမျိုးစုံကဲ့သို့ အဓိကသီးနှံများ၏ အပင်ရိုင်းများ ၂၂ ရာခိုင်နှုန်းခန့် မျိုးသုဉ်းပျောက်ကွယ်သွားနိုင်ခြေရှိမည်ဟု လေ့လာသိရှိရပါသည်။



ပိုးမွှားရောဂါနှင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော မျိုးသစ်များ မွေးမြူထုတ်လုပ်ရန် မူလဒေသမျိုးများနှင့် အပင်မျိုးရိုင်းများ၏ ဗီဇများကို မဖြစ်မနေ ထုတ်ယူအသုံးပြုရပါသည်။ အပင်ဗီဇ အရင်းအမြစ်များကို စနစ်တကျ မထိန်းသိမ်းနိုင်ပါက ရေရှည်တွင် စားရေရိက္ခာထုတ်လုပ်မှု လျော့ကျလာမည်ဖြစ်ပြီး နိုင်ငံ၏စိုက်ပျိုးစီးပွားကို တိုက်ရိုက်ထိခိုက်စေမည်ဖြစ်သည်။ ထို့ကြောင့် အပင်ဗီဇ အရင်းအမြစ်များကို ရေရှည်တည်တံ့စွာ ထိန်းသိမ်းနိုင်ရန်နှင့် အကျိုးတူမျှဝေသုံးစွဲနိုင်ရန် ဆောင်ရွက်သင့်ပါသည်။

**ဥပဒေနှင့် မူဝါဒမူဘောင်များ ခိုင်မာအောင် ဆောင်ရွက်ခြင်း။** ဇီဝမျိုးစုံမျိုးကွဲများ အကျိုးတူ မျှဝေသုံးစွဲရေးဆိုင်ရာ Regulatory Framework (ABS - Access and Benefit Sharing) ကို ပိုမိုအသက်ဝင်အောင် ဆောင်ရွက်ခြင်း၊ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ၊ မျိုးစေ့ဥပဒေနှင့် ဇီဝလုံခြုံမှုဆိုင်ရာဥပဒေများကို နိုင်ငံတကာစံနှုန်းတို့နှင့်အညီ ဟန်ချက်ညီညီ ပေါင်းစပ်အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။

**ဘတ်ဂျက်နှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း။** ပြည်တွင်းရှိ မျိုးစေ့ဘဏ်၏ ထိန်းသိမ်းနိုင်စွမ်းနှင့် စက်ပစ္စည်း၊ နည်းပညာများကို ခေတ်မီအောင် အဆင့်မြှင့်တင်ခြင်း၊ ဒေသအသီးသီးတွင် Sub-Gene Bank များ တိုးချဲ့တည်ဆောက်ခြင်းနှင့် ကွင်းဆင်းစုဆောင်းရေးလုပ်ငန်းစဉ်များအတွက် လိုအပ်သော ဘဏ္ဍာငွေ ဖြည့်တင်းခြင်းများ ဆောင်ရွက်သင့်ပါသည်။

**“ စိုက်ပျိုးရေးကို အခြေခံသည့် မြန်မာနိုင်ငံအတွက် အပင်ဗီဇအရင်းအမြစ်များ ထိန်းသိမ်းခြင်းသည် ရွေးချယ်ဆောင်ရွက်ရမည့် လမ်းကြောင်းတစ်ခုမဟုတ်ဘဲ မဖြစ်မနေဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပါသည်။ မူဝါဒချမှတ်သူများအနေဖြင့် အဆိုပါဗီဇအရင်းအမြစ်များ၏ ရေရှည်တန်ဖိုးကို အထူးသတိပြု၍ ခိုင်မာသည့် ဥပဒေမူဘောင်များ ပြဋ္ဌာန်းခြင်း၊ ဘတ်ဂျက်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပေးခြင်းတို့ဖြင့် ပံ့ပိုးပေးမည်ဆိုပါက မြန်မာ့စိုက်ပျိုးရေးသည် ပြောင်းလဲလာမည့် ရာသီဥတုအခြေအနေကို ကြံ့ကြံ့ခံနိုင်ပြီး စားရေရိက္ခာ ပြည့်စုံဖူလုံသည့် ဆန်းသစ်သော အနာဂတ်သို့ တက်လှမ်းနိုင်မည် ”**

*စာမျက်နှာ ၁၇ သို့*

## သီတင်းကျွတ်လပြည့်နေ့တွင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အထင်ကရဘုရားများ၌ ဆီမီးပူဇော်



**ညောင်ဦး အောက်တိုဘာ ၂၆**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းအထင်ကရဘုရားများတွင် ဒေသခံပြည်သူများနှင့် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်) နေ့တွင် ဆီမီးပူဇော်သူ များပြားလျက်ရှိသည်။

ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ဂေါပကအဖွဲ့ထားရှိသည့် သမိုင်းဝင်/ သမိုင်းအထင်ကရဘုရား ၁၉ ဆူအပြင် အခါကြီးရက်ကြီးများတွင် မြန်မာပြည်အရပ်ရပ်မှ ဆီမီးပူဇော်လာရောက်လေ့ရှိရာ နှစ်စဉ်နှစ်တိုင်း ရိုးရာမပျက် ဆီမီးပူဇော်ကြကြောင်း၊ ယနေ့သီတင်းကျွတ်လပြည့်နေ့တွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက မြတ်စွာဘုရားရှင်နှင့် သာသနာကို စောင့်ရှောက်တော်မူကြသော ရဟန်း/ သံဃာတော်များအား ရည်မှန်း၍ ဆီမီးကပ်လှူပူဇော်ကြကြောင်း၊ ရွှေစည်းခုံစေတီတော်၊ ထီးလိုမင်းလို၊ အလိုတော်ပြည့်၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ ရွှေဆံတော်၊ မနူဟာ၊ ဓမ္မရာဇက၊ မဟာဗုဒ္ဓပစ်တောင်၊ မဟာဗောဓိ၊ သဗ္ဗညုဘုရား၊ တုရင်တောင်စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ ဗူးဘုရား၊ ပြဿဒ်ကြီး၊ ပဿာဒဘုရား၊ ရွှေဂူကြီးဘုရား၊ အာနန္ဒာဘုရား၊ မြစေတီဘုရား၊ အင်ကြင်းဂူဘုရား၊ လောကမာန်ကင်းဘုရား၊ စိုးမင်းကြီးဘုရားနှင့် ညောင်ဦးမြို့မှ ပုဂံမြို့သစ်သွား အနော်ရထာ နှစ်လမ်းသွား ကားလမ်းမကြီးဘေး တစ်ဖက်စီတွင်ရှိသော ဘုရားများကို မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများက ဆီမီးများ ကပ်လှူပူဇော်ခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၌ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကား

**ကျိုက်ထို အောက်တိုဘာ ၂၆**
မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား သီတင်းကျွတ်လပြည့်နေ့မှစ၍ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို ကျင်းပရာ အများပြည်သူ အလုပ်ပိတ်ရက်များဖြစ်သည့် သီတင်းကျွတ်လပြည့်ရုံးပိတ်ရက်တွင် ပြည်တွင်း၊ ပြည်ပမှ ဘုရားလာရောက်ဖူးမြော်ကြသူများဖြင့် စည်ကားလျက်ရှိသည်။



ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများ အန္တရာယ်ကင်းဝေးစေရန်နှင့် စိတ်ချမ်းမြေ့စွာ ဘုရားဖူးမြော်နိုင်ရန်အတွက် စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက လုံခြုံရေး၊ အခမဲ့တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများကို ကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်တက်မော်တော်ယာဉ် ၁၅၂ စီးကို နေ့စဉ်ပြေးဆွဲပေးနေပြီး သတ်မှတ်လူဦးရေနှင့် ယာဉ်စီးနင်းခများကိုလည်း သတ်မှတ်နှုန်းထားဖြင့် အလွယ်တကူ လိုက်ပါစီးနင်းနိုင်ရန် စီမံထားကြောင်း သိရသည်။

ဘုရားဖူးပြည်သူများ စည်ကားများပြားသည့်အတွက် ကျိုက်ထီးရိုး တောင်တော်တစ်လျှောက် အထင်ကရနေရာများဖြစ်သည့် မုဆိုးတောင်တော်၊ ကျီးကန်းပါးစပ်လိုဏ်ဂူတော်၊ ကျောက်ထပ်ကြီးစေတီတော်၊ ရေတံခွန် စသည့်နေရာများ၊ ရင်ပြင်တော် ဈေးဆိုင်တန်းတစ်လျှောက်ရှိ ထမင်းဆိုင်များ၊ အမှတ်တရ အရောင်းဆိုင်များ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေသည့်အပြင် အခမဲ့နှင့် အခပေးတည်းခိုဆောင်များ၊ ရင်ပြင်တော်၌လည်း တည်းခိုနေထိုင်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

**ပြည့်ဖြိုး(ပြန်/ဆက်)**

## အိမ်မဲမြို့တည်သမိုင်းဝင် ရှင်ပင်ချမ်းသာကြီးဘုရား၌ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကား

**အိမ်မဲ အောက်တိုဘာ ၂၆**
ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ချောင်းဝရပ်ကွက် (၁)လမ်းရှိ အိမ်မဲမြို့တည်သမိုင်းဝင် ရှင်ပင်ချမ်းသာကြီးဘုရား၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ညပိုင်းမှစတင်ပြီး ကုသိုလ်ကောင်းမှုပြုလုပ်ကြသူများ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။



အိမ်မဲမြို့နယ် မြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဘုရားဖူးလာပြည်သူများက မြတ်စွာဘုရားအားရည်မှန်း၍ ရွှေသင်္ကန်းကပ်လှူခြင်း၊ ပန်း၊ ဆီမီး၊ ရေချမ်းနှင့် လှူဖွယ်ဝတ္ထုများကို စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလျက်ရှိပြီး ညပိုင်းတွင် ကျင်းပသော ဆီမီး ၁၀၀၀ မီးထွန်းပူဇော်ပွဲတွင်လည်း အေးချမ်းပျော်ရွှင်စွာ သီတင်းကျွတ်ပွဲတော်ကို ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**ချစ်သက်လယ်(အိမ်မဲပြန်/ဆက်)**



## သာစည်မြို့နယ်ရှိ ရှင်ဆင်းလှစေတီတော်မြတ်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆီမီး ၁၀၀၀ ပူဇော်ပွဲကျင်းပ

**သာစည် အောက်တိုဘာ ၂၆**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် လှိုင်းတက်ကျေးရွာ ဘုရားကြီးပရိယတ္တိစာသင်တိုက်အတွင်း တည်ထားကိုးကွယ်တော်မူသော ရှင်ဆင်းလှစေတီတော်မြတ်ကြီး၌ သီတင်းကျွတ်လပြည့်နေ့တိုင်း နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆီမီး ၁၀၀၀ ပူဇော်ပွဲကို အောက်တိုဘာ ၂၆ ရက် (သီတင်းကျွတ်လပြည့်ည)က အစဉ်အလာမပြတ်ပြုလုပ်ကြောင်း သိရသည်။

ဆီမီး ၁၀၀၀ ပူဇော်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးဦးနှင့် တာဝန်ရှိသူများက ကျေးရွာပြည်သူများနှင့်အတူ ဘုရားကြီးနှင့်ရင်ပြင်တော်တို့၌ ဆီမီးပူဇော်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## သမိုင်းဝင်ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ (၄၇)ကြိမ်မြောက် ပဝါရဏာ ပူဇော်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၆**
၁၃၈၈ ခုနှစ် သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)နံနက် ၅ နာရီခွဲက စတင်ပြီး ပုဇွန်တောင်မြို့နယ်ရှိ သမိုင်းဝင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)နှင့် (၄၇)ကြိမ်မြောက် ပဝါရဏာပူဇော်ပွဲ အခမ်းအနားကို ကျင်းပရာ စေတီတော်မြတ်ကြီးအား ပန်း၊ ဆီမီး၊ ရေချမ်း၊ မုန့်၊ သစ်သီးများ အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ မေတ္တာဘာဝနာပွားများခြင်းနှင့် သံဃာတော်အရှင်သူမြတ် (၄၃) ပါးအား အရုဏ်ဆွမ်းဆပ်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ညနေ ၃ နာရီတွင် ပဝါရဏာပူဇော်ပွဲဆက်လက်ကျင်းပရာ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ သီလခံယူခဲ့ပြီး ဝါဆိုဝါကပ်တော်မူကြသော သံဃာတော်အရှင်သူမြတ် (၄၃) ပါးတို့အား ဂေါပကအဖွဲ့နှင့် အလှူရှင်များက ပဝါရဏာ ကျင်းပပူဇော်ပြီး လှူဖွယ်ပစ္စည်းများကပ်လှူခဲ့ကာ ဝါတွင်းကာလတစ်လျှောက်ပြုခဲ့သည့် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာဟုဆိုအပ်သော ကုသိုလ်ကောင်းမှု အစုစုတို့အတွက် ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲတော်များ အောင်ပွဲရေစက်ချ အခမ်းအနားကို ကျင်းပသည်။ ညနေပိုင်းတွင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ဆီမီးကပ်လှူပူဇော်ခဲ့ကြောင်း သိရသည်။

**စုယဉ်ချစ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

**လူသားအရင်းအမြစ်နှင့် နည်းပညာပံ့ပိုးခြင်း။** ဗီဇဘဏ်ဆိုင်ရာ နည်းပညာရှင်များ၊ အပင်မျိုး မွေးမြူရေးပညာရှင်များနှင့် မော်လီကျူလာနည်းပညာဆိုင်ရာ ပညာရှင်များကို စနစ်တကျမွေးထုတ်ပေးခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက်သင့်ပါသည်။

**မိရိုးဖလာအသိပညာနှင့် တောင်သူများ၏ အခွင့်အရေးကို ကာကွယ်ခြင်း။** ဒေသခံတောင်သူများ အဆင့်ဆင့်ထိန်းသိမ်းလာခဲ့ကြသည့် မိရိုးဖလာမျိုးများနှင့် အသိပညာများကို စနစ်တကျအသုံးပြုထိန်းသိမ်းကာကွယ်ခြင်းနှင့် အကျိုးအမြတ်များကို ဒေသခံများအား မျှဝေပေးခြင်းတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သင့်ပါသည်။

စိုက်ပျိုးရေးကို အခြေခံသည့် မြန်မာနိုင်ငံအတွက် အပင်ဗီဇအရင်းအမြစ်များ ထိန်းသိမ်းခြင်းသည် ရွေးချယ်ဆောင်ရွက်ရမည့် လမ်းကြောင်းတစ်ခုမဟုတ်ဘဲ မဖြစ်မနေဆောင်ရွက်ရမည့် အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်ပါသည်။ မူဝါဒချမှတ်သူများအနေဖြင့် အဆိုပါဗီဇအရင်းအမြစ်များ၏ ရေရှည်တန်ဖိုးကို အထူးသတိပြု၍ ခိုင်မာသည့် ဥပဒေမူဘောင်များ ပြဋ္ဌာန်းခြင်း၊ ဘတ်ဂျက် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပေးခြင်းတို့ဖြင့် ပံ့ပိုးပေးမည်ဆိုပါက မြန်မာ့စိုက်ပျိုးရေးသည် ပြောင်းလဲလာမည့် ရာသီဥတုအခြေအနေကို ကြံ့ကြံ့ခံနိုင်ပြီး စားရေရိက္ခာ ပြည့်စုံဖူလုံသည့် ဆန်းသစ်သော အနာဂတ်သို့ တက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။


**Royal Botanic Gardens, Kew (2016/2020/2023):** *State of the World's Plants / State of the World's Plants and Fungi Reports*။

**FAO (2019):** Bélanger, J. & Pilling, D. (eds.). *The State of the World's Biodiversity for Food and Agriculture*. FAO Commission on Genetic Resources for Food and Agriculture Assessments. Rome. (Chapter 4, Page 115)။

**Svalbard Global Seed Vault (Official Portal / Crop Trust):** Seed Portal Database *(Svalbard Seed Vault Updated Statistics)*။

**FAO WIEWS:** *World Information and Early Warning System on Plant Genetic Resources for Food and Agriculture* (Global Genebank Data)။

## သီတင်းကျွတ်မီးထွန်းပွဲတော် အထိမ်းအမှတ် မြစ်ကြီးနားမြို့၌ သီတာကမ်းနားလမ်းနှင့် အင်ဂျန်းကောင်လမ်းသွယ် (၅) အစိုးရနှင့်ပြည်သူ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်



**မြစ်ကြီးနား အောက်တိုဘာ ၂၆**

၂၀၂၆ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)၌ သီတင်းကျွတ်မီးထွန်းပွဲတော် အထိမ်းအမှတ် အစိုးရနှင့် ပြည်သူပူးပေါင်းဆောင်ရွက်ခဲ့သည့် သီတာကမ်းနားလမ်းနှင့် အင်ဂျန်းကောင်လမ်းသွယ်(၅) ကိုယ့်အားကိုယ်ကိုးလမ်းများ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါလမ်းကို အလှူရှင်၏ငွေအင်အားထည့်ဝင်မှု၊ စည်ပင်သာယာရေးဝန်ကြီးဌာန တာဝန်ယူဆောင်ရွက်ခဲ့မှုဖြင့် အရှည်ပေ ၂၉၀၊ အကျယ် ၁၈ ပေလမ်းနှင့် အရှည် ပေ ၅၀၀၊ အကျယ် ၁၄ ပေရှိသည့် ကတ္တရာလမ်း နှစ်လမ်းနှင့် အရှည်ပေ ၁၀၀၊ အကျယ် ၁၄ ပေ ကွန်ကရစ်လမ်းများ ခင်းကျင်းခဲ့ခြင်းဖြစ်သည်။

လမ်းဖွင့်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများ၊ ရပ်ကွက်နေ ပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လမ်းသစ်ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး လမ်းသစ်များကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းမှူး၊ ဒုတိယတိုင်းမှူး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် စည်ပင်သာယာရေးဝန်ကြီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ကတ္တရာလမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြကာ(အပေါ်ပုံ) ကမ်းနားလမ်းပေါ်မှတစ်ဆင့် တန်ဆောင်တိုင်ပွဲတော်အမီ ဖွင့်လှစ်သွားမည့် မြစ်ကြီးနား Night Market အတွက် မြေယာရှုခင်း ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ကျောင်းကုန်းမြို့ မျက်ရှင်တော်ပြည်လုံးချမ်းသာဘုရားကြီး၌ လပြည့်နေ့ည ဆီမီး ၅၀၀၀ ပူဇော်

**ကျောင်းကုန်း အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့၏ ကျက်သရေဆောင် မျက်ရှင်တော်ပြည်လုံးချမ်းသာဘုရားကြီး၌ ယနေ့သီတင်းကျွတ်လပြည့်နေ့ည ဆီမီး ၅၀၀၀ ပူဇော်ပွဲတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့ သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့) ည၌ ဆီမီး ၅၀၀၀ ပူဇော်ခြင်း၊ မီးပုံးပျံလွှတ်တင်ခြင်းကို ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



## သပိတ်ကျင်းမြို့နယ်၌ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် အဘိဓမ္မာတရား ရွတ်ဖတ်ပူဇော်ပွဲကျင်းပ

**သပိတ်ကျင်း အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်၌ သီတင်းကျွတ် လပြည့် အခါသမယတွင် ဆီမီးထွန်းညှိပူဇော်ခြင်းနှင့် အဘိဓမ္မာတရားရွတ်ဖတ် ပူဇော်ခြင်းတို့ ကျင်းပသည်။

သပိတ်ကျင်းမြို့ ကဘဲ့ရပ်ကွက် ကမ္ဘာ့အေးဆုတောင်းပြည့် စေတီတော်တွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုပေါင်း၍ ဘုရားစေတီတော်ရင်ပြင်များတွင် ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်းများ ပြုလုပ်ခဲ့ကြပြီး ဆိပ်ကမ်းရပ်ကွက် အောင်မြင်သာကျောင်းတိုက်၌ အဘိဓမ္မာတရား ရွတ်ဖတ်ပူဇော်ခြင်းများ ဆောင်ရွက်သကဲ့သို့ မြို့ပေါ်ရပ်ကွက်များရှိ စေတီတော်များနှင့် ဘုန်းတော်ကြီးကျောင်းများတွင်လည်း ဆီမီးများထွန်းညှိပူဇော်လျက်ရှိကြောင်း သိရသည်။

**ဖြိုးမမ(ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့နယ် မြို့ဦးအောင်စေတီ၌ ဆီမီးတစ်ထောင် ပန်းတစ်ထောင် ကပ်လှူပူဇော်

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ဖြစ်သည့် ယနေ့ ညနေ ၆ နာရီမှစတင်ကာ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးတစ်ထောင် ပန်းတစ်ထောင် ကပ်လှူပူဇော်ခြင်းနှင့် ဓမ္မစကြာရွတ်ဖတ်ခြင်းများကို မြို့ဦးအောင်စေတီ ရင်ပြင်တွင် ကျင်းပရာ ပန်း၊ ဆီမီး၊ ရေချမ်းကပ်လှူပူဇော်သူများ၊ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

အဆိုပါ ဆီမီးတစ်ထောင် ပန်းတစ်ထောင် ကပ်လှူပူဇော်ပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ရွှေနှင့် တာဝန်ရှိသူများက ပြည်သူများနှင့်အတူ ကပ်လှူပူဇော်ခဲ့ကြသည်။ အလားတူ ကျောက်ပန်းတောင်းမြို့ပေါ်ရှိ ဆုတောင်းပြည့်မဟာစေတီကြီးဘုရား၊ ကုန်းတော်ကြီး မင်္ဂလာစေတီဘုရား၊ မြတ်ရွှေဂူဘုရားနှင့် သက်တော်ရ/သက်တော်ရှည် ဘုရားတို့တွင်ပန်း၊ ဆီမီး ရေချမ်း ကပ်လှူပူဇော်ခြင်း၊ ရပ်ကွက်ဝတ်ရွတ်စဉ်အသင်းများက ဓမ္မစကြာရွတ်ဖတ်ပူဇော်ခြင်းနှင့် ဘုရားဖူးလာပြည်သူများအား စတုဒိသာကျွေးမွေးလှူဒါန်းခြင်းတို့ကို အစုအဖွဲ့လိုက် ကုသိုလ်ပြုဆောင်ရွက်လျက်ရှိကြရာ ဘုရားစေတီတိုင်းတွင် ဘုရားဖူးပြည်သူများ၊ ကုသိုလ်ပြုသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**



## သထုံမြို့ရှိ သမိုင်းဝင်ရွှေစာရံစေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့်နေ့၌ ဘုရားဖူးပြည်သူများဖြင့်စည်ကား

**သထုံ အောက်တိုဘာ ၂၆**

မွန်ပြည်နယ် သထုံမြို့ရှိ သမိုင်းဝင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော် မြတ်ကြီးတွင် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၌ ကုသိုလ်ဒါနပြုသူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။



စေတီတော် မြတ်ကြီးမှာ ရန်ကုန်- မော်လမြိုင် အဝေးပြေးလမ်းမကြီးနံဘေး၌ တည်ရှိသဖြင့် အလွယ်တကူ ဝင်ရောက်ဖူးမြော်နိုင်ရာ အများပြည်သူပိတ်ရက်ကာလ ကျိုက်ထီးရိုး၊ ကျိုက္ခမီ၊ စက်စဲ အစရှိသည့် အောက်မြန်မာပြည် ဘုရားဖူးအပန်းဖြေခရီးထွက်သူအများစုတို့ ခရီးတစ်ထောက်နား ဝင်ရောက်ဖူးမြော်ကြပြီး ဒေသခံ အပေါင်းတို့ကလည်း မိသားစုလိုက် လာရောက်ဖူးမြော် ကုသိုလ်ပြုလေ့ရှိသောကြောင့် အထူးစည်ကားသည်။

သမိုင်းမှတ်တမ်းများ အရ သထုံရွှေစာရံ စေတီတော်မြတ်ကြီးမှာ ဘုရားရှင်သက်တော် ထင်ရှားရှိစဉ်ကာလ မဟာသက္ကရာဇ် ၁၁၁ ခုနှစ် သူရိယစန္ဒာမင်းကြီးလက်ထက်၌ တည်ထားကိုးကွယ်ခဲ့ပြီး ကကုသန်ဘုရားရှင်၏ ဆံတော်ရှစ်ဆူ၊ ကောဏာဂုံဘုရားရှင်၏ တောင်ဝှေးတော်၊ ကဿပဘုရားရှင်၏ မြသပိတ်တော်နှင့် ဂေါတမဘုရားရှင်၏ သွားတော်လေးဆူတို့ဖြင့် ဘုရားရှင်လေးဆူတို့၏ ဓာတ်တော်မွေတော်များကို ဌာပနာသွင်းပူဇော်ထားသောကြောင့် လေးဆူဓာတ်စံ ရွှေစာရံစေတီဟူ၍ အနယ်နယ် အရပ်ရပ်၌ ထင်ရှားကျော်ကြားသော စေတီတစ်ဆူဖြစ်သည်။

သီတင်းကျွတ် လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားသည့် အဘိဓမ္မာအခါတော်နေ့ဖြစ်သည့် အလျောက် ရွှေစာရံစေတီတော်အပါဝင် သထုံမြို့နယ်အတွင်းရှိ ဘုရားကျောင်းကန်အသီးသီးတို့၌ အဘိဓမ္မာအခါတော်နေ့ပူဇော်ပွဲ၊ တရားသဘင် ဆင်ယင်ကျင်းပခြင်း၊ ဘုရားရှင်အား ဆီမီး၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်း၊ ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ခြင်း၊ ဒီပိတဒါန ငါးလွှတ်ခြင်း၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ကုသိုလ်ပြုကြသူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သီတင်းကျွတ်လပြည့်နေ့ည ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ဘုရားဖူးများဖြင့် အထူးစည်ကား

**တွံတေး အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဆံကေသဓာတုဆံတော်ခြောက်ဆူကိန်းဝပ်တော်မူသော ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) ယနေ့ညပိုင်းတွင် ပြုလုပ်ခဲ့ရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ပန်း၊ ဆီမီး၊ အမွှေးနံ့သာရည်များဖြင့် ထွန်းညှိပူဇော်ကြပြီး ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် နှစ်စဉ် နှစ်တိုင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။



**မျိုးလှိုင်(တွံတေး)**

# မကွေးမြို့နယ် မြင်ကွန်းကျေးရွာ ကွင်းအမှတ်(၁၇၄၅) မိုးစပါး(ရောမင်း)အထွက်တိုး စံပြစိုက်ခင်း၌ မြင်ကွန်းဆိုလာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးရေဖြန့်ဝေ

**မကွေး အောက်တိုဘာ ၂၆**



မကွေးမြို့နယ် မြင်ကွန်းကျေးရွာ ကွင်းအမှတ်(၁၇၄၅) မိုးစပါး(ရောမင်း)အထွက်တိုး စံပြစိုက်ခင်း၌ ရောမင်းစပါးမျိုးများကို မြင်ကွန်းဆိုလာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးရေဖြန့်ဝေပေး၍ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ယမန်နေ့က တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြင်ကွန်းကျေးရွာအုပ်စု ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေအရင်းအမြစ်များ စနစ်တကျသုံးစွဲနိုင်ရေး၊ ကျရောက်လာနိုင်သည့် အယ်လ်နီညိုရာသီဥတုကြောင့် ရေရှားပါးမှုအခက်အခဲ မကြုံတွေ့ရစေရန် ကျေးရွာသူ ကျေးရွာသားများ ရေလုံလောက်စွာသုံးစွဲနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်း၍ ရေရရှိရေးလုပ်ငန်းများကို စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် မြင်ကွန်းဆိုလာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု၊ စိုက်ပျိုးရေဖြန့်ဝေပေးမှုအခြေအနေနှင့် မြင်ကွန်းဒေသ သီးနှံစိုက်ပျိုးခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးပြီး မြင်ကွန်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်း ရှင်းလင်းဆောင်တွင် တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဦးနှင့် တာဝန်ရှိသူများက မြင်ကွန်းဆိုလာလျှပ်စစ်မြစ်ရေတင်လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် မြင်ကွန်းဒေသရှိ စိုက်ပျိုးမြေဧက ၅၀၀ စိုက်ပျိုးရေပေးဝေဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ကေပြည့်မီစွာ ရေပေးဝေစိုက်ပျိုးနိုင်ရေး အလေးထားဆောင်ရွက်ရန် မှာကြားကာ မြင်ကွန်းတိုက်နယ် ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# မိုးညှင်းမြို့နယ် ဟဲလုံခေတ်မီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်

**မိုးညှင်း အောက်တိုဘာ ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်



ဟဲလုံခေတ်မီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို အောက်တိုဘာ ၂၃ ရက်က ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းဦးနှင့် ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများ၊ ကျေးရွာစီမံကိန်းကော်မတီအဖွဲ့ဝင်များနှင့်အတူ ကျေးရွာနေပြည်သူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ငွေစာရင်းပုံစံ စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဟဲလုံခေတ်မီစံပြကျေးရွာ၌ ယခုဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေအား (၁၀)ကြိမ်မြောက်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၈ ဦး စုစုပေါင်း အသင်းသား အသင်းသူ ၉၅ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၆၅၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရွှေမိုးညှင်း**



# ရေနံချောင်းတက္ကသိုလ်၌ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးနှင့် အမှိုက်စွန့်ပစ်မှုဆိုင်ရာ အသိပညာပေးဟောပြော

**ရေနံချောင်း အောက်တိုဘာ ၂၆**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရေနံချောင်းတက္ကသိုလ်၌ မူးယစ်ဆေးဝါးသုံးစွဲမှု ကြိုတင်ကာကွယ်ရေးနှင့် ရေတန်ဖိုးနားလည်ရန်နှင့် ရေထဲသို့အမှိုက်စွန့်ပစ်မှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ကျင်းပရာ ရေနံချောင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနွယ်သင်းနီနှင့် ဘူမိဗေဒဌာန ပါမောက္ခဒေါက်တာယုဝါချောက ကျောင်းသားကျောင်းသူများအကြား မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာဖြစ်ပွားတတ်သည့် ဆိုးကျိုးများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ရေ၏အရေးပါပုံနှင့် ရေထဲသို့ အမှိုက်များစွန့်ပစ်မှုမရှိစေရေး တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောရာ တက်ရောက်လာသူများက ပြည်သူအသိပညာမြှင့်တင်ရေးလှုပ်ရှားမှုများပြုလုပ်ခြင်း၊ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းဆိုင်ရာများကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဟောပြောပွဲသို့ သင်ကြားရေး ဆရာ ဆရာမများ၊ စီမံဌာန၊ အင်ဂျင်နီယာဌာန၊ နယ်မြေဌာနများရှိ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ စုစုပေါင်း ၃၀၀ တက်ရောက်ကြောင်း သိရသည်။

**ကိုစိုးကြီး(ပြန်/ဆက်)**

# ကျောက်မဲမြို့၌ သီတင်းကျွတ်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ကျောက်မဲ အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ ယခုနှစ် သီတင်းကျွတ်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဒေသခံပြည်သူများ စိတ်အေးချမ်းသာပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိသည်။

အဆိုပါပွဲတော်ကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် အဖွဲ့ဝင်များက ဦးဆောင်၍ ကျောက်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပခဲ့ရာ အဆိုပါရုံးရှေ့တွင် တီးဝိုင်းများနှင့် ဖျော်ဖြေပွဲများပါ ပထမဆုံးအကြိမ် ထည့်သွင်းကျင်းပခြင်း၊ ပွဲတော်အတွင်း ညနေ ၄ နာရီမှစတင်၍ စတုဒိသာများ ကျွေးမွေးခြင်း၊ Unplugged တီးဝိုင်း၊ ရှမ်းတေးသီချင်းများ၊ ရှမ်းရိုးရာအကအလှများဖြင့် ဖျော်ဖြေခြင်း၊ ဈေးဆိုင်ခန်းများ စနစ်တကျ စီစဉ်ပေးခြင်း၊ မီးပန်းကုံးများဖြင့် လှပစွာအလှဆင်ထားသဖြင့် လာရောက်လည်ပတ်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး မြို့ပေါ်ရပ်ကွက်တိုင်း၌ စတုဒိသာများ ကျွေးမွေးလျက်ရှိကာ ဈေးရောင်းဈေးဝယ်သူများ၊ ညပိုင်းတွင် ဘုရားစေတီပုထိုးများ၌ ဆီမီးထွန်းညှိပူဇော်သူ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ သာသနာရေးဆိုင်ရာ ပူဇော်ပွဲများအဖြစ် တီလင်ပရိယတ္တိ



စာသင်တိုက်၌ ဆီမီး ၁၀၀၀၀ ပူဇော်ပွဲ၊ မကုဋ္ဌဝတီဘုန်းတော်ကြီးကျောင်း၌ ဆီမီး ၉၀၀၀ ပူဇော်ပွဲတို့အပြင် စိန္တာမုနိစေတီတော်နှင့် အခြားစေတီပုထိုးများတွင်လည်း ဆီမီးပူဇော်ပွဲများကို ကျင်းပလျက်ရှိသည်။ အဆိုပါ သီတင်းကျွတ်ပွဲတော်ကို အောက်တိုဘာ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ကျိုက်လတ်မြို့နယ်၌ အယ်လ်နီညိုကြောင့် ရေရှားပါးပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်

**ကျိုက်လတ် အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ထင်ကွင်းကျေးရွာတွင် အယ်လ်နီညိုကြောင့် သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် အောက်တိုဘာ ၂၃ ရက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရရှိန်နှင့် တာဝန်ရှိသူများက ကျေးရွာပိုင်မြေသားမိုးရေလှောင်ကန်များမှ သောက်သုံးရေသိုလှောင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ရေကို စနစ်တကျဖြန့်ဝေချွေတာသုံးစွဲရန်နှင့် ရေပြတ်လပ်မှုဖြစ်ပေါ်လာပါက ဌာနသို့ဆက်သွယ်၍ အကူအညီရယူနိုင်ကြောင်း ကျေးရွာတာဝန်ရှိသူများအား ပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာသူ ကျေးရွာသားများအား အယ်လ်နီညိုကြောင့်ဖြစ်ပေါ်လာနိုင်သည့် ရေရှားပါးပြတ်လပ်မှုသတိပေးနှိုးဆော်ချက်များအား အသိပညာပေးဟောပြောခဲ့သည်။

**တေဇာလင်း**

# မြေဝိုင်း၊ စင်မြင့်၊ ပိတ်ကားမှသည် ဉာဏ်ရည်တုဆီသို့ (သို့မဟုတ်) Smart Creative Industries

**မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားများတွင် "မြန်မာ့ မြန်မာ့ရုပ်ရှင်... ဟို ယခင်က စင်မြင့်ထက်မှာ ကပြခဲ့တာသဘင်... စက်မှုအရာ ပညာဆန့်လို့ ရုပ်ရှင်အတတ်သို့ပင်..."ဆိုသည့် အလင်္ကာကျော်စွာ ရွှေပြည်အေး၏ 'မြန်မာ့ရုပ်ရှင်' တေးသီချင်းကို နားဆင်ရစမြဲဖြစ်ပါသည်။ ထိုစာသားလေးသည် မြန်မာ့ရုပ်ရှင်သမိုင်းကို ဖော်ကျူးနေရုံမျှသာမက အနုပညာနှင့် နည်းပညာတို့ ဒွန်တွဲပြီး ခေတ်အလိုက်ပြောင်းလဲလာခဲ့ပုံကို လှပစွာမီးမောင်းထိုးပြနေခြင်းလည်းဖြစ်ပါသည်။**

*ပါမောက္ခ ဒေါက်တာမျိုးခိုင်*
*(ကွန်ပျူတာတက္ကသိုလ်)*

အနုပညာဟူသည် လူသားတို့၏ စိတ်ကူး စိတ်သန်းနှင့် ခံစားချက်များကို ပုံဖော်သည့် '**ဉာဏပစ္စည်း**'တစ်ခုအဖြစ် မပြောင်းမလဲ တည်ရှိနေသော်လည်း ထိုအနုပညာကို အများပြည်သူထံသို့ ချပြရာတွင် အသုံးချရသည့် 'ဖန်တီးမှုပုံစံ'၊ 'တင်ဆက်မှုပုံစံ'၊ 'ဖြန့်ဖြူးမှုပုံစံ' နှင့် 'အနုပညာစီးပွားရေးပုံစံ' တို့ကမူ ခေတ်အလိုက် ပေါ်ပေါက်လာသော နည်းပညာရပ်များအပေါ်တွင် တိုက်ရိုက်မှီတည်နေပါသည်။ ခေတ်ရေစီးကြောင်းသည် တရွေ့ရွေ့ ပြောင်းလဲလာခဲ့ရာ ယနေ့ကာလတွင် ကမ္ဘာကြီးသည် စက်မှုခေတ်ကို ကျော်လွန်၍ **ဉာဏ်ရည်တု(AI)** ခေတ်သို့တိုင် ဆိုက်ရောက်လာခဲ့ပြီဖြစ်သည်။

ထို့ကြောင့် သုခုမအနုပညာသည် ပရိသတ်ကို ဖျော်ဖြေခြင်း၊ ပညာပေးခြင်းနှင့် အတွေးအခေါ် မြှင့်တင်ပေးခြင်းဟူသော ရည်ရွယ်ချက်များကို အနုပညာနှင့် နည်းပညာပေါင်းစပ်ထားသည့် **စမတ်သုခုမအနုပညာ ဖန်တီးမှုလုပ်ငန်း (Smart Creative Industries)**အသွင်သို့ ဆင့်ကဲပြောင်းလဲလာခဲ့ပြီဖြစ်ပါသည်။

**ဖန်တီးမှုနှင့် တင်ဆက်မှုပုံစံများ ပြောင်းလဲလာခြင်း**

ပထမဦးစွာ အနုပညာဖန်တီးမှုနှင့် ပရိသတ်ထံသို့ တင်ဆက်မှုပုံစံတို့ တိုးတက်ပြောင်းလဲလာပုံအား လေ့လာနိုင်ပါသည်။

**(က) မြေဝိုင်းသဘင်၊ ရုပ်ကြိုးစင်မှသည် စင်မြင့်ထက်ဆီသို့**

မြန်မာ့တင်ဆက်မှု အနုပညာသမိုင်း၏ ကနဦးအစတွင် အမိုးအကာမရှိ၊ စင်မြင့်မရှိဘဲ မြေကွက်လပ်ပေါ်တွင် မီးတုတ်များထွန်းညှိ၍ ပရိသတ်က ဝိုင်းဖွဲ့ကြည့်ရှုရသည့် '**မြေဝိုင်းသဘင်**' ဘဝမှ စတင်ခဲ့ရခြင်းဖြစ်ပါသည်။ တစ်ပြိုင်နက်တည်းမှာပင် ကုန်းဘောင်ခေတ်ဦးကာလမှစ၍ နန်းတွင်းမင်းခမ်းမင်းနားတင်ဆက်ပြသမှုအဖြစ် အလွန်ခေတ်စားခဲ့သော '**ရုပ်ကြိုးစင် (သို့မဟုတ်) ရုပ်သေးသဘင်**' သည်လည်း မြန်မာ့သုခုမကဏ္ဍတွင် ပေါ်ထွန်းခဲ့ပါသည်။

ရုပ်သေးသဘင်သည် လူသားမဟုတ်သော သစ်သားဇာတ်ကောင်အရုပ်များကို ကန့်လန့်ကာနောက်ကွယ်မှ ကြိုးစများဖြင့် သိမ်မွေ့စွာ ထိန်းချုပ်လှုပ်ရှားစေခြင်းဖြစ်သည်။ ဇာတ်ကွက်၊ ဇာတ်ညွှန်း စိတ်ကူးများကို နှုတ်တိုက်ဖြစ်စေ၊ ပေစာ၊ ပုရပိုက်စာများပေါ်တွင်ဖြစ်စေ ရိုးရှင်းစွာ ရေးသားပုံဖော်ခဲ့ကြသည်။ နောက်ခံတေးဂီတဖန်တီးမှုတွင်လည်း ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ဟုဆိုသည့် တူရိယာငါးပါးကို အသုံးပြုဖန်တီးထားသည့် တေးဂီတဖြစ်ပါသည်။ ထိုမှတစ်ဆင့် စင်မြင့်ထက်တွင် လူကိုယ်တိုင် ကပြရသည့် '**ဇာတ်သဘင်**' ခေတ်သို့ ဆင့်ကဲကူးပြောင်း ဖွံ့ဖြိုးလာခဲ့ပါသည်။

ဤခေတ်ဦးကာလ၌ အနုပညာ၏ တာဝန်မှာ ပရိသတ်အား **ဖျော်ဖြေမှုပေးရန်**နှင့် ရှေးဟောင်းပုံဝတ္ထုများ၊ ဘာသာရေးဇာတ်နိပါတ်များမှတစ်ဆင့် လူမှုကျင့်ဝတ်ဆိုင်ရာ **ပညာပေးရန်**ဖြစ်ပါသည်။ အနုပညာရှင်များသည် နည်းပညာအကူအညီ လုံးဝမပါဘဲ မိမိတို့၏ ကိုယ်ပိုင်အစွမ်းအစ၊ ပင်ကိုအသံနှင့် သွေးချွေးတို့ဖြင့် ပရိသတ်၏ စိတ်နှလုံးကို ရွှင်ပျစေကာ လူ့အဖွဲ့အစည်းအတွက် လိုအပ်သော အတွေးအခေါ်နှင့် ကိုယ်ကျင့်တရားများကို ပျိုးထောင်ပေးခြင်းဖြင့် လူမှုတာဝန်ကို တစ်ထောင့်တစ်နေရာမှ ထမ်းရွက်ခဲ့ကြပါသည်။

**(ခ) နည်းပညာကြောင့် ရုပ်ရှင်အဖြစ် ကူးပြောင်းတိုးတက်လာခြင်း**

စက်မှုခေတ်သို့ ရောက်ရှိလာသောအခါ ဖန်တီးမှုပုံစံသည် အတတ်ပညာနှင့် နည်းပညာရပ်များ ပေါင်းစပ်လာခဲ့ပါသည်။ စိတ်ကူးစိတ်သန်းများကို ရုပ်လုံးပေါ်လာစေရန် ကင်မရာ၊ ဖလင်လိပ်၊ အလင်းအမှောင်နည်းပညာ၊ အသံဖမ်းစနစ်များနှင့် စတူဒီယိုနောက်ခံကားများ သုံးစွဲ၍ အနုပညာကုန်ကြမ်းများကို ပေါင်းစပ်ဖန်တီးကြရသည်။ လူသားဒါရိုက်တာနှင့် အနုပညာရှင်၊ အတတ်ပညာရှင်များစွာ အုပ်စုလိုက် စုပေါင်းအားထုတ်ကြရသော စက်မှုဗဟိုပြုဖန်တီးမှုပုံစံဖြစ်လာပါသည်။ တေးဂီတအပိုင်းတွင်လည်း လျှပ်စစ်တူရိယာများ၊ အီလက်ထရောနစ်တူရိယာများ၊ အသံချဲ့စက်၊ အသံဖမ်းစက်၊ အသံစစ်ထုတ်စက်များကို အသုံးပြုလာကြပါသည်။

> **"စက်မှုနည်းပညာဖြင့် ကြိုတင်အသံသွင်းထားသည့် တေးသီချင်းများ ပေါ်ပေါက်နေသော်လည်း အဆိုတော်ကိုယ်တိုင် တူရိယာအစစ်များနှင့် တိုက်ရိုက်တီးခတ်သီဆို ဖျော်ဖြေတင်ဆက်သည့် Unplugged တေးဂီတဖျော်ဖြေပွဲများကို လူသားတို့က တန်ဖိုးထားမြတ်နိုးကြသည့်နည်းတူ ရုပ်ရှင်ပိတ်ကားထက် သို့မဟုတ် စမတ်ဖုန်းမျက်နှာပြင်ပေါ်တွင် အဆင့်မြင့်နည်းပညာများဖြင့် မည်မျှပင် သေသပ်လှပစွာ ဖန်တီးထားစေကာမူ စင်မြင့်ထက်မှ မင်းသား၊ မင်းသမီးနှင့် လူရွှင်တော်တို့၏ ဖျော်ဖြေတင်ဆက်မှုကို ပွဲခင်းထဲ၌ တိုက်ရိုက်ခံစားရသည့် သုခုမရသကိုလည်း ပရိသတ်က ဆက်လက်မြတ်နိုးတန်ဖိုးထားနေဦးမည်ဖြစ်ပါသည်။ ထို့အတူ ယခု AI ခေတ်တွင်လည်း ရုပ်ရှင်လုပ်ငန်းသည် ပျောက်ကွယ်သွားမည်မဟုတ်ဘဲ နည်းပညာကို လက်နက်ကောင်းသဖွယ် အသုံးချ၍ လူသားတို့၏ စိတ်ကူးစိတ်သန်းနှင့် အနုပညာဖန်တီးမှုများကို ပိုမိုဆန်းသစ်ကျယ်ပြန့်စွာ ပုံဖော်ပေးမည့်ပုံစံသစ်ဖြင့် ဆက်လက်ရှင်သန် တိုးတက်နေဦးမည်သာဖြစ် "**

ဆရာကြီး ရွှေပြည်အေး သီကုံးခဲ့သလိုပင် **သဘင်မှသည် ရုပ်ရှင်သို့ နည်းပညာကြောင့် ကူးပြောင်းတိုးတက်ခဲ့ရခြင်းဖြစ်သည်။** မြင်ကွင်းထဲမှ လှုပ်ရှားမှုများကို ကင်မရာမှန်ဘီလူးထဲသို့ ဖမ်းယူပြီး ပိတ်ကားထက်တွင် ပြန်လည်ပြသသည့် **'ရုပ်ရှင်'** ဟူသော အတတ်ပညာ ဖြစ်လာသည်။ ရုပ်ရှင်ခေတ်တွင် အနုပညာသည် ဖျော်ဖြေရေးနှင့် ပညာပေးရေးအပြင် မှတ်တမ်းတင်ရုပ်ရှင်များ၊ သတင်းရုပ်ရှင်များမှတစ်ဆင့် လူထုအား ခေတ်ပြိုင်အခြေအနေဆိုင်ရာ **သတင်းအချက်အလက်ပေးခြင်း**နှင့် ရုပ်ရှင်ဇာတ်လမ်းများမှတစ်ဆင့် လူထု၏ စိတ်ကူးစိတ်သန်းနှင့် **အတွေးအခေါ်ကို မြှင့်တင်ပေးခြင်း**ဟူသော တာဝန်သစ်များကိုပါ ထိရောက်စွာ ထမ်းဆောင်နိုင်လာခဲ့ပါသည်။

စက်မှုနည်းပညာကြောင့် အနုပညာလုပ်ငန်းပုံစံ ပြောင်းလဲသွားသော်လည်း အနုပညာရှင်တို့၏ တန်ဖိုးမှာမူ ပြောင်းလဲခြင်းမရှိခဲ့ပေ။ ၎င်းတို့သည် ပိတ်ကားထက်မှတစ်ဆင့် ပိုမိုကျယ်ပြန့်သော လူထုဆီသို့ ရောက်ရှိအောင် အားထုတ်ကာ ခေတ်ပြိုင် လူမှုဘဝ၏ ကြေးမုံပြင်အဖြစ် ပရိသတ်၏ အသိအမြင် အတွေးအခေါ်တို့ကို မြှင့်တင်ပေးရသည့် လူမှုတာဝန်အား ဆက်လက်ထမ်းရွက်ခဲ့ကြပါသည်။

**(ဂ) Smart Creative Industries ခေတ်၏ လွှမ်းခြုံမှုပုံစံ**

ယနေ့ခေတ်တွင်မူ တင်ဆက်မှုပုံစံမှာ ရုပ်ရှင်ရုံ ပိတ်ကားကြီးထက်တွင်သာ ကန့်သတ်မနေတော့ဘဲ စမတ်ဖုန်းမျက်နှာပြင်ငယ်လေးများဆီသို့ ရောက်ရှိလာပါသည်။ ထို့ထက် ပိုမိုဆန်းသစ်သည်မှာ AI နည်းပညာ (ဥပမာ- OpenAI Sora, Google Veo ကဲ့သို့သော Generative Video Models) များကြောင့် အနုပညာသည် ကြည့်ရှုသူ၏ စိတ်ကြိုက်ဝါသနာအလိုက် အချိန်နှင့်တစ်ပြေးညီ ပုံဖော်ပေးနိုင်သည့် အဆင့်မြင့် သုခုမအနုပညာဖြစ်လာခြင်းပင်ဖြစ်ပါသည်။

ရှေးခေတ်က အနုပညာရှင်က ကြိုးစများဖြင့် ရုပ်သေးရုပ်ကို လှုပ်ရှားစေခဲ့သကဲ့သို့ ယနေ့ခေတ်တွင်မူ လူသားတို့က စိတ်ကူးစာသားများဖြင့် ကွန်ပျူတာမျက်နှာပြင်ထက်ရှိ AI ကို စိတ်ကြိုက် မောင်းနှင်နိုင်ပါသည်။ ဖန်တီးမှုစနစ်သည် ကင်မရာနှင့် စတူဒီယိုများ မလိုအပ်တော့ဘဲ ဖန်တီးသူသည် မိမိ၏ စိတ်ကူးစိတ်သန်းကို စာသားအဖြစ် ရေးသားထည့်သွင်းပေးရုံမျှဖြင့် ဉာဏ်ရည်တုစနစ်က ရုပ်ပုံ၊ အသံနှင့် ဇာတ်လမ်းဇာတ်ကွက်များကို စက္ကန့်ပိုင်းအတွင်း အလိုအလျောက် ပေါင်းစပ်ထုတ်လုပ်ပေးနိုင်ပါသည်။ လူသားတို့၏ စိတ်ကူးစွမ်းအားကို AI ဉာဏ်ရည်တုက ပံ့ပိုးပေးနိုင်သည့်ခေတ် ဖြစ်ပါသည်။

နည်းပညာက ဖန်တီးမှုပုံစံများကို လွယ်ကူအောင် ပြောင်းလဲပစ်လိုက်သော်လည်း အနုပညာရှင်တို့၏ တန်ဖိုးသည်ကား မပြောင်းလဲဘဲ မြဲမြံစွာ တည်ရှိနေဆဲဖြစ်ပါသည်။ အနုပညာရှင်များသည် AI ကို ကိရိယာတန်ဆာပလာတစ်ခုကဲ့သို့ ကိုင်စွဲကာ မိမိ၏အနုပညာစွမ်းရည်ဖြင့် ပေါင်းစပ်ပုံဖော်ပေးခြင်းဖြင့် မွန်မြတ်သော လူမှုတာဝန်များကို ပိုမိုထက်မြက်အောင် ဆောင်ရွက်နိုင်ကြပါသည်။

**ဖြန့်ဖြူးမှုပုံစံ ပြောင်းလဲလာခြင်း**

အနုပညာပစ္စည်းတစ်ခုအား ဖန်တီးပြီးလျှင် ပရိသတ်ထံသို့ မည်သို့ဖြန့်ဝေမည်နည်းဆိုသည့် ဖြန့်ဖြူးမှုပုံစံသည်လည်း နည်းပညာကြောင့် ကြီးမားစွာ ပြောင်းလဲခဲ့ရပါသည်။

**(က) လှည့်လည်ဖျော်ဖြေတင်ဆက်သည့်စနစ်**

ဇာတ်သဘင်နှင့် ရုပ်ကြိုးစင်ခေတ်တွင် ထိရောက်သော 'ဖြန့်ဖြူးမှုစနစ်' ဟူ၍ သီးသန့်မရှိခဲ့ပေ။ အနုပညာအား ကြည့်ရှုခံစားလိုပါက ဇာတ်အဖွဲ့ သို့မဟုတ် ရုပ်သေးစင်ရှိရာ နေရာသို့ လူကိုယ်တိုင် သွားရောက်ကြည့်ရှုရုံမှတစ်ပါး အခြားမရှိခဲ့ပါ။ အနုပညာရှင်များအနေဖြင့်လည်း မိမိတို့၏ အနုပညာကို လှေကြီးများ၊ နွားလှည်းများဖြင့် မြို့တကာရွာတကာလှည့်ပြီး သွားရောက်ဖျော်ဖြေ ကြရသဖြင့် ကန့်သတ်ချက်များလှသောခေတ် ဖြစ်ပါသည်။

**(ခ) ရုပ်ရှင်ခေတ်၏ ဖြန့်ဖြူးမှု**

စက်မှုနည်းပညာကြောင့် ရုပ်ရှင်ဖြစ်လာသည့်အခါ ဖလင်လိပ်များကို သေတ္တာထဲထည့်၍ ရုပ်ရှင်ရုံများဆီသို့ ကူးယူဖြန့်ဖြူးနိုင်ခဲ့သည်။ ထိုမှတစ်ဆင့် ဗီဒီယိုခွေ၊ ဒီဗီဒီခွေများ ပေါ်ပေါက်လာသောအခါ ပရိသတ်သည် အိမ်တွင်း၌ပင် ဝယ်ယူကြည့်ရှုနိုင်ခဲ့ကြသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်တွင်မူ အင်တာနက်နည်းပညာကြောင့် OTT Platforms များဖြစ်ကြသည့် Netflix၊ YouTube၊ Maha နှင့် Canal+ တို့ကဲ့သို့သော Streaming စနစ်များ ပေါ်ပေါက်လာပြီး ရုပ်ရှင်များကို အင်တာနက်ပေါ်မှတစ်ဆင့် ကမ္ဘာအနှံ့ တိုက်ရိုက်ဖြန့်ဝေနိုင်ခဲ့ကြပါသည်။

**(ဂ) Smart Creative Industries ခေတ်၏ အယ်ဂိုရီသမ်စနစ်**

ယနေ့ခေတ်တွင်မူ ဖြန့်ဖြူးမှုသည် အင်တာနက်ပေါ်သို့ တင်ထားရုံမျှနှင့် မပြီးတော့ဘဲ ပိုမိုစမတ်ကျလာပါသည်။ AI အယ်ဂိုရီသမ်များက ကြည့်ရှုသူတစ်ဦးချင်းစီ၏ ကြိုက်နှစ်သက်မှုများအား ခြေရာခံတွက်ချက်၍ ပရိသတ်မှ အထူးတလည် လိုက်ရှာရန်မလိုဘဲ ပရိသတ်ကြိုက်နှစ်သက်မည့်၊ ပညာရမည့်၊ အတွေးအခေါ်ရမည့် အနုပညာများကို စနစ်တကျ ခွဲခြမ်းစိတ်ဖြာ၍ ပရိသတ်လက်ထဲရှိ စမတ်ဖုန်းမျက်နှာပြင်ပေါ်သို့အရောက် လာရောက်ပို့ဆောင်ပေးသည့် ဖြန့်ဖြူးမှုနည်းလမ်းပင်ဖြစ်ပါသည်။

**အနုပညာစီးပွားရေးပုံစံ ပြောင်းလဲလာခြင်း**

နည်းပညာသည် အနုပညာရှင်များနှင့် ထုတ်လုပ်သူများ၏ စီးပွားရေးပုံစံကိုလည်း အကြီးအကျယ် ပြောင်းလဲစေခဲ့ပါသည်။

**(က) ခေတ်ဦးသဘင်၏ စီးပွားရေးပုံစံ**

ရှေးခေတ် ရုပ်ကြိုးစင်ခေတ်က စီးပွားရေးပုံစံမှာ နန်းတွင်းနှင့် မြို့စား၊ ရွာစား၊ မင်းစိုးရာဇာတို့၏ ချီးမြှင့်မြှောက်စားမှု သို့မဟုတ် ဘုရားပွဲ၊ အလှူပွဲများတွင် ပွဲငှားရမ်းခရရှိခြင်းအပေါ် မှီခိုခဲ့ရသည်။ မြေဝိုင်းသဘင်တွင်မူ ပွဲခင်းအတွင်း လူဝင်ကြေးမှ တိုက်ရိုက်ရရှိသော ဝင်ငွေပုံစံဖြင့်သာ လည်ပတ်ခဲ့ပါသည်။

**(ခ) ရုပ်ရှင်ခေတ်၏ စီးပွားရေးပုံစံ**

ရုပ်ရှင်ခေတ်သို့ ရောက်ရှိလာသောအခါ ရုပ်ရှင်လုပ်ငန်းသည် စက်မှုလုပ်ငန်းကြီးတစ်ခုပင် ဖြစ်ပါသည်။ ရုပ်ရှင်ဇာတ်ကားတစ်ကား ထုတ်လုပ်ရန် ကင်မရာ၊ စတူဒီယို၊ သရုပ်ဆောင်၊ ဒါရိုက်တာ စသဖြင့် ကုန်ကျစရိတ် အရင်းအနှီးအမြောက်အမြား စိုက်ထုတ်ရသည်။ စီးပွားရေးပုံစံမှာလည်း ရုပ်ရှင်ရုံများမှ ရရှိသည့် လက်မှတ်ရောင်းရငွေ၊ မူပိုင်ခွင့် ပြန်လည်ရောင်းချမှုနှင့် ကြော်ငြာဝင်ငွေများ ဖြစ်လာပါသည်။

**(ဂ) Smart Creative Industries ခေတ်၏ စီးပွားရေးပုံစံ**

ယခု AI ခေတ်တွင်မူ အနုပညာစီးပွားရေးပုံစံသည် အရင်းအနှီးအမြောက်အမြားရှိမှသာ ဆောင်ရွက်လို့ရသည့် ကုမ္ပဏီကြီးများလက်ထဲတွင်သာ မဟုတ်တော့ဘဲ တစ်သီးပုဂ္ဂလဖန်တီးသူများ လက်ထဲသို့လည်း ရောက်ရှိလာပါသည်။ AI ကိရိယာများကြောင့် လူအနည်းငယ်မျှဖြင့် ကုမ္ပဏီကြီးများကဲ့သို့ ဗီဒီယိုများကို ကုန်ကျစရိတ်အနည်းဆုံးဖြင့် ဖန်တီးလာနိုင်သည်။ ထို့နောက် ၎င်းတို့ဖန်တီးထားသော အနုပညာကို လစဉ်ကြေးစနစ်များ သို့မဟုတ် ဒီဂျစ်တယ် ဝင်ငွေရှာဖွေခြင်းများဖြင့် ကိုယ်ပိုင်စီးပွားရေးအဖြစ် တည်ထောင်လာနိုင်ကြပါသည်။

**နည်းပညာပြောင်းလဲမှု၏ ကောင်းကျိုးနှင့် ဆိုးကျိုးများ**

သုခုမအနုပညာလောကအတွင်းသို့ နည်းပညာရပ်များ တစ်ဆင့်ထက်တစ်ဆင့် စိမ့်ဝင်လာခြင်းသည် ကောင်းမွန်သော တိုးတက်မှုများကို ဆောင်ကြဉ်းပေးနိုင်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း စိန်ခေါ်မှုနှင့် အားနည်းချက်များကို ဖြစ်ပေါ်စေနိုင်ပါသည်။

*စာမျက်နှာ ၂၁ သို့*

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း၌ သီတင်းကျွတ်ပွဲတော် သံဃာတော်အပါး ၅၀၀ တို့အား ဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပ




**စစ်တွေ အောက်တိုဘာ ၂၆**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကကြီးမှူး၍ သံဃာတော်အပါး ၅၀၀ နှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းတော်ကြီး လောင်းလှူပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ လောကာနန္ဒာ စေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ စစ်တွေတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်အလှူရှင်များက သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ကြွရောက်တော်မူကြသော ထေရ်ကြီး၊ ဝါကြီးဆရာတော်ကြီးများနှင့် သံဃာတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းတော်ကြီးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

ယနေ့ ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူးကျင်းပသော ဆွမ်းတော်ကြီး လောင်းလှူပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားတွင် စုစုပေါင်းငွေကျပ် ၁၆၈၅၃၀၀၀ ကို လှူဒါန်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **တင်ထွန်း (ပြန်/ဆက်)**



## စဉ့်ကူးမြို့ ရွှေမုဋ္ဌောဘုရား၌ သီတင်းကျွတ်လပြည့်နေ့ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ပွဲ ကျင်းပ

**စဉ့်ကူး အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့ အမှတ်(၁)ရပ်ကွက်ရှိ သမိုင်းဝင်ရွှေမုဋ္ဌောဘုရား၌ ဆီမီး(၁၀၀၀) ထွန်းညှိပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့ ယနေ့ညနေ ၆ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ပွဲတွင် စဉ့်ကူးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်း၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဘုရားဂေါပကအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ စုပေါင်း၍ တစ်ပြိုင်နက် ဆီမီးထွန်းညှိပူဇော်ကြသည်။

စဉ့်ကူးမြို့ ရွှေမုဋ္ဌောဘုရား၌ ဆီမီးထွန်းညှိကပ်လှူပူဇော်သူများနှင့် ဘုရားဖူးလာကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**တင်ဇာလွင် (ပြန်/ဆက်)**

## သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) တွင် ကျိုက်ထီးဆောင်းဘုရား၌ ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိ

**ဘီးလင်း အောက်တိုဘာ ၂၆**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာ အခါတော်နေ့) တွင် ကျိုက်ထီးဆောင်း ဆံတော်ရှင်စေတီတော်သို့ ဘုရားဖူးပြည်သူများ၊ ရပ်ဝေးရပ်နီးမှ ခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။



ဘီးလင်းမြို့နယ် ဇုတ်သုတ်ကျေးရွာရှိ ကျိုက်ထီးဆောင်း ဆံတော်ရှင်စေတီတော်သို့ သီတင်းကျွတ်လဆန်း ၁၃ ရက်မှ စတင်ကာ ဘုရားဖူးလာကြသော ပြည်သူများအား ကျိုက်ထီးဆောင်း ဆံတော်ရှင်ဘုရားဝင်းအတွင်း၌ သက်သက်လွတ် စတုဒိသာများနှင့်အကြော်စုံ၊ရေခဲမုန့်စသည်တို့ဖြင့် ဧည့်ခံကျွေးမွေးလျက်ရှိပြီး ဘုရားဖူးပြည်သူများအနေဖြင့် နေ့ညမပြတ် ဆံတော်ရှင် ကျိုက်ထီးဆောင်းစေတီတော်သို့ လာရောက်ဖူးမြော်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## မြင်းခြံမြို့ ဆန္ဒတော်ပြည့်ဘုရား၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

**မြင်းခြံ အောက်တိုဘာ ၂၆**

သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့၌ မြင်းခြံမြို့ ဆန္ဒတော်ပြည့်ဘုရား၌ ဘုရားဖူးပြည်သူများ၊ ဆီမီးပူဇော်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဆန္ဒတော်ပြည့်ဘုရားသည် မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ ဆန္ဒတော်အရ တည်ထားတော်မူသော စေတီတစ်ဆူဖြစ်သည်။ ယနေ့သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် ဘုရားဖူးပြည်သူများ အများအပြား လာရောက်ဖူးမြော်ကြပြီး ညအခါ၌ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခဲ့ကြောင်း သိရသည်။ **ချစ်ဦးနွေ(မြင်းခြံ)**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

*စာမျက်နှာ ၂၀ မှ*

**(က) ကောင်းကျိုးများ**

နည်းပညာ၏ အဓိကကောင်းကျိုးမှာ "အတားအဆီးမဲ့ပျံ့နှံ့နိုင်စွမ်းနှင့် ကုန်ကျစရိတ်သက်သာခြင်း"ပင်ဖြစ်ပါသည်။ ရှေးခေတ်က အနုပညာရှင်တစ်ဦးချင်းစီ၏ ဖန်တီးမှုကို ဒေသအနည်းငယ်ကသာ ကြည့်ရှုနိုင်ခဲ့သော်လည်း ယနေ့ခေတ်တွင် နည်းပညာကြောင့် ကမ္ဘာတစ်ဝန်းလုံးသို့ မိနစ်ပိုင်းအတွင်း ဖြန့်ဝေနိုင်ပြီဖြစ်သည်။ ထို့ပြင် AI နည်းပညာသည် ကြီးမားလှသော အရင်းအနှီးများကို လျှော့ချပေးနိုင်သဖြင့် စိတ်ကူးဉာဏ်ရှိသော်လည်း ငွေကြေးမပြည့်စုံသည့် ဖန်တီးသူများအတွက် မိမိတို့၏ အနုပညာကို လွတ်လပ်စွာ ပုံဖော်ခွင့်ရစေပြီး လူထုထံသို့ အနုပညာလက်ရာများကို ပိုမိုကျယ်ပြန့်စွာ ဖြန့်ဝေပေးနိုင်လာပါသည်။

**(ခ) ဆိုးကျိုးနှင့် စိန်ခေါ်မှုများ**

အဓိက ဆိုးကျိုးမှာ "စစ်မှန်သော ရသထိတွေ့မှု မှေးမှိန်လာခြင်းနှင့် မူပိုင်ခွင့်ဆိုင်ရာ စိန်ခေါ်မှုများ" ဖြစ်ပါသည်။ သဘင်ခေတ်တွင် ပိုင်ဆိုင်ခဲ့သည့် လူချင်းတိုက်ရိုက်ထိတွေ့ရသော ရသစစ်စစ်သည် နည်းပညာတံတိုင်းများနောက်တွင် တဖြည်းဖြည်း လျှော့ပါးလာခဲ့ရပါသည်။ ထို့ထက် ပိုမိုစိုးရိမ်ရသည်မှာ AI ခေတ်တွင် အနုပညာရှင်များ၏ မူပိုင်ခွင့်များ၊ ဉာဏပစ္စည်းများ ခိုးယူခံရခြင်း စသည့်စိန်ခေါ်မှုများ ဖြစ်ပါသည်။

**လူသားကိုယ်တိုင်၏ ဖျော်ဖြေတင်ဆက်မှုတန်ဖိုး**

သုခုမအနုပညာ၏ ခရီးလမ်းသည် နည်းပညာကြောင့် အနုပညာပုံစံနှင့် လုပ်ငန်းစနစ်များ မည်သို့ပင် ပြောင်းလဲသွားသော်လည်း လူသားကိုယ်တိုင်၏ တိုက်ရိုက် ဖျော်ဖြေတင်ဆက်မှုကမူ မည်သည့်ခေတ်တွင်မဆို အစားထိုးမရနိုင်သော သီးသန့်တန်ဖိုးတစ်ခုအဖြစ် ဆက်လက်တည်ရှိနေဦးမည်သာ ဖြစ်ပါသည်။

စက်မှုနည်းပညာဖြင့် ကြိုတင်အသံသွင်းထားသည့် တေးသီချင်းများ ပေါ်ပေါက်နေသော်လည်း အဆိုတော်ကိုယ်တိုင် တူရိယာအစစ်များနှင့် တိုက်ရိုက်တီးခတ်သီဆို ဖျော်ဖြေတင်ဆက်သည့် Unplugged တေးဂီတဖျော်ဖြေပွဲများကို လူသားတို့က တန်ဖိုးထားမြတ်နိုးကြသည့်နည်းတူ ရုပ်ရှင်ပိတ်ကားထက် သို့မဟုတ် စမတ်ဖုန်းမျက်နှာပြင်ပေါ်တွင် အဆင့်မြင့်နည်းပညာများဖြင့် မည်မျှပင် သေသပ်လှပစွာ ဖန်တီးထားစေကာမူ စင်မြင့်ထက်မှ မင်းသား၊ မင်းသမီးနှင့် လူရွှင်တော်တို့၏ ဖျော်ဖြေတင်ဆက်မှုကို ပွဲခင်းထဲ၌ တိုက်ရိုက်ခံစားရသည့် သုခုမရသကိုလည်း ပရိသတ်က ဆက်လက်မြတ်နိုး တန်ဖိုးထားနေဦးမည်ဖြစ်ပါသည်။ ထို့အတူ ယခု AI ခေတ်တွင်လည်း ရုပ်ရှင်လုပ်ငန်းသည် ပျောက်ကွယ်သွားမည်မဟုတ်ဘဲ နည်းပညာကို လက်နက်ကောင်းသဖွယ် အသုံးချ၍ လူသားတို့၏ စိတ်ကူးစိတ်သန်းနှင့် အနုပညာဖန်တီးမှုများကို ပိုမိုဆန်းသစ်ကျယ်ပြန့်စွာ ပုံဖော်ပေးမည့် ပုံစံသစ်ဖြင့် ဆက်လက်ရှင်သန် တိုးတက်နေဦးမည်သာ ဖြစ်ပါသည်။

အနှစ်ချုပ်ရမည်ဆိုပါက ခေတ်အလိုက် နည်းပညာပြောင်းလဲမှုများကြောင့် အနုပညာလောက၏ ပုံစံစနစ်များ မည်သို့ပင်ကွဲပြားခြားနားသွားစေကာမူ အနုပညာရှင်များ၏ သုခုမစွမ်းအားဖြင့် ပရိသတ်အား **ဖျော်ဖြေခြင်း၊ ပညာပေးခြင်းနှင့် အတွေးအခေါ်မြှင့်တင်ခြင်း**ဟူသော စစ်မှန်သည့် တန်ဖိုးများသည်ကား တစ်သမတ်တည်းပင် ဖြစ်ပါသည်။ နည်းပညာဆိုသည်မှာ လူသားအနုပညာရှင်တို့၏ စိတ်ကူးအလှနှင့် လူမှုတာဝန်များကို ပိုမိုကျယ်ပြန့်တောက်ပအောင် ကူညီပံ့ပိုးပေးသည့် လက်နက်ကောင်းတစ်ခုဖြစ်ပါသည်။ လူသားတို့၏ စစ်မှန်သောနှလုံးသားမှ မြစ်ဖျားခံလာသည့် သုခုမအနုပညာနှင့် ခေတ်မီဆန်းသစ်သော နည်းပညာတို့ ဟန်ချက်ညီညီ ပေါင်းစပ်မိကြသောအခါ ထိုပေါင်းစပ်မှုသည် လူ့လောကကြီးအား ပိုမိုလှပကောင်းမွန်လာစေမည်မှာ မလွဲကေန်ပင် ဖြစ်ပါသည်။ ။

**ကိုးကား**

1. "မြန်မာ့ရုပ်ရှင်" တေးသီချင်း၊ အလင်္ကာကျော်စွာ ရွှေပြည်အေး၊ ၁၉၇၀။
2. "Burmese Drama", Dr. Htin Aung, Oxford University Press, 1937.
3. "Sora and Veo Generative Video Models Specification", OpenAI and Google Technical Reports, 2024.
4. "The digital transformation of the film industry: How Artificial Intelligence is changing the seventh art", Vasilis Tsiavos, 2025.

## ဘုတ်ပြင်းမြို့၌ ဆရာတော်၊ သံဃာတော် ၁၀၅ ပါးအား ဝါတွင်းကာလ အရုဏ်ဆွမ်းလောင်းလှူပွဲနှင့် စာရေးတံမဲ ကပ်လှူပူဇော်

ဘုတ်ပြင်း အောက်တိုဘာ ၂၆ သံဃာတော် ရှင်သူမြတ်များ ယနေ့နံနက်ပိုင်းက ဘုတ်ပြင်း သီတင်းကျွတ်လပြည့်နေ့ (အဘိ အရုဏ်ဆွမ်း လောင်းလှူပွဲနှင့် မြို့နယ် မြို့တော်ခန်းမရှေ့၌ ဓမ္မာအခါတော်နေ့)တွင် ဆရာတော် စာရေးတံမဲ ကပ်လှူပူဇော်ပွဲကို ကျင်းပသည်။



ထိုသို့ဆွမ်းလောင်းလှူရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းကိုနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုများ၊ မြို့မိမြို့ဖများ၊ စေတနာရှင်ပြည်သူများက ဘုန်းတော်ကြီးကျောင်း ၁၂ ကျောင်းမှ ဆရာတော်များ၊ သံဃာတော်များနှင့် ရှင်သာမဏေ စုစုပေါင်း ၁၀၅ ပါးအား မြို့တော်ခန်းမရှေ့ တပင်ရွှေထီးလမ်းတစ်လျှောက်၌ ဆွမ်း၊ ဆွမ်းဟင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို စုပေါင်းလောင်းလှူခြင်းနှင့် စေတနာရှင် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား စာရေးတံ မဲဖောက်၍ ကပ်လှူကုသိုလ်ပြုခဲ့သည်။ မြို့နယ်(ပြန်/ဆက်)



## မော်ဘီမြို့နယ်၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

မော်ဘီ အောက်တိုဘာ ၂၆

(၁၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောက်တိုဘာ ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာအုပ်စုရှိ မော်ဘီမြို့ ကျက်သရေဆောင် သမိုင်းဝင်ကျိုက်ဒေးဒလွန်စေတီတော်မြတ်ကြီးနှင့် ဝတ္ထုကံမြေအတွင်းတို့တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျနှင့် ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက သမိုင်းဝင်ကျိုက်ဒေးဒလွန်ဘုရားရင်ပြင်တော်ပေါ်နှင့် စောင်းတန်းဝဲ/ယာတစ်လျှောက် သစ်ရွက်သစ်ခက်များ၊ စွန့်ပစ်ပစ္စည်းအမှိုက်များ ရှင်းလင်းခြင်း၊ တံမြက်စည်းလှည်းခြင်း၊ ချုံနွယ်အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေမြောင်းများတွင် ပိတ်ဆို့နေသော အမှိုက်သရိုက်များရှင်းလင်းခြင်း၊ လမ်းဘေးဝဲယာတစ်လျှောက် အမှိုက်ရှင်းလင်းခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ ကောင်းမြတ်သူ(မော်ဘီ)

## မကွေးမြို့နယ် ကျေးရွာ သုံးရွာ၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်

မကွေး အောက်တိုဘာ ၂၆

မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန



ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးမျိုးအောင်နှင့် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကန်နီကျေးရွာ၊ စမ်းရိုးကျေးရွာနှင့် မင်းရွာတောင်ကျေးရွာတို့၌ အယ်လ်နီညိုဖြစ်စဉ်အတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေလှောင်ကန်များအတွင်း ရေစုဆောင်းထားရှိမှုအခြေအနေများ၊ ဌာနမှ ဆောင်ရွက်ခဲ့သော ရေအရင်းအမြစ်များလည်ပတ်သုံးစွဲမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ)က ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသခံပြည်သူများ ရေရှားပါးမှုဒဏ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရေစုကန်များနှင့် ရေအရင်းအမြစ်များကို စနစ်တကျထိန်းသိမ်းသုံးစွဲရန် ဆွေးနွေးပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အထွေး



## မူဆယ်မြို့၌ “သက်စောင့်တံတား” မြန်မာ့ကျေးလက်ဒေသ သားဖွားဆရာမ ကျွမ်းကျင်မှုဆိုင်ရာသင်တန်းဆင်း

မူဆယ် အောက်တိုဘာ ၂၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၌ စိတ်ချင်းယှက်နွယ် ယူနန်အစီအစဉ်ဖြင့် ဆောင်ရွက်သည့် သက်စောင့်တံတား မြန်မာ့ကျေးလက်ဒေသ သားဖွားဆရာမများအတွက် စံသတ်မှတ်ထားသော ကျွမ်းကျင်မှုဆိုင်ရာသင်တန်းဆင်းပွဲကို မူဆယ်မြို့ စိန်ရတနာဟိုတယ်၌ ယမန်နေ့က ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းစံစံထွေးနှင့် ယူနန်ပြည်နယ် အမျိုးသမီးနှင့် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံကိန်းလှုပ်ရှားမှုဌာန ဒုတိယညွှန်ကြားရေးမှူး Zheng Yayun တို့က သင်တန်းပြုလုပ်ခြင်းဆိုင်ရာများကို ပြောကြားသည်။

မူဆယ်ခရိုင်အတွင်းရှိ အသက် ၁၈ နှစ်ပြည့်ပြီးသည့် အမျိုးသမီးငယ် ၃၆ ဦးအား တရုတ်နိုင်ငံဘက်မှ သင်တန်းနည်းပြ ငါးဦးဖြင့် ခြောက်ရက်ကြာ သင်ကြားပို့ချပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသားများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ပန်ဆောင်မြို့၌ သီးနှံမျိုးစေ့၊ ပျိုးပင်၊ သွင်းအားစုနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

ပန်ဆောင် အောက်တိုဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ပန်ဆောင်မြို့ စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် သီးနှံမျိုးစေ့၊ ပျိုးပင်၊ သွင်းအားစုနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို အောက်တိုဘာ ၂၃ ရက်က ပန်ဆောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး နယ်စပ်ခန်းမ၌ ပြုလုပ်ရာ မြို့အုပ်ချုပ်ရေးမှူး ဦးယိန်းဝါးနှင့် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးယုတ္တိက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များ လိုက်နာကျင့်သုံးခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးမှူးက မြေဆီလွှာများပျက်စီးမှုမှ ထိန်းသိမ်းကာကွယ်နည်းများနှင့် သဘာဝမြေဆွေး ပြုလုပ်သုံးစွဲနည်းများ၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်အသုံးပြုခြင်း၏ အကျိုးကျေးဇူးများ၊ သီးနှံကာကွယ်ရေး၊ သီးနှံဖျက်ပိုးမွှားရောဂါများနှင့် ငမြှောင်တောင်အကြောင်း သိကောင်းစရာများ၊ ပြောင်းလဲလာသည့် ရာသီဥတု



နှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးနည်းစနစ်များကို ပညာပေးဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်ဆွေးနွေးကြသော တောင်သူများထံ တာဝန်ရှိသူများက သီးနှံမျိုးစေ့၊ ပျိုးပင်၊ သွင်းအားစုနှင့် စိုက်ပျိုးရေး လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## အထက(ရှင်ဗွေယန်)ကျောင်း၌ Grade 12 ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေး

ရှင်ဗွေယန် အောက်တိုဘာ ၂၆

အထက(ရှင်ဗွေယန်)ကျောင်း၌ တက္ကသိုလ်ဝင်တန်း (Grade 12) ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက အထက(ရှင်ဗွေယန်)ကျောင်း၌ ကျွေးမွေးသည်။

အဆိုပါ အစီအစဉ်တွင် Grade 12 ကျောင်းသား ကျောင်းသူများ စာမေးပွဲအတွက် စိတ်ဖိစီးမှုကင်းဝေးစေရန်၊ ဦးနှောက်နှင့် အာရုံကြောဖွံ့ဖြိုးမှုကို အထောက်အကူပြုမည့် အာဟာရပြည့်ဝသော စားသောက်ဖွယ်ရာများကို မြို့အုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ကျန်းမာရေးဌာန ဆရာ ဆရာမများ ပူးပေါင်းကာ လိုက်လံကျွေးမွေးခဲ့ကြောင်း သိရသည်။ ကချင်လေး(ပြန်/ဆက်)





## နတ်မောက်မြို့၌ အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွားများအား ထောက်ပံ့ငွေများ ပေးအပ်

နတ်မောက် အောက်တိုဘာ ၂၆

နတ်မောက်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့ ယမန်နေ့က မြို့မကွက်သစ်ရပ်ကွက်ရှိ အဘိုးအဘွားများအား ထောက်ပံ့ငွေပေးအပ်သည်။

အဆိုပါ ထောက်ပံ့ငွေပေးရာသို့ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွား မြို့မကွက်သစ်ရပ်ကွက်ရှိ အဘိုးနှစ်ဦး၊ အဘွား သုံးဦး စုစုပေါင်း ငါးဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ လှဝင်း

## ဓနုဖြူမြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်း

ဓနုဖြူ အောက်တိုဘာ ၂၆

ဓနုဖြူမြို့နယ်၌ ၂၀၂၆–၂၀၂၇ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၂၃ ရက်က နန်းတော်ကုန်းကျေးရွာအုပ်စု တောင်သူ ဦးစံဦးမောင်၏ ကွင်းအမှတ် ၁၉၃ ဆင်းသုခ စပါးမျိုးစံပြကွက် လယ်မြေ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စံကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။ စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်းမှာ အခြောက် ၁၀၃ ဒသမ ၅ တင်း ထွက်ရှိကြောင်း သိရသည်။ အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)





## သီတင်းကျွတ်လပြည့်နေ့တွင် ပဲခူးမြို့ရှိ ဘုရားစေတီများ၌ ကုသိုလ်ဒါနပြုကြသူများဖြင့် အထူးစည်ကား

**ပဲခူး အောက်တိုဘာ ၂၆**

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ပဲခူးမြို့၏ ကျက်သရေဆောင် ဆုတောင်းပြည့် ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီးအပါအဝင် မြို့နယ်အတွင်းရှိ ဘုရားစေတီ ကျောင်းကန်အသီးသီး၌ ယနေ့နံနက်ပိုင်းမှစ၍ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများနှင့် အရပ်ဒေသအသီးသီးမှ ဘုရားဖူးလာရောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ဘုရားဖူးလာ မိသားစုများနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များသည် စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်း၊ ပန်း၊ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာတိုင်များ ကပ်လှူပူဇော်ခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်း၊ တရားဘာဝနာ ပွားများခြင်းတို့အပြင် စေတီတော်ရင်ပြင်တော်၌ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်း စသည့် ကောင်းမှုကုသိုလ်များကို စိတ်အေးချမ်းသာစွာ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

သက်ဖြိုးကြိုင်(ပြန်/ဆက်)

## တာချီလိတ်မြို့ရွှေတိဂုံစေတီတော်ရင်ပြင်၌ ဆွမ်းဆန်စိမ်းလောင်းလှူ

**တာချီလိတ် အောက်တိုဘာ ၂၆**

တာချီလိတ်မြို့ ကျက်သရေဆောင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ဌာနဆိုင်ရာများ စုပေါင်း၍ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယမန်နေ့က တာချီလိတ် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကျင်းပရာ သံဃာတော် ၁၀၈ ပါးတို့အား နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဂေါပကအဖွဲ့ဝင်များ၊ လူမှုရေး



အသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များ စုပေါင်း၍ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရွှေတိဂုံစေတီတော် ရင်ပြင်၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်)နေ့တွင် ဆီးမီး ၉၀၀၀ ပူဇော်ပွဲကို စည်ကား သိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။ ရွှေမြိုင်သူ(ပြန်/ဆက်)



အောက်တိုဘာ ၂၆ ရက်(သီတင်းကျွတ်လပြည့်နေ့)နံနက်က စမ်းချောင်းမြို့နယ် ဗားကရာတိုက်အတွင်းရှိ အတုလာဓိပတိမဟာသကျမုနိကိုးထပ်ကြီးဘုရား၌ ဘုရားဖူးသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)

## ပင်းတယမြို့နယ်၌ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးဧည့်သည်များဖြင့် စည်ကား

**ပင်းတယ အောက်တိုဘာ ၂၆**

ပင်းတယမြို့ ရွှေဥမင်သဘာဝ လိုဏ်ဂူတော် ဘုရားကြီးနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ဘုရားသွား၊ ကျောင်းတက်၊ဥပုသ်သီလဆောက်တည်သူများ၊ဘုရားဖူးများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့ သီတင်းကျွတ်လပြည့်နေ့တွင်လိုဏ်ဂူတော်အတွင်းဘုရားစေတီ အဆူပေါင်း ၈၀၉၄ ဆူရှိသည့် ရှေးဟောင်းသမိုင်းဝင် သဘာဝ ရွှေဥမင်လိုဏ်ဂူတော်ဘုရားကြီးနှင့် ဘုန်းတော်ကြီးကျောင်းများတွင် နံနက်အရုဏ်ဆွမ်းကပ်ခြင်း၊ ဆန်၊ ဆီ၊ ဆား၊ ဆေး၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ရွှေသင်္ကန်းကပ်လှူပူဇော်သူများဖြင့် ရပ်နီးရပ်ဝေး ဘုရားဖူးဧည့်သည်များ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

အောင်ကိုဦး(ပြန်/ဆက်)



## ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားကြီး၌ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကား

**ဇလွန် အောက်တိုဘာ ၂၆**

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ယနေ့နံနက်ပိုင်းတွင် ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားကြီးနှင့် မြို့နယ်အတွင်းရှိ ဘုရားစေတီများ၊ ဘုန်းကြီးကျောင်းများတွင် ဥပုသ်သီတင်း ဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှု ပြုကြသူများနှင့် အထူးစည်ကားလျက်ရှိပြီး ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားကြီးနှင့် မြို့နယ်အတွင်းရှိ ဘုရားများ၊ ဘုန်းကြီးကျောင်းများ၌ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဘုရားဖူးလာရောက်ကြသူများက ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ပန်း၊ဆီမီး၊ ရေချမ်း၊ ကပ်လှူပူဇော်ခြင်း စသည့်ကုသိုလ်ပြုမှုများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားကြီး ဂန္ဓကုဋီတိုက်အတွင်း၌ ပရိတ်တော်အဖွဲ့ ၁၃ ဖွဲ့က အဘိဓမ္မာ ခုနစ်ကျမ်း အမေးအဖြေအမွှမ်းပါဠိတော်များဖြင့် ရွတ်ဆိုပူဇော်ခြင်းကို ယနေ့တွင် အလှည့်ကျရွတ်ဖတ်ပူဇော်၍ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့မှစ၍ လပြည့်ကျော် (၁)ရက်နေ့အထိ လျှပ်စစ်ရောင်စုံမီးများ၊ ဆီမီးများဖြင့် ပူဇော်မည်ဖြစ်ပြီး မင်္ဂလာဆိုင်း၊ တေးဂီတဝိုင်း၊ အိုးစည်ဝိုင်းများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကာ မီးပုံးပျံများကို ညပိုင်းတွင် လွှတ်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝေယံ
(ပြန်/ဆက်)



## သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ငွေဆောင်ကမ်းခြေ၌ ခရီးသွားဧည့်သည်များဖြင့် အထူးစည်ကား

**ငွေဆောင် အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဒေသရှိ အထင်ကရ အပန်းဖြေစခန်းတစ်ခုဖြစ်သော ငွေဆောင်ကမ်းခြေတွင် သီတင်းကျွတ် ရုံးပိတ်ရက်ကာလအတွင်း ဒေသအသီးသီးမှ လာရောက်ကြသည့် ခရီးသွား



အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ကမ်းခြေသို့ လာရောက်ကြသည့် ခရီးသွားဧည့်သည်များသည် သဲသောင်ပြင်တွင် အနားယူခြင်း၊ ပင်လယ်ရေကူးခြင်း၊ မြင်းစီးခြင်းအပြင် စပိဘုတ်၊ ငှက်ပျောသီးလှေများ စီး၍ ချစ်သူများကျွန်းနှင့် ကျောက်မောင်နှမ စသည့် အထင်ကရနေရာများသို့ သွားရောက်လည်ပတ်ခြင်းများဖြင့် စည်ကားလျက်ရှိသည်။ ထို့ပြင် လတ်ဆတ်သည့် ပင်လယ်စာ စားသောက်ဆိုင်များနှင့် ဒေသထွက် လက်ဆောင်ပစ္စည်းအရောင်းဆိုင်များတွင်လည်း အရောင်းအဝယ်များ ကောင်းမွန်နေကြောင်း သိရသည်။

ခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာ အပန်းဖြေနိုင်ရေး၊ ကမ်းခြေပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်ရေးနှင့် သဘာဝဂေဟစနစ် ထိန်းသိမ်းနိုင်ရေးတို့အတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဟိုတယ်လုပ်ငန်းရှင်များ ပူးပေါင်းကာ စနစ်တကျကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိသည်။

ကျော်လင်းဦး(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# အယ်လ်နီညိုနှင့် ပြင်းထန်ရာသီဥတုအန္တရာယ်များ အသိပညာပေးမှုမှ အလွန်အကျွံကြောက်ရွံ့မှုသို့ မကူးပြောင်းစေရေး

ဉာဏ်သစ်(မန်းတက္ကသိုလ်)

**ရာသီဥတုအန္တရာယ်ကို သိရှိခြင်းနှင့် သတင်းအချက်အလက်ကို မှန်ကန်စွာ နားလည်ခြင်း**

ကမ္ဘာ့ရာသီဥတုစနစ်သည် သဘာဝဖြစ်စဉ်များ၊ ပင်လယ်ရေမျက်နှာပြင်အပူချိန်ပြောင်းလဲမှုများနှင့် လေထုအတွင်း ဖြစ်ပေါ်နေသော အပြန်အလှန်သက်ရောက်မှုများကြောင့် အစဉ်မပြတ် ပြောင်းလဲလျက်ရှိသည်။

ယင်းတို့အနက် အယ်လ်နီညိုဖြစ်စဉ်သည် အပူပိုင်းပစိဖိတ်သမုဒ္ဒရာအတွင်း ပင်လယ်ရေမျက်နှာပြင်အပူချိန် ပုံမှန်ထက် မြင့်တက်လာခြင်းနှင့် ဆက်စပ်သည့် အရေးပါသော ရာသီဥတုဖြစ်စဉ်တစ်ရပ်ဖြစ်သည်။ ယင်းသည် ကမ္ဘာ့ဒေသအသီးသီး၏ အပူချိန်၊ မိုးရွာသွန်းမှုပုံစံနှင့် လေထုလည်ပတ်မှုတို့ကို ပြောင်းလဲစေနိုင်သဖြင့် အချို့ဒေသများတွင် အပူလှိုင်း၊ မိုးခေါင်ရေရှားမှုနှင့် ရေရှားပါးမှုတို့ ဖြစ်နိုင်ခြေမြင့်တက်စေသကဲ့သို့ အခြားဒေသများတွင်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုအန္တရာယ်များကို ဖြစ်ပေါ်စေနိုင်သည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ (World Meteorological Organization–WMO) ၏ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၃ ရက် ထုတ်ပြန်ချက်တွင် အယ်လ်နီညိုဖြစ်စဉ်သည် ပိုမိုအားကောင်းလာနိုင်ပြီး ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလအထိ ဆက်လက်တည်ရှိနိုင်ခြေမြင့်မားကြောင်း ဖော်ပြထားသည်။ သို့ရာတွင် အယ်လ်နီညိုဖြစ်စဉ်၏ အားကောင်းမှုတစ်ခုတည်းဖြင့် နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ဒေသတစ်ခု၏ ရာသီဥတုအန္တရာယ်မည်မျှ ပြင်းထန်မည်ကို တိုက်ရိုက်ဆုံးဖြတ်၍ မရကြောင်းကိုလည်း WMO က ရှင်းလင်းထားသည်။ ဒေသတည်နေရာ၊ ရာသီအလိုက်အခြေအနေများနှင့် အခြားရာသီဥတုဆိုင်ရာ အကြောင်းရင်းများအပေါ် မူတည်၍ သက်ရောက်မှုကွဲပြားနိုင်သည်။ ထို့ကြောင့် “စူပါအယ်လ်နီညို” (Super El Niño)ဟူသော အသုံးအနှုန်းကိုကြားသိရသည့်အခါ အန္တရာယ်၏ ပြင်းထန်မှုကို အမည်တစ်ခုတည်းဖြင့် မဆုံးဖြတ်ဘဲ သက်ဆိုင်ရာမိုးလေဝသဌာနများ၏ တရားဝင်ခန့်မှန်းချက်နှင့် သတိပေးချက်များကို အခြေခံသင့်သည်။ (WMO၊ ၂၀၂၆)။

**မြန်မာနိုင်ငံအနေဖြင့်လည်း အပူချိန်မြင့်တက်မှု၊ မိုးရွာသွန်းမှုပုံစံမမှန်ကန်မှု၊ ရေရှားပါးမှုနှင့် ရာသီဥတုဆိုင်ရာ အခြားအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်သည်။ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေသယံဇာတစီမံခန့်ခွဲရေး၊ ပြည်သူ့ကျန်းမာရေးနှင့် အခြေခံလူနေမှုဘဝတို့သည် ရာသီဥတုပြောင်းလဲမှုများ၏ သက်ရောက်မှုကို ခံစားရနိုင်သောကဏ္ဍများဖြစ်သည်။ သို့သော် ရာသီဥတုဆိုင်ရာ အန္တရာယ်ကို သိရှိနားလည်ခြင်းနှင့် အန္တရာယ်ကို အလွန်အကျွံချဲ့ကားကာ ကြောက်ရွံ့ ထိတ်လန့်ခြင်းတို့သည် မတူညီကြောင်းကိုလည်း ခွဲခြားသိမြင်ရန် အရေးကြီးသည်။**

ယနေ့ခေတ် လူမှုကွန်ရက်များသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များကို အချိန်တိုအတွင်း ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေနိုင်သည့် အရေးပါသော ဆက်သွယ်ရေးလမ်းကြောင်းများ ဖြစ်လာကြသည်။ မှန်ကန်သော သတိပေးချက်များသည် အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးနိုင်သော်လည်း အတည်မပြုရသေးသောသတင်းများ၊ အကြောင်းအရာမပြည့်စုံသော ဓာတ်ပုံနှင့် ဗီဒီယိုများ၊ အန္တရာယ်ကို ချဲ့ကားဖော်ပြသည့် စကားလုံးများနှင့် မူရင်းရင်းမြစ်မသိရသော ခန့်မှန်းချက်များသည် ပြည်သူများအကြား **စိုးရိမ်ပူပန်မှုကို လွန်ကဲစေနိုင်သည်။ ယင်းမှတစ်ဆင့် လူမှုရေး၊ စီးပွားရေးနှင့် စိတ်ပိုင်းဆိုင်ရာ ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်သည်။**

ထို့ကြောင့် ယခုဆောင်းပါး၏ အဓိကရည်ရွယ်ချက်မှာ ရာသီဥတုဆိုင်ရာ အသိပညာပေးမှုကို အားနည်းစေရန်မဟုတ်ဘဲ ယင်း၏အကျိုးကျေးဇူးများကို ပိုမိုထိရောက်စေရန်နှင့် သတိပေးမှုများမှ အလွန်အကျွံကြောက်ရွံ့မှုသို့ ကူးပြောင်းသွားနိုင်သည့် အန္တရာယ်များကို လျှော့ချရန်ဖြစ်သည်။ သိပ္ပံနည်းကျအချက်အလက်၊ တာဝန်ယူမှုရှိသော သတင်းဆက်သွယ်ရေးနှင့် ပြည်သူပူးပေါင်းပါဝင်မှုတို့ကို ပေါင်းစပ်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်နိုင်သည့် လူမှုအသိုက်အဝန်းတစ်ရပ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

**၁။ အသိပညာပေးမှု၏ အကျိုးကျေးဇူး – ကြိုတင်သိရှိခြင်းသည် အသက်အိုးအိမ်ကို ကာကွယ်ပေးသည်**

ရာသီဥတုဆိုင်ရာ သတိပေးချက်များသည် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးမှုများကို လျှော့ချရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။ အပူချိန်မြင့်တက်နိုင်ခြင်း၊ မိုးခေါင်နိုင်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းနိုင်ခြင်းနှင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်နိုင်ခြင်းတို့ကို ကြိုတင်သိရှိထားပါက မိသားစုများ၊ လုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများသည် မိမိတို့၏ အခြေအနေအလိုက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ကြသည်။

**ဥပမာအားဖြင့် အပူချိန်မြင့်မားသည့်ကာလများတွင် သောက်သုံးရေလုံလောက်စွာ ထားရှိခြင်း၊ နေရောင်ပြင်းထန်ချိန်၌ ပြင်ပလုပ်ငန်းများကို လျှော့ချခြင်းနှင့် အပူဒဏ်ကို အထူးခံစားလွယ်သူများကို ဂရုစိုက်ခြင်းတို့သည် လက်တွေ့ကျသော ကာကွယ်ရေးနည်းလမ်းများ ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍတွင်လည်း မိုးလေဝသခန့်မှန်းချက်များနှင့် ကိုက်ညီအောင် စိုက်ပျိုးချိန်၊ ရေသုံးစွဲမှုနှင့် သီးနှံရွေးချယ်မှုတို့ကို စဉ်းစားပြင်ဆင်နိုင်သည်။**

သို့ရာတွင် ကြိုတင်သတိပေးချက်တစ်ခုသည် မည်သည့်အန္တရာယ်မျိုးကို ရည်ညွှန်းကြောင်း၊ မည်သည့်ဒေသနှင့် အချိန်ကာလကို အကျုံးဝင်ကြောင်း၊ မည်သည့်အတိုင်းအတာအထိ ယုံကြည်စိတ်ချနိုင်ကြောင်းတို့ကို မှန်ကန်စွာ နားလည်ရန် လိုအပ်သည်။ အန္တရာယ်ရှိနိုင်ခြေကို ဖော်ပြခြင်းသည် အန္တရာယ်တစ်ခု မလွဲမသွေဖြစ်ပွားမည်ဟု အာမခံခြင်း မဟုတ်ပါ။

> **“ယနေ့ခေတ် လူမှုကွန်ရက်များသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များကို အချိန်တိုအတွင်း ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေနိုင်သည့် အရေးပါသော ဆက်သွယ်ရေးလမ်းကြောင်းများ ဖြစ်လာကြသည်။ မှန်ကန်သော သတိပေးချက်များသည် အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးနိုင်သော်လည်း အတည်မပြုရသေးသော သတင်းများ၊ အကြောင်းအရာမပြည့်စုံသော ဓာတ်ပုံနှင့် ဗီဒီယိုများ၊ အန္တရာယ်ကို ချဲ့ကားဖော်ပြသည့် စကားလုံးများနှင့် မူရင်းရင်းမြစ်မသိရသော ခန့်မှန်းချက်များသည် ပြည်သူများအကြား စိုးရိမ်ပူပန်မှုကို လွန်ကဲစေနိုင်သည်။ ယင်းမှတစ်ဆင့် လူမှုရေး၊ စီးပွားရေးနှင့် စိတ်ပိုင်းဆိုင်ရာ ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်”**

ထို့ကြောင့် ပြည်သူ့အသိပညာပေးမှုတွင် ကြောက်ရွံ့စေသည့် စကားလုံးများကို အဓိကထားခြင်းထက် အန္တရာယ်အမျိုးအစား၊ ဖြစ်ပေါ်နိုင်ခြေ၊ သက်ရောက်နိုင်သည့်နယ်မြေ၊ ကြိုတင်ကာကွယ်နိုင်သည့် နည်းလမ်းနှင့် အရေးပေါ်အခြေအနေတွင် ဆက်သွယ်ရမည့် လမ်းကြောင်းများကို ရှင်းလင်းစွာ ဖော်ပြသင့်သည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် အသိပညာပေးမှုသည် စိုးရိမ်မှုကို တိုးပွားစေသည့် အကြောင်းရင်းတစ်ခုအဖြစ် မဟုတ်ဘဲ လုံခြုံရေးအတွက် လက်တွေ့အသုံးဝင်သော လမ်းညွှန်ချက်တစ်ခုအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

**၂။ လူမှုကွန်ရက်ပေါ်ရှိ သတင်းချဲ့ကားမှု – သတိပေးချက်မှ ထိတ်လန့်မှုသို့**

လူမှုကွန်ရက်များ၏ အားသာချက်မှာ သတင်းအချက်အလက်များကို လျင်မြန်စွာ ဖြန့်ဝေနိုင်ခြင်းဖြစ်သော်လည်း ယင်းအချက်သည် သတင်းမှားများနှင့် အတည်မပြုရသေးသော ခန့်မှန်းချက်များကိုလည်း လျင်မြန်စွာ ပျံ့နှံ့စေနိုင်သည်။ အထူးသဖြင့် “နိုင်ငံတစ်ဝန်းလုံး မကြုံစဖူး ဘေးအန္တရာယ်ကျရောက်တော့မည်”၊ “သတ်မှတ်ထားသည့်ရက်တွင် အလွန်ပြင်းထန်သော ရာသီဥတုဘေးအန္တရာယ် မလွဲမသွေဖြစ်မည်” စသည့် အထောက်အထားမပြည့်စုံသော စကားလုံးများသည် လူထုအကြား စိုးရိမ်မှုကို လွန်ကဲစေနိုင်သည်။

ထို့ပြင် ယခင်နှစ်များက ဖြစ်ပွားခဲ့သည့် ရေကြီးမှု၊ မုန်တိုင်း သို့မဟုတ် အပူလှိုင်းဆိုင်ရာဓာတ်ပုံနှင့် ဗီဒီယိုများကို လက်ရှိအခြေအနေအဖြစ် မှားယွင်းဖော်ပြခြင်းသည်လည်း အန္တရာယ်ကို အမှန်ထက် ပိုမိုပြင်းထန်သည်ဟု ထင်မြင်စေနိုင်သည်။ ရာသီဥတုဆိုင်ရာ အချက်အလက်များသည် အချိန်၊ နေရာနှင့် အခြေအနေအလိုက် ပြောင်းလဲနိုင်သဖြင့် မူရင်းထုတ်ပြန်ချက်နှင့် ရက်စွဲတို့ကို စစ်ဆေးရန် အထူးလိုအပ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်အခြေအနေဆိုင်ရာ အန္တရာယ်ဆက်သွယ်ရေးလမ်းညွှန်ချက်များတွင် ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များကို အချိန်မီပေးအပ်ခြင်း၊ လူထု၏ စိုးရိမ်မှုကို နားထောင်ခြင်းနှင့် ကောလာဟလ၊ သတင်းမှားများကို စနစ်တကျကိုင်တွယ်ခြင်းတို့၏ အရေးပါမှုကို အလေးထားသည်။ ယင်းအခြေခံမူများသည် ရာသီဥတုဆိုင်ရာ သတိပေးချက်များအတွက်လည်း သင့်လျော်စွာ အသုံးချနိုင်သည်။

ထို့ကြောင့် လူမှုကွန်ရက်အသုံးပြုသူများအနေဖြင့် သတင်းတစ်ခုကို မမျှဝေမီ မူရင်း ရင်းမြစ်၊ ထုတ်ပြန်သည့်ရက်စွဲ၊ သက်ဆိုင်ရာဒေသနှင့် တရားဝင်ထုတ်ပြန်ချက်များနှင့် ကိုက်ညီမှုရှိမရှိကို စစ်ဆေးသင့်သည်။ အချက်အလက်မပြည့်စုံသေးပါက ထပ်ဆင့်ဖြန့်ဝေခြင်းကို ခေတ္တရပ်ဆိုင်းထားခြင်းသည်လည်း လူမှုတာဝန်ယူမှုရှိသော အပြုအမူတစ်ရပ်ဖြစ်သည်။ သတင်းကို မြန်မြန်ဖြန့်ဝေခြင်းထက် မှန်ကန်သော သတင်းကို တာဝန်ယူမှုရှိစွာ ဖြန့်ဝေခြင်းက ပိုမိုအရေးကြီးသည်။

**၃။ အလွန်အကျွံစိုးရိမ်ပူပန်မှု၏ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေး ဘေးထွက်ဆိုးကျိုးများ**

ရာသီဥတုအန္တရာယ်နှင့်ပတ်သက်၍ သတိထားခြင်းသည် သဘာဝကျသော တုံ့ပြန်မှုဖြစ်သည်။ သို့သော် အန္တရာယ်ဆိုင်ရာ သတင်းများကို အဆက်မပြတ်ကြည့်ရှုခြင်း၊ အဆိုးဆုံးဖြစ်နိုင်ခြေများကိုသာ အာရုံစိုက်ခြင်းနှင့် အတည်မပြုရသေးသော ခန့်မှန်းချက်များကို ထပ်ခါတလဲလဲ လက်ခံရရှိခြင်းတို့သည် အချို့လူများတွင် စိတ်ဖိစီးမှုနှင့် စိုးရိမ်ပူပန်မှုကို ပိုမိုဖြစ်ပေါ်စေနိုင်သည်။

အထူးသဖြင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် သဘာဝဘေးအန္တရာယ်ကို ယခင်ကကြုံတွေ့ခဲ့ဖူးသူများသည် အန္တရာယ်ဆိုင်ရာသတင်းများအပေါ် ပိုမိုစိုးရိမ်လာနိုင်သည်။ မိသားစုဝင်များအကြား အန္တရာယ်နှင့် ပတ်သက်သည့် သတင်းအချက်အလက်ကို မတူညီစွာ နားလည်ကြပါက အပြန်အလှန်အငြင်းပွားမှုများလည်း ဖြစ်ပေါ်လာနိုင်သည်။

**ထို့ပြင် အန္တရာယ်ကို လွန်ကဲစွာ ခံယူခြင်းသည် လက်တွေ့ကျသော ဆုံးဖြတ်ချက်များချမှတ်ရာတွင် အခက်အခဲဖြစ်စေနိုင်သည်။ ဥပမာအားဖြင့် တရားဝင်သတိပေးချက်မရှိသေးသော်လည်း မလိုအပ်ဘဲ နေ့စဉ်လုပ်ငန်းများကို ရပ်ဆိုင်းခြင်း၊ သွားလာရေးအစီအစဉ်များကို အလျင်စလိုဖျက်သိမ်းခြင်း သို့မဟုတ် မိသားစုဝင်များအကြား အထောက်အထားမရှိသော သတင်းများကြောင့် အလွန်အကျွံစိုးရိမ်ခြင်းတို့ ဖြစ်နိုင်သည်။ ယင်းသို့ ဖြစ်ပေါ်ခြင်းသည် လူတစ်ဦးချင်း၏ စိတ်အေးချမ်းမှုသာမက လူမှုအသိုက်အဝန်း၏ ပုံမှန်လုပ်ငန်းဆောင်တာများကိုပါ ထိခိုက်စေနိုင်သည်။**

ယင်းပြဿနာကို ဖြေရှင်းရာတွင် ရာသီဥတုသတင်းများကို မကြည့်ရှုရဟုမဆိုပါ။ ယင်းအစား ယုံကြည်စိတ်ချရသော သတင်းရင်းမြစ်များကို ရွေးချယ်ခြင်း၊ သတင်းကြည့်ရှုချိန်ကို သင့်တင့်မျှတစွာ သတ်မှတ်ခြင်း၊ မိသားစုအတွင်း အချက်အလက်များကို တည်ငြိမ်စွာ ဆွေးနွေးခြင်းနှင့် မိမိလုပ်ဆောင်နိုင်သည့် ကြိုတင်ပြင်ဆင်မှုများကို အာရုံစိုက်ခြင်းတို့ကို ဆောင်ရွက်သင့်သည်။ စိုးရိမ်ပူပန်မှုကြောင့် အိပ်စက်ခြင်း၊ နေ့စဉ်လုပ်ငန်းဆောင်တာများနှင့် လူမှုဆက်ဆံရေးတို့ကို သိသိသာသာ ထိခိုက်လာပါက သင့်လျော်သော ကျန်းမာရေးပညာရှင်ထံမှ အကူအညီရယူခြင်းသည်လည်း သင့်လျော်သောရွေးချယ်မှုဖြစ်သည်။

**၄။ စီးပွားရေးနှင့် နေ့စဉ်လူနေမှုဘဝအပေါ် သက်ရောက်မှု–အန္တရာယ်ကို အချိုးကျ တုံ့ပြန်ရန် လိုအပ်ခြင်း**

ရာသီဥတုအန္တရာယ်များသည် အမှန်တကယ် ဖြစ်ပေါ်လာသည့်အခါ စိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ရေပေးဝေရေးနှင့် ပြည်သူ့ကျန်းမာရေးတို့အပေါ် ထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်သည်။ အယ်လ်နီညိုနှင့် ဆက်စပ်သော မိုးရွာသွန်းမှုပုံစံ ပြောင်းလဲမှုများသည် အချို့ဒေသများတွင် သီးနှံထွက်နှုန်း၊ ရေသိုလှောင်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို သက်ရောက်စေနိုင်သော်လည်း သက်ရောက်မှု၏

စာမျက်နှာ ၂၅ သို့

# မြန်မာ့ဆန်စပါးကဏ္ဍ အောင်မြင်မှုကို နမူနာယူ၍ စီးပွားရေးကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရန် UMFCCI ဥက္ကဋ္ဌတိုက်တွန်း



**ရန်ကုန် အောက်တိုဘာ ၂၇**

မြန်မာ့ဆန်စပါးကဏ္ဍ အောင်မြင်မှုကို နမူနာယူ၍ စီးပွားရေးကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ကြရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေး (၈-၆/၂၅-၃၀) တွင် UMFCCI ဥက္ကဋ္ဌက တိုက်တွန်းပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးသို့ UMFCCI ဥက္ကဋ္ဌ ဦးအေးဝင်း၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးချုပ်နှင့် တွဲဖက်အထွေထွေအတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ စုံလင်စွာ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အသင်းချုပ်ဥက္ကဋ္ဌက အောက်တိုဘာ ၂၂ ရက်က နေပြည်တော်တွင် ကျင်းပခဲ့သည့် ၂၀၂၆ ခုနှစ်အတွက်ကမ္ဘာ့အကောင်းဆုံးဆန်ဆု (World's Best Rice Award 2026) ရရှိခဲ့သော "မြန်မာပေါ်ဆန်း" စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအား ဂုဏ်ပြုပွဲအခမ်းအနားသည် နိုင်ငံအတွက် အရေးကြီးသည့် ထုတ်ကုန်တစ်ခုကို နိုင်ငံတကာဈေးကွက်သို့ တိုးချဲ့ထိုးဖောက်နိုင်ရန် အကောင်းဆုံးအထောက်အကူပြုသည့် လုပ်ဆောင်ချက်တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ယင်းအောင်မြင်မှုမှာ နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာ အသင်းအဖွဲ့များနှင့် ပါဝင်ပတ်သက်သူ (Stakeholder) အားလုံး ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့်ဖြစ်သဖြင့် အခြားအသင်းအဖွဲ့များ အနေဖြင့်လည်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ကဲ့သို့ စုစည်းညီညွတ်စွာ ဆောင်ရွက်ကြပါက စီးပွားရေးကဏ္ဍအလိုက် အလားအလာကောင်းများနှင့် တိုးတက်မှုအရှေ့တစ်ခုကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ပြီးခဲ့သည့် လဆန်းပိုင်းက ကျင်းပခဲ့သည့် Myanmar-Malaysia Business Dialogue တွင် မလေးရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများ ဆွေးနွေးနိုင်ခဲ့ပုံကို လည်းကောင်း၊ ယခုနောက်ပိုင်းတွင် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှု (Cross-border trade) တစ်ခုတည်းထက် နှစ်နိုင်ငံအားသာချက်များကို ပေါင်းစပ် (Complementary) ကာ ပူးပေါင်းဆောင်ရွက်သည့်ပုံစံသို့ ဦးတည်လာပုံကို လည်းကောင်း ထည့်သွင်းဆွေးနွေးခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုအလုပ်အမှုဆောင်များက နိုင်ငံတော်အဆင့် ခရီးစဉ်များတွင် အသင်းချုပ်၏ ပါဝင်ဆောင်ရွက်ခဲ့မှုများ၊ အသင်းသားရေးရာကိစ္စရပ်များ၊ ကုန်သွယ်မှုကဏ္ဍတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ နိုင်ငံတကာနှင့်ချိတ်ဆက်၍ စီးပွားရေးဖိုရမ်များနှင့် စကားဝိုင်းများ ကျင်းပနိုင်ရေးကိစ္စရပ်များ အပြင် UMFCCI ၏ (၃၅) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

TWA

---

*စာမျက်နှာ ၂၄ မှ*

အတိုင်းအတာမှာ ဒေသအလိုက် ကွဲပြားနိုင်မည်ဖြစ်သည်။

အခြားတစ်ဖက်တွင် သတင်းများကို မမှန်ကန်စွာ အဓိပ္ပာယ်ကောက်ယူခြင်းကြောင့် မလိုအပ်သော ကုန်ပစ္စည်းဝယ်ယူစုဆောင်းမှုများ၊ သောက်သုံးရေ သို့မဟုတ် နေ့စဉ်သုံးပစ္စည်းများကို အလွန်အကျွံသိုလှောင်ခြင်းနှင့် မမှန်ကန်သော ဈေးကွက်မျှော်မှန်းချက်များ ဖြစ်ပေါ်လာနိုင်သည်။ ထိုသို့ဖြစ်ပေါ်ပါက အခြားလိုအပ်နေသူများအတွက် ပစ္စည်းရရှိမှုလျော့နည်းခြင်း၊ မိသားစုအသုံးစရိတ် တိုးမြင့်ခြင်းနှင့် လူမှုအသိုက်အဝန်းအတွင်း မလိုအပ်သော ဖိအားများ ဖြစ်ပေါ်လာခြင်းတို့ကို ကြုံတွေ့ရနိုင်သည်။

သို့သော် သဘာဝဘေးအန္တရာယ်အတွက် အခြေခံလိုအပ်ချက်များ ကြိုတင်ပြင်ဆင်ထားခြင်းကို မလိုအပ်သော သိုလှောင်မှုနှင့် မရောထွေးသင့်ပါ။ မိသားစုတစ်စုချင်းစီ၏ လိုအပ်ချက်နှင့် ဒေသဆိုင်ရာ အကြံပြုချက်များအပေါ် မူတည်၍ သောက်သုံးရေ၊ အခြေခံစားသောက်ကုန်၊ လိုအပ်သော ဆေးဝါးများနှင့် အရေးကြီးစာရွက်စာတမ်းများကို စနစ်တကျ ပြင်ဆင်ထားနိုင်သည်။ ယင်းသည် အန္တရာယ်ကို လျှော့ချရန် ရည်ရွယ်သော သင့်လျော်သည့် ကြိုတင်ပြင်ဆင်မှုဖြစ်သည်။

လုပ်ငန်းရှင်များနှင့် စိုက်ပျိုးရေးလုပ်ကိုင်သူများအနေဖြင့်လည်း အထောက်အထားမရှိသော ခန့်မှန်းချက်များအပေါ် အခြေခံ၍ ဆုံးဖြတ်ချက်ကြီးများ ချမှတ်ခြင်းထက် တရားဝင်မိုးလေဝသ ခန့်မှန်းချက်များ၊ ဒေသဆိုင်ရာ အခြေအနေများနှင့် လက်တွေ့ကျသော စီမံခန့်ခွဲရေး အစီအစဉ်များကို အခြေခံသင့်သည်။ အစိုးရဌာနများ၊ ဒေသခံအဖွဲ့အစည်းများနှင့် ပြည်သူများအကြား သတင်းအချက်အလက်မျှဝေမှု ကောင်းမွန်ပါက အရင်းအမြစ်များကို ပိုမိုထိရောက်စွာ အသုံးချနိုင်မည်ဖြစ်သည်။

**၅။ တာဝန်ယူမှုရှိသော အသိပညာပေးရေးနှင့် ပြည်သူ့ပူးပေါင်းဆောင်ရွက်မှု**

ရာသီဥတုအန္တရာယ်ဆိုင်ရာ အသိပညာပေးမှုကို ထိရောက်စေရန် သက်ဆိုင်ရာဌာနများ၊ သတင်းမီဒီယာများ၊ လူမှုကွန်ရက်အသုံးပြုသူများနှင့် ဒေသခံလူမှုအသိုက်အဝန်းများအကြား ပူးပေါင်းဆောင်ရွက်မှု လိုအပ်သည်။ တရားဝင်သတိပေးချက်များသည် အချိန်မီဖြစ်ရုံသာမက ရှင်းလင်းလွယ်ကူပြီး လက်တွေ့လိုက်နာနိုင်သည့် အကြံပြုချက်များ ပါဝင်ရန်လည်း အရေးကြီးသည်။

မြန်မာနိုင်ငံတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (Department of Meteorology and Hydrology — DMH) ၏ တရားဝင်ဝက်ဘ်ဆိုက်မှ နေ့စဉ်မိုးလေဝသခန့်မှန်းချက်များ၊ ရက်ရှည်ခန့်မှန်းချက်များနှင့် အယ်လ်နီညိုဆိုင်ရာ ထုတ်ပြန်ချက်များကို လေ့လာနိုင်သည်။ ယင်းဌာန၏ ၂၀၂၆ ခုနှစ် ဇွန်လ ၂၁ ရက် ထုတ်ပြန်ချက်တွင် ထိုအချိန်၌ အယ်လ်နီညိုအခြေအနေ အားနည်းသည့်အဆင့်ဖြင့် ဆက်လက်တည်ရှိနေကြောင်းနှင့် နောက်ပိုင်းတွင် ပိုမိုအားကောင်းလာနိုင်ကြောင်း ဖော်ပြထားသည်။ ယင်းသည် အချိန်ကာလတစ်ခုအတွက် ထုတ်ပြန်ထားသော ခန့်မှန်းချက်ဖြစ်သဖြင့် လက်ရှိအခြေအနေကို သိရှိရန် နောက်ဆုံးထုတ်ပြန်ချက်များကို ဆက်လက်စစ်ဆေးသင့်သည်။

သတင်းမီဒီယာများအနေဖြင့်လည်း အန္တရာယ်ကို ချဲ့ကားဖော်ပြသည့် ခေါင်းစဉ်များထက် အချက်အလက်ကို တိကျစွာဖော်ပြသည့် ခေါင်းစဉ်များကို ရွေးချယ်သင့်သည်။ သတင်းတစ်ပုဒ်တွင် မည်သည့်အချက်များကို သိရှိထားပြီးဖြစ်ကြောင်း၊ မည်သည့်အချက်များမှာ ခန့်မှန်းချက်အဆင့်တွင်သာ ရှိနေသေးကြောင်းနှင့် ပြည်သူများအနေဖြင့် မည်သည့်လုပ်ဆောင်ချက်များကို ပြုလုပ်သင့်ကြောင်း ရှင်းလင်းစွာ ခွဲခြားတင်ပြနိုင်ပါက လူထု၏ ယုံကြည်မှုကို မြှင့်တင်နိုင်မည်ဖြစ်သည်။

ပြည်သူများအနေဖြင့်လည်း သတိပေးချက်တစ်ခုကို လက်ခံရရှိသည့်အခါ အောက်ပါအချက်များကို စဉ်းစားဆောင်ရွက်သင့်သည်-

- သတင်းရင်းမြစ်သည် သက်ဆိုင်ရာ တရားဝင်ဌာန သို့မဟုတ် ယုံကြည်စိတ်ချရသော အဖွဲ့အစည်းဖြစ်ပါသလား။
- ထုတ်ပြန်သည့် ရက်စွဲ၊ အချိန်၊ သက်ဆိုင်ရာဒေသနှင့် ခန့်မှန်းချက်ကာလတို့ကို ဖော်ပြထားပါသလား။
- သတင်းတွင် ဖော်ပြထားသည့် အန္တရာယ်သည် ဖြစ်ပေါ်နိုင်ခြေကို ရည်ညွှန်းခြင်းလား၊ အတည်ပြုထားသည့် အခြေအနေကို ရည်ညွှန်းခြင်းလား။
- မိမိနှင့် မိသားစု၏ လုံခြုံရေးအတွက် မည်သည့်လက်တွေ့ကျသော ကြိုတင်ကာကွယ်မှုကို ပြုလုပ်နိုင်ပါသလဲ။

အထက်ပါအချက်များကို စစ်ဆေးခြင်းသည် သတင်းအချက်အလက်ကို ငြင်းပယ်ခြင်းမဟုတ်ဘဲ မှန်ကန်စွာ နားလည်အသုံးချခြင်းဖြစ်သည်။ အန္တရာယ်အခြေအနေ အရေးပေါ်ဖြစ်လာပါကလည်း တရားဝင်ညွှန်ကြားချက်များကို လိုက်နာခြင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီကို ရယူခြင်းနှင့် အန္တရာယ်ကျရောက်နိုင်သည့် နေရာများမှ သတ်မှတ်ထားသည့်အတိုင်း ဘေးကင်းရာသို့ ရွှေ့ပြောင်းခြင်းတို့ကို ဦးစားပေးဆောင်ရွက်ရမည်။

ထို့ပြင် အသက်အရွယ်၊ ဘာသာစကားနှင့် သတင်းအချက်အလက်ရရှိနိုင်မှု ကွာခြားချက်များကို ထည့်သွင်းစဉ်းစား၍ လူတိုင်းနားလည်နိုင်သော နည်းလမ်းများဖြင့် အသိပညာပေးရန် လိုအပ်သည်။ ဒေသခံအတွေ့အကြုံ၊ ရပ်ရွာအချင်းချင်း ကူညီစောင့်ရှောက်မှုနှင့် သိပ္ပံနည်းကျအချက်အလက်များကို ပေါင်းစပ်အသုံးချနိုင်ပါက ရာသီဥတုအန္တရာယ်ကို ပိုမိုထိရောက်စွာ ရင်ဆိုင်နိုင်မည်ဖြစ်သည်။

**ကြောက်ရွံ့မှုထက် အသိပညာ၊ ကောလာဟလထက် အထောက်အထား**

အယ်လ်နီညိုနှင့် ဆက်စပ်သော ရာသီဥတုအန္တရာယ်များသည် နိုင်ငံများ၊ ဒေသများနှင့် လူမှုအသိုက်အဝန်းများအတွက် အလေးထားပြင်ဆင်ရမည့် ကိစ္စရပ်များဖြစ်သည်။ ရာသီဥတုအခြေအနေပြောင်းလဲမှုများကို ကြိုတင်သိရှိနိုင်ခြင်း၊ သက်ဆိုင်ရာဌာနများ၏ သတိပေးချက်များကို လိုက်နာခြင်းနှင့် လက်တွေ့ကျသော ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခြင်းတို့သည် လူ့အသက်၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ကာကွယ်ပေးနိုင်သည်။ သို့သော် အသိပညာပေးမှုသည် အထောက်အထားမရှိသော ကြောက်ရွံ့မှု၊ သတင်းမှားဖြန့်ဝေမှုနှင့် မလိုအပ်သော လူမှုစီးပွားဖိအားများအဖြစ် မပြောင်းလဲသွားစေရန်လည်း တာဝန်ယူမှုရှိသော သတင်းဆက်သွယ်ရေး လိုအပ်သည်။

ထို့ကြောင့် သက်ဆိုင်ရာဌာနများအနေဖြင့် တိကျမှန်ကန်ပြီး အချိန်မီသော သတင်းအချက်အလက်များကို ပေးအပ်ရန်၊ သတင်းမီဒီယာများအနေဖြင့် အထောက်အထားနှင့် အချိုးအစားကို အခြေခံ၍ တင်ပြရန်၊ လူမှုကွန်ရက်အသုံးပြုသူများအနေဖြင့် သတင်းကို စိစစ်ပြီးမှ မျှဝေရန်နှင့် ပြည်သူများအနေဖြင့် အန္တရာယ်ကို နားလည်သဘောပေါက်ကာ သင့်လျော်သော ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန် လိုအပ်သည်။

အဓိကအားဖြင့် ရာသီဥတုဆိုင်ရာ အသိပညာပေးမှု၏ အောင်မြင်မှုကို လူထုအတွင်း ကြောက်ရွံ့မှုမည်မျှဖြစ်ပေါ်လာသည်ဖြင့် မတိုင်းတာသင့်ပါ။ အန္တရာယ်ကို မည်မျှမှန်ကန်စွာ နားလည်လာသည်၊ ကြိုတင်ပြင်ဆင်မှုများကို မည်မျှထိရောက်စွာ ဆောင်ရွက်နိုင်သည်၊ သတင်းမှားများကို မည်မျှလျှော့ချနိုင်သည်နှင့် အခက်အခဲကြုံတွေ့ရသူများကို မည်မျှအပြန်အလှန် ကူညီနိုင်သည်တို့ဖြင့်သာ တိုင်းတာသင့်သည်။

သဘာဝဘေးအန္တရာယ်ကို လုံးဝတားဆီးနိုင်ခြင်း မရှိသော်လည်း မှန်ကန်သော အသိပညာ၊ ကြိုတင်ပြင်ဆင်မှုနှင့် လူမှုအသိုက်အဝန်း၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ယင်း၏ ဆိုးကျိုးများကို လျှော့ချနိုင်သည်။ ထို့ကြောင့် ရာသီဥတုဆိုင်ရာ သတိပေးချက်များကို ကြောက်ရွံ့စရာသတင်းများအဖြစ်မမြင်ဘဲ လုံခြုံရေးအတွက် လမ်းညွှန်ချက်များအဖြစ် သဘောထားကာ **အသိပညာဖြင့် သတိရှိခြင်း၊ အထောက်အထားဖြင့် ဆုံးဖြတ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ခံနိုင်ရည်ရှိသော လူ့အဖွဲ့အစည်းကို တည်ဆောက်ကြပါစို့။** ။

**ကိုးကားရင်းမြစ်များ**

1. ကမ္ဘာ့မိုးလေဝသအဖွဲ့ (WMO) — El Niño set to become very strong, raising risks of extreme weather into 2027၊ ၃ စက်တင်ဘာ ၂၀၂၆။
2. မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (DMH)- အယ်လ်နီညိုအခြေအနေဆိုင်ရာ ထုတ်ပြန်ချက်၊ ၂၁ ဇွန် ၂၀၂၆။
3. ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) – Emergencies: Risk communication။
4. ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) – El Niño Southern Oscillation (ENSO)၊ ၉ နိုဝင်ဘာ ၂၀၂၃။

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် ဇီဝိတဒါန ငါးလွှတ်ပွဲ/ ငှက်လွှတ်ပွဲနှင့် ဝါတွင်းကာလသံဃာ့ဒါန ဆွမ်းလောင်းလှူပွဲများကျင်းပပြုလုပ်

နေပြည်တော် အောက်တိုဘာ ၂၆

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲ/ ငှက်လွှတ်ပွဲကို မန္တလေးမြို့ နန်းမြို့တောင်ဘက် မင်္ဂလာတံတားအနီး၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ငွေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြပြီး သတ်မှတ်နေရာအသီးသီးတို့၌ နေရာယူကြကာ ငါးအကောင်ရေ ၂၁၁၈ နှင့် ငှက်အကောင်ရေ ၂၁၀ တို့ကို ဇီဝိတဒါနကုသိုလ်အဖြစ် လွှတ်ပေးခဲ့ကြသည်။



ထို့နောက် ညနေပိုင်းတွင် နန်းမြို့အတွင်းရှိ ဆုတောင်းပြည့်ဘုရား၌ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူ ဆီမီး ၅၀၀၀ ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မြတ်စွာဘုရားအား ရည်မှန်း၍ ဆီမီးထွန်းညှိပူဇော်ကာ တပ်ရင်း/တပ်ဖွဲ့များအလိုက် ဆီမီးပူဇော်ထားမှုနှင့် အိုးစည် / ဒိုးပတ်အဖွဲ့များ တီးမှုတ်ဖျော်ဖြေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မန္တလေးနန်းမြို့ မြနန်းစံကျော်ရွှေနန်းတော်ပတ်လည်ရှိ စတုဒိသာမဏ္ဍပ်များ၊ ဆီမီးအလှနှင့် ရောင်စုံလျှပ်စစ်မီးများ ထွန်းညှိထားရှိမှုနှင့် ဧည့်ခံဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့အပြင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဝါတွင်းကာလ သံဃာ့ဒါနဆွမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးနန်းမြို့ အရှေ့ဘက်နန်းမြို့ရိုးနှင့် ကျုံးရေပြင်ကြားရှိ ရတနာပုံဥယျာဉ်၌ ကျင်းပပြုလုပ်ရာ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ပွဲစားကြီးကျောင်း ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏအမှူးပြုသော သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဆွမ်းလောင်းလှူပွဲတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဒက္ခိဏာရာမဘုရားကြီးတိုက် ပွဲစားကြီးကျောင်း ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ အမှူးပြုသော သံဃာတော်အပါး ၃၀၀ ကြွချီတော်မူကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများက သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများကို လောင်းလှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



နေပြည်တော် အောက်တိုဘာ ၂၆

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးအတွက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်၊ ဘောလခဲမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တပ်နယ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း ဝမ်းမြောက်ဝမ်းသာစွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြပြီး တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “Thar Zaw” Facebook အကောင့် ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဝမ်းဘော်ဒတ်ကျေးရွာနေ ဇော်သီဟ(ခ)သားဇော်အား ည ၁၀ နာရီ ၁၅ မိနစ်တွင် အင်းတကော် နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၆

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား ”** အစီအစဉ်မှ **“အတူလက်တွဲဖော်ဆောင်မှရမည့်ငြိမ်းချမ်းရေးတွင် NUG၊ PDF အဖွဲ့အစည်းအားလုံးမှန်ကန်တဲ့အသိတရားရှိရှိ ပါဝင်ဖို့လိုအပ်”** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် နိုဝင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီတွင် **“မအောင်မြင်တော့တဲ့ တော်လှန်ရေးကို NUG အောက်က အကြမ်းဖက် PDF တွေ ဘာကြောင့် စွန့်ခွာလာကြသလဲ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တမူးမြို့၌ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးပြည်သူများဖြင့်စည်ကား

**တမူး အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်အတွင်းရှိ ဘုရားစေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။



မြို့နယ်အတွင်းရှိ ဗုဒ္ဓဘာသာဝင်ပြည်သူများသည် နံနက်ပိုင်းမှစတင်၍ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ကာ ဆရာတော်ကြီးများထံမှ ဥပုသ်သီလခံယူဆောက်တည်ခြင်း၊ တရားတော်များနာယူကြခြင်း၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း စသည့် ကုသိုလ်ကောင်းမှုများကိုပြုလုပ်ကြခြင်းနှင့် သမိုင်းဝင် မြို့မသာသနာ့ရိပ်သာကျောင်းတိုက် ဓာတ်ပေါင်းစုစေတီတော်ဝင်းအတွင်းနှင့် ဘုန်းတော်ကြီးကျောင်းတိုက်အသီးသီးရှိ စေတီတော်ဝင်းတွင် ဘုရားဖူးပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများ ကပ်လှူပူဇော်ကြခြင်း၊ မြို့မသာသနာ့ရိပ်သာကျောင်းတိုက် မဂ်လာကန်တော်တို့တွင် လာရောက်လည်ပတ်သူများ ပွဲဈေးတန်းများဖြင့် အထူးစည်ကားလျက်ရှိပြီး ဘုန်းတော်ကြီးကျောင်းအသီးသီးတို့၌ သီတင်းကျွတ်မီးထွန်းပွဲတော်များ၊ ဆီမီးလှည့်ပူဇော်ပွဲများကို အဆိုအကများဖြင့်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။ **ရတနာ(တမူး)**



## ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာဆုတောင်းပြည့် ဘုရားကြီး၌ သီတင်းကျွတ်လပြည့်နေ့ ဆီမီးပူဇော်ပွဲကျင်းပ

**ပြင်ဦးလွင် အောက်တိုဘာ ၂၆**

ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာဆုတောင်းပြည့် ဘုရားကြီး (ပြည်ချစ်ဘုရား)၌ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) ဆီမီးထွန်းညှိပူဇော်ပွဲကို ယနေ့ ညနေ ၆ နာရီက ဘုရားကြီး၏ရင်ပြင်တော်၌ ကျင်းပသည်။ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၌ ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီး၌ ဆီမီးထွန်းညှိပူဇော်ပွဲကို နှစ်စဉ်နှစ်တိုင်းကျင်းပခဲ့ရာ ယခင်နှစ်များနည်းတူ ယခုနှစ်တွင်လည်း ဆီမီး ၉၀၀၀ ကို ထွန်းညှိပူဇော်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ စိတ်ပါဝင်စားစွာဖြင့် ပါဝင်ဆင်နွှဲ ပူဇော်ခဲ့ကြသည်။

**ခရိုင် ( ပြန်/ဆက် )**

❍ *ကျောဖုံးမှ*

လျက်ရှိသည်။ ISPE အသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၇ မိနစ်၊ ၄၇ မိနစ်နှင့် ၈၇ မိနစ်တို့တွင် လင်းမြင့်မိုရ်က သုံးဂိုး၊ ပွဲချိန် ၂၆ မိနစ်နှင့် ၄၁ မိနစ်တို့တွင် သန်းသန်းဆွေက နှစ်ဂိုးနှင့် ၃၃ မိနစ်တွင် ခင်မာလာထွန်းက တစ်ဂိုး အသီးသီး သွင်းယူပေးခဲ့ကြသည်။ ယင်းပွဲစဉ်၏ AYA Pay Player of the Match ဆုကို ဟက်ထရစ်ရရှိခဲ့သည့် ISPE အသင်း တိုက်စစ်မှူး လင်းမြင့်မိုရ်က ရရှိခဲ့သည်။

သန်လျင်မြို့ စတားစီးတီးကွင်း၌ ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်တွင် ရှောဝတီယူနိုက်တက်အသင်းက ဖွဲကပင်ယူနိုက်တက်အသင်းကို ၁၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ အမှတ်ပေးဇယား အဆင့်(၂)နေရာတွင် ဆက်လက်ရပ်တည်ခဲ့သည်။ ရှောဝတီယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ဟီနာရီ မီယာမိုတိုက ပွဲချိန် ၉ ၊ ၁၂ ၊ ၂၁ ၊ ၅၇ ၊ ၈၉ မိနစ်နှင့် ပွဲပြီးခါနီး နာကျင်အချိန်ပို (၉၀+၃)မိနစ်(ပယ်နယ်တီ)တို့တွင် ခြောက်ဂိုးအထိ သွင်းယူပေးခဲ့သည်။ ပွဲချိန် ၇ မိနစ်(ပယ်နယ်တီ)၊ ၆၄ မိနစ်နှင့် (၉၀+၂) မိနစ်တွင် ရှင်သန့်ဖြူစင်ပြုံးက သုံးဂိုး(ဟက်ထရစ်)၊ ၃၂ မိနစ်တွင် နန်းခိုင်ဇင်မြင့် တစ်ဂိုးနှင့် ၇၂ မိနစ်တွင် ဟာနာကို ဖူဂျီက တစ်ဂိုး အသီးသီး သွင်းယူပေးခဲ့ကြသည်။ အဆိုပါပွဲစဉ်၏ AYA Pay Player of the Match ဆုကို ရှောဝတီယူနိုက်တက် တိုက်စစ်မှူး ဟီနာရီ မီယာမိုတိုက ရရှိခဲ့သည်။

အပတ်စဉ်(၁၁) ဒုတိယနေ့ပွဲစဉ်များကို အောက်တိုဘာ ၂၇ ရက်တွင် ပဒေသာကွင်း၌ ရန်ကုန်စီးတီးနှင့် သစ္စာအားမာန်အသင်း၊ ပဒုမ္မာကွင်း၌ မြဝတီအသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-MWL**

✪ *ကျောဖုံးမှ*

နည်းပါးခဲ့သော်လည်း ဂိုးပေါက်ကန်သွင်းမှု ၁၀ ကြိမ်နှင့်အတူ ပိုမိုထိရောက်သည့် တိုက်စစ်ကို ဖော်ဆောင်ကာ ပြိုင်ပွဲစုံ ငါးပွဲဆက်နိုင်ပွဲရရှိခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းနည်းပြ မော်ရင်ဟိုသည် ဘာစီလိုနာအသင်းကို ခြောက်ပွဲဆက် မရှုံးနိမ့်အောင် ကစားထားနိုင်သည့် တတိယမြောက် ရီးရဲမက်ဒရစ်အသင်း နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ အသင်းအဓိက တိုက်စစ်ကစားသမား အမ်ဘာပေသည် ဘာစီလိုနာအသင်းနှင့်တွေ့ဆုံသည့် ခုနစ်ကြိမ်တွင် သွင်းဂိုး ရှစ်ဂိုးအထိရှိလာပြီဖြစ်သည်။

ထို့အပြင် အသက် ၂၇ နှစ်အရွယ် အမ်ဘာပေသည် ယခုနှစ်ရာသီ လာလီဂါတွင် ၁၀ ပွဲ ကစားပြီး သွင်းဂိုး ၁၁ ဂိုးအထိရှိလာပြီလည်းဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ရမှတ် ၂၄ မှတ်ဖြင့် အဆင့် ၃ တွင် ရပ်တည်နိုင်ခဲ့သည်။

အခြားပွဲစဉ်ရလဒ်တွင် ဆိုစီဒက်က လီဗန်တေးကို နှစ်ဂိုး - တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

**အောင်ဇော်**



ဒလ-တွံတေးကားလမ်းဘေး ညဈေးတန်းတည်ဆောက်မည့်နေရာနှင့် ကမာကဆစ်ဈေး အဆင့်မြှင့်တင်ဆောင်ရွက်မည့် အခြေအနေများကို ကွင်းဆင်းစစ်ဆေးစဉ်။

■ *ကျောဖုံးမှ*

ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ကမာကဆစ်ဈေး အဆင့်မြှင့်တင်ဆောင်ရွက်မည့် အခြေအနေကို စစ်ဆေးပြီး လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားသည်။

အလားတူ အင်းစိန်မြို့နယ် စဉ့်ကူရပ်ကွက် ပိတောက်မြိုင်လမ်းရှိ မြေသားမိုးရေစုကန်ကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **TWA**

▲ *ကျောဖုံးမှ*

ရမှတ်ခွဲယူခဲ့ရသည်။ Royal Dagon အသင်းအတွက် ဂိုးများကို ၁၀ မိနစ်နှင့် ၇၆ မိနစ်တွင် ဖီးလစ် နာနီ အာဟန်ဒါနှင့် ၃၆ မိနစ်တွင် စစ်ပိုင်သွေးတို့က သွင်းယူခဲ့သည်။ မနောအသင်းအတွက် ချေပဂိုးများကို ၁၉ မိနစ်နှင့် ၄၇ မိနစ်တွင် မင်းစိုးသန်းနှင့် ၉၀+၃ မိနစ်တွင် နော်လီဇာတို့က သွင်းယူပေးခဲ့သည်။ AYA Pay အကောင်းဆုံးကစားသမားဆုကို မနောအသင်းကွင်းလယ်လူ မင်းစိုးသန်းက ရခဲ့သည်။

အပတ်စဉ်(၂) ပြိုင်ပွဲများအပြီးတွင် တက္ကသိုလ်အသင်းနှင့် ရခိုင်ယူနိုက်တက်တို့က ၆ မှတ်စီ၊ Royal Dagon၊ ရာမည ယူနိုက်တက်နှင့် VUE နေပြည်တော်အသင်းက လေးမှတ်စီ၊ Junior Lions သုံးမှတ်၊ မနောအသင်း တစ်မှတ်၊ Enjoy Brother အသင်း၊ Asia Lion အသင်းနှင့် Elite Kings အသင်းတို့က ရမှတ် မရရှိသေးပေ။ **နေမျိုး၊ ဓာတ်ပုံ-MLII**

❖ *ကျောဖုံးမှ*

အဆိုပါပွဲစဉ်တွင် မြန်မာ ယူ-၁၅ အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၃၄ မိနစ်၌ ကောင်းသူရက သွင်းယူပေးနိုင်ခဲ့သော်လည်း ကာဇက်စတန်အသင်းမှ ၃၇ မိနစ်တွင် ဇန်ဂီယာ ဆီရစ်က ချေပဂိုးပြန်လည်သွင်းယူခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် တစ်ဂိုးစီဖြင့် သရေကျခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၅ အသင်းသည် အောက်တိုဘာ ၂၅ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် ဘဟားမားစ်အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိထားခဲ့ပြီး လက်ရှိတွင် လေးပွဲကစား၊ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၇ မှတ်ရရှိထားကာ အုပ်စု (W) လက်ကျန်ပွဲစဉ်အဖြစ် ယနေ့ညပိုင်းတွင် ဥဇဘက်ကစ္စတန်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-MFF**

### ရေချွေတာရေး နည်းလမ်းများ

❄ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
❄ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။
ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
❄ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
❄ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
❄ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

### လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှုပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လှုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လွိုင်လင်မြို့၌ သီတင်းကျွတ်လပြည့်ည မီးပဒေသာပူဇော်ပွဲကျင်းပ

လွိုင်လင် အောက်တိုဘာ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၌ သီတင်းကျွတ်လပြည့်ည မီးပဒေသာလှည့်လည်ပူဇော်ပွဲကို ယနေ့ည ၇ နာရီက ပအိုဝ်းတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ မြို့မဈေးကြီးအနောက်ဘက်မှစတင်၍ လှည့်လည်ပူဇော်ခဲ့ကြကြောင်း သိရသည်။ လွိုင်လင်မိုး



## ကျောက်ဆည်မူလတန်းကြိုကျောင်း၌ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ကျောက်ဆည် အောက်တိုဘာ ၂၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ မူလတန်းကြိုကျောင်း၌ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ကကျင်းပရာ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေလင်း တက်ရောက်ပြီး ကဗျာ၊ သီချင်း၊ ပုံပြင်၊ ပန်းချီ၊ အစက်ချ ဉာဏပြိုင်ပွဲများတွင် ထူးချွန်ရင်သွေးငယ်များအား တိုင်းဦးစီးမှူး၊ ကျောက်ဆည်ခရိုင် လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးနှင့် ဆရာ ဆရာမများ၊ မိဘဆရာအသင်းဝင်များက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ သက်မောင်(ကျောက်ဆည်)






### ကန့်ကွက်နိုင်ပါကြောင်း

ဓနုဖြူမြို့နယ်၊ အမှတ်(၉) ရပ်ကွက်၊ အကွက်အမှတ်(၉) အောက်ပိုင်း၊ ဦးပိုင်အမှတ်(၄၈)၊ ဧရိယာ(၀.၀၅၀)ကေရှိ ဘိုးဘပိုင်မြေအား ဦးမြင့်သိန်း ၁၄/ဓနဖ(နိုင်) ၀၈၃၅၀၂၏ အမည်ဖြင့် အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ၂၀၂၆ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက် မတိုင်မီ ကန့်ကွက်နိုင်ပါကြောင်း။

ဦးမြင့်သိန်း
ဖုန်း-၀၉-၇၈၇၇၇၇၅၄၅

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 33W/73090, Honda Deram M/C ယာဉ်လက်ဝယ်ရှိသူ နန်းသီတာဝင်း ၃/ဘအန(နိုင်) ၃၈၁၅၈၅က ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (ဘားအံ)တွင် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ရုံး(ဘားအံ)

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်( ၈/ပဒေသာ)၊ ဦးပိုင်အမှတ်( ၇၁)၊ မြေဧရိယာ(၀.၀၂၈) ကေရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေး ဒေါ်အေးအေးခိုင် မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

### နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးကောင်းမြို့နယ်၊ သိုက်ဝါးကုန်း ကျေးရွာနေ ဦးကျော်မင်း (ဘ) ဦးစောဖေ ၁/မကတ(နိုင်)၀၁၉၄၁၈နှင့် ဒေါ်ခင်မြနွယ် (ဘ) ဦးမြငွေ ၁/မကန(နိုင်)၀၁၉၄၆၀တို့သည် (၂-၁-၂၀၂၄) ရက်တွင် အသိသက်သေများ ရှေ့မှောက်၌ နှစ်ဦးနှစ်ဖက်သဘောတူကွာရှင်းပြတ်စဲခြင်း ကတိစာချုပ် ပြုလုပ်၍ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ ဒေါ်ခင်မြနွယ်နှင့်ပတ်သက်သော ကိစ္စအဝဝ တို့သည် ဦးကျော်မင်းနှင့်တစ်စုံတစ်ရာသက်ဆိုင်ပတ်သက်မှုမရှိတော့ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးကျော်မင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခိုင်နွယ်စိုးသောင်း (LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၃၁/၃၀-၅-၂၀၁၅)
ဖုန်း -၀၉-၄၀၀၀၄၄၀၆၉

### နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်းအများသိစေရန်ကြေညာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ် အေးအေးခိုင် (ဘ) ဦးဌေးဝင်း(၅/မရန(နိုင်)၁၃၅၃၂၇)နှင့် ဦးကိုကိုနိုင် (ဘ)ဦးအုံးကြိုင်(၈/ရစက(နိုင်)၀၀၂၂၅၁)တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း တိုက်ဆိုင်မှု မရှိတော့သဖြင့်(၂၉-၉-၂၀၂၆)ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယား အဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါသည်။ ထိုသို့ ကွာရှင်းပြတ်စဲပြီးသည့် အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦးပတ်သက်ခြင်း၊ တစ်ဦး၏ကိုယ်ရေးကိုယ်တာ ကိစ္စများအပေါ် တစ်ဦးမှဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်း၊ ကိုယ်စိတ်ဂုဏ်သရေအား လွဲမှားအောင် ဆောင်ရွက်ခြင်းတို့ မပြုလုပ်ကြရန်နှင့် ထိုသို့ ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေ၏ ကိုယ်ကျိုးစီးပွားနှင့် ကိုယ်စိတ်ဂုဏ်သရေတို့ညှိုးနွမ်းထိခိုက်မှု ဖြစ်ပေါ်စေခဲ့လျှင် ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဒေါ်အေးအေးခိုင် | ဒေါ်ထက်ထက်ဝင်း(LL.B.Q) |
| (၅/မရန(နိုင်)၁၃၅၃၂၇ | တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၃၃) |
| | ဗိုလ်တေဇလမ်း၊ နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့။ |

### ထီးချိုင့်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ လေလံလျှောက်လွှာခေါ်ယူခြင်း

